# ကြေးမုံ

**The Mirror Daily**

၁၉၅၇ မေ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

၁၃၈၄ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၄ ရက်၊ တနင်္လာနေ့။ Monday, 9 January 2023 ၁၀၉၇၅


**ဆွေမျိုးတို့နှင့် နေရသကဲ့သို့**

သူမိုက်နှင့် ပေါင်းဖော်၍ လှည့်လည်သောသူသည် ကာလရှည်မြင့်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့် အတူနေရခြင်းသည် ရန်သူနှင့် အတူနေရသကဲ့သို့ အခါခပ်သိမ်း ဆင်းရဲရ၏။ ပညာရှိနှင့် အတူတကွ နေရခြင်းသည် ဆွေမျိုးတို့နှင့် အတူတကွ နေထိုင်ရသကဲ့သို့ ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၇)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# (၇၅)နှစ်မြောက် စိန်ရတုကချင်ပြည်နယ်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နန်ပေါင်လေဆိပ်ပန်းဥယျာဉ် ဖွင့်လှစ်






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် Jeng Phang နော်တောင်နှင့် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်တို့ လေဆိပ်ပန်းဥယျာဉ်ဖွင့်ပွဲဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။

**မြစ်ကြီးနား ဇန်နဝါရီ ၈**

၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁၀ ရက်တွင် ကျရောက်မည့် (၇၅)နှစ်မြောက် စိန်ရတုကချင်ပြည်နယ်နေ့ကို ဂုဏ်ပြုသည့်အနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များနှင့် ပြည်ထောင်စုဝန်ကြီးများက ယနေ့နံနက်ပိုင်းတွင် မြစ်ကြီးနားမြို့ နန်ပေါင်လေဆိပ်ပန်းဥယျာဉ်ကို ဖွင့်လှစ်ပေးကြသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် Jeng Phang နော်တောင်၊ ဦးမောင်းဟာ၊ ဦးစိုင်းလုံးဆိုင်၊ ဦးရွှေကြိမ်း၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဦးမောင်မောင်အုန်း၊ ဦးလှမိုး၊ ဦးသောင်းဟန်၊ ဦးအောင်နိုင်ဦး၊ ဒေါက်တာညွန့်ဖေ၊ ဦးမင်းသိန်းဇံ၊ ဦးမျိုးသန့်၊ ဦးစောထွန်းအောင်မြင့်၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့်၊ ဦးဇော်အေးမောင်တို့သည် နံနက် ၁၀ နာရီခွဲတွင် တပ်မတော်လေယာဉ်ဖြင့် မြစ်ကြီးနားမြို့ နန်ပေါင်လေဆိပ်သို့ ရောက်ရှိကြရာ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် ကိုကိုမောင်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ကချင်ပြည်နယ်အတွင်းရှိ ကချင်မျိုးနွယ်စု ခြောက်မျိုး၊ ရှမ်းမျိုးနွယ်စု ငါးမျိုးနှင့် ဗမာတိုင်းရင်းသားရိုးရာယဉ်ကျေးမှု အကအဖွဲ့များက အကအလှများဖြင့် နွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဒုတိယဝန်ကြီးများသည် (၇၅)နှစ်မြောက် စိန်ရတုကချင်ပြည်နယ်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဖွင့်လှစ်မည့် လေဆိပ်ဝင်းအတွင်းရှိ လေဆိပ်ပန်းဥယျာဉ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ကြသည်။ **စာမျက်နှာ ၃ ကော်လံ ၁ သို့** ❋

## ယနေ့ ဖတ်စရာ

**စနစ်ကောင်းတစ်ရပ် ဘယ်လောက်အရေးပါလဲ**

ဆောင်းပါး စာမျက်နှာ » ၆

**ရန်ကုန်-ပုသိမ် အဝေးပြေးလမ်းမကြီး**



ဆောင်းပါး စာမျက်နှာ » ၂၄

**(၇၅)နှစ်မြောက် စိန်ရတု လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပြခန်းများ၊ တိုင်းရင်းသားရိုးရာ အစားအစာပြခန်းများနှင့် ဂုဏ်ပြုယာဉ်များ ခင်းကျင်းပြသထားမှု ပြည်သူများ စိတ်ပါဝင်စားစွာ တစ်ခဲနက် လာရောက်လေ့လာကြည့်ရှု**

စာမျက်နှာ » ၈




**အယ်လ်ဇိုင်းမားရောဂါကုသရန် ဆေးဝါးအသစ်တစ်မျိုးကို အမေရိကန်နိုင်ငံ အတည်ပြု**

စာမျက်နှာ » ၁၃

**ဓာတ်ခွဲနမူနာစုစုပေါင်း ၃၉၇၄ ခု စစ်ဆေးပြီးစီး ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် လေးဦး တွေ့ရှိ**

စာမျက်နှာ » ၂၂

# ကြေးမုံ

## စားနပ်ရိက္ခာလုံခြုံမှုရှိသည့်နိုင်ငံတည်ဆောက်

မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံများအားလုံး၏ လူဦးရေသည် အချိန်နှင့်အမျှ စဉ်ဆက်မပြတ်တိုးတက်နေသည်။ ၂၀၂၂ ခုနှစ်အကုန်တွင် ကမ္ဘာ့လူဦးရေသည် ၈ ဘီလီယံသို့ ရောက်ရှိလာပြီဖြစ်သည်။ လူဦးရေ တိုးတက်လာသည်နှင့်အတူ စားနပ်ရိက္ခာလိုအပ်မှုမှာလည်း လိုက်ပါမြင့်တက်လာမည်ဖြစ်သည်။ လူသားများ နေ့စဉ်မဖြစ်မနေ ဖြေရှင်းနေရသည့် ပြဿနာများတွင် စားနပ်ရိက္ခာသည် အဓိကကျသောအရေးကိစ္စဖြစ်သည်။ ငွေရှိသော်လည်း စားနပ်ရိက္ခာမရှိလျှင် အဆိုပါငွေကြေးသည် မည်သို့မျှ တန်ဖိုးရှိမည်မဟုတ်ပေ။ ထို့ကြောင့် စားနပ်ရိက္ခာသည် ပထမ၊ စားနပ်ရိက္ခာသည် ပဓာနကျသောကိစ္စဖြစ်သည်။

လူသားများ အသက်ရှင်နေထိုင်ရပ်တည်နိုင်ရန်အတွက် စွမ်းအားကို အစားအသောက်အမျိုးမျိုးတို့မှ ရရှိသည်ဖြစ်၍ စားနပ်ရိက္ခာလုံခြုံမှု (Food Security) ရှိရေးသည် လူသားအားလုံးအတွက် ဦးစားပေးဆောင်ရွက်ပေးရမည်ဖြစ်သည်။ နိုင်ငံတစ်နိုင်ငံတွင် ကျန်းမာရေးနှင့်ညီညွတ်သော အစားအသောက်များကို သင့်တင့်သောဈေးနှုန်းဖြင့် အလွယ်တကူ ဝယ်ယူသုံးစွဲနိုင်လျှင် အဆိုပါနိုင်ငံကို စားနပ်ရိက္ခာ ပြည့်စုံကုံလုံသောနိုင်ငံဟု မှတ်ယူရမည်ဖြစ်သည်။ မြန်မာနိုင်ငံသည် ရှေးအစဉ်အဆက် စားနပ်ရိက္ခာဖူလုံသည့်နိုင်ငံဖြစ်သည်။ နိုင်ငံရှိ လူဦးရေပမာဏနှင့် စားနပ်ရိက္ခာထုတ်လုပ်မှုမှာ လိုအပ်သည်ထက်ပိုမိုသည်။ အပိုအလျှံကို အိမ်နီးချင်းနိုင်ငံများနှင့် အခြားနိုင်ငံများသို့ ရောင်းချနိုင်သည်။ ထို့ကြောင့် ကမ္ဘာ့နိုင်ငံများသို့ စားနပ်ရိက္ခာလုံခြုံမှု (Food Security) ပေးနိုင်သည့် နိုင်ငံဖြစ်အောင် ဆက်လက်ကြိုးပမ်းရမည်ဖြစ်သည်။

ကမ္ဘာပေါ်ရှိရုရှားနှင့် ယူကရိန်းသည် စားနပ်ရိက္ခာ အများဆုံးထုတ်လုပ်နိုင်သည့်နိုင်ငံများဖြစ်သည်။ မျက်မှောက်ကာလတွင် ရုရှားနှင့်ယူကရိန်း ပဋိပက္ခဖြစ်ပွားမှုကြောင့် စွမ်းအင်နှင့် ဓာတ်မြေဩဇာဈေးနှုန်းများမြင့်တက်လာပြီး စားနပ်ရိက္ခာ ထုတ်လုပ်တင်ပို့နိုင်မှုတွင်လည်း ထိခိုက်မှုများရှိလာသည်။ ကမ္ဘာလုံးဆိုင်ရာ စားနပ်ရိက္ခာဈေးနှုန်းသည် ၂၀၂၂ ခုနှစ်အတွင်း ၁၄ ဒသမ ၃ ရာခိုင်နှုန်း မြင့်တက်လာကြောင်း ကမ္ဘာ့စားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့က အသိပေးထုတ်ပြန်ထားသည်။ အထူးသဖြင့် ၂၀၂၂ ခုနှစ်အတွင်း ဟင်းသီးဟင်းရွက်ဆီ၊ နို့နှင့် နို့ထွက်ပစ္စည်းနှင့် သကြားဈေးနှုန်းများ အဆမတန်မြင့်တက်လာကြောင်း သိရသည်။ ထို့ကြောင့် စားနပ်ရိက္ခာဈေးနှုန်းများ မြင့်တက်လာမှုသည် ကမ္ဘာလုံးဆိုင်ရာ စားနပ်ရိက္ခာဖူလုံမှုကို ခြိမ်းခြောက်နေပြီး မဖွံ့ဖြိုးသည့်နိုင်ငံများကို အဓိကခြိမ်းခြောက်နေကြောင်း သတိပေးထားသည်။

ထိုသို့ ကမ္ဘာ့စားနပ်ရိက္ခာ ရှားပါးမှုနှင့် ဈေးနှုန်းမြင့်တက်လာသည့် စိန်ခေါ်မှုများကို ကျော်လွှားနိုင်ရန်အတွက် စားနပ်ရိက္ခာ အစဉ်အဆက်ဖူလုံနေသော မြန်မာနိုင်ငံအနေဖြင့် ဖြည့်ဆည်းပေးနိုင်ရန် ကြိုးပမ်းဆောင်ရွက်နိုင်ရေးကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က တိုက်တွန်းထားသည်။ မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသည့်နိုင်ငံဖြစ်သည်။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ကုန်ထုတ်လုပ်ငန်းများကို ဒေသတစ်ခု ထုတ်ကုန်တစ်မျိုးဖြစ်အောင် အားပေးမြှင့်တင်ပြီး ပြည်တွင်းလိုအပ်ချက်ဖြစ်သည့် အခြေခံလူသုံးကုန်ပစ္စည်းများကို ပြည်ပမှတင်သွင်းနေရသူ Importer အဖြစ်မှ ပြည်တွင်းလိုအပ်ချက်ပြည့်မီအောင် ထုတ်လုပ်လျက် ပြည်ပသို့ ပြန်လည်တင်ပို့နိုင်သူ Exporter အဖြစ်သို့ ရောက်ရှိသည်အထိ ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း အသိပေးထားသည်။

ကမ္ဘာပေါ်တွင် လူသားများအတွက် အဓိကအကျဆုံး လိုအပ်ချက်သည် စား၊ ဝတ်၊ နေရေးဖြစ်သည်။ ကမ္ဘာ့လူဦးရေသည် ၂၀၀၀ ပြည့်နှစ်တွင် ၆ ဘီလီယံကျော်၊ ၂၀၂၀ ပြည့်နှစ်တွင် ၇ ဘီလီယံကျော်၊ ၂၀၂၂ ခုနှစ်အကုန်တွင် ၈ ဘီလီယံအထိ ရှိလာပြီး ၂၀၃၀ ပြည့်နှစ်တွင် ၉ ဘီလီယံကျော် ဖြစ်လာတော့မည်ဖြစ်ရာ စားနပ်ရိက္ခာလိုအပ်ချက်များ ပိုမိုမြင့်တက်လာမည်ဖြစ်သည်။ လူသားတို့၏ စားရေးနှင့် ဝတ်ရေးကို စိုက်ပျိုးမွေးမြူရေးကဏ္ဍမှ အများဆုံးထောက်ပံ့ပေးလျက်ရှိသည်။ မြန်မာနိုင်ငံ၏ ရာသီဥတုနှင့် ပထဝီအနေအထားအရ ကောက်ပဲသီးနှံမျိုးစုံ၊ သစ်သီးဝလံမျိုးစုံနှင့် မွေးမြူရေးလုပ်ငန်းများ ကောင်းစွာဖြစ်ထွန်းသည့်နိုင်ငံဖြစ်သည်။ ထိုအခြေခံကောင်းများဖြင့် ထိရောက်စွာအသုံးချဖို့ လိုအပ်သည်။ ကမ္ဘာ့လူသားများ၏ လိုအပ်ချက်များ ဆက်လက်မြင့်တက်နေမည်ဖြစ်၍ စားနပ်ရိက္ခာလုံခြုံမှု (Food Security) ပေးနိုင်သည့် နိုင်ငံဖြစ်အောင် ကြိုးပမ်းရမည်ဖြစ်သည်။

သို့ဖြစ်ရာ ကမ္ဘာ့စားနပ်ရိက္ခာလုံခြုံမှု (Food Security) ပေးနိုင်သည့် နိုင်ငံဖြစ်လာအောင် နိုင်ငံအတွင်း ဖြစ်ထွန်းနေသော အခြေခံကောင်းများကို ထိရောက်စွာအသုံးချ၍ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများ မြင့်မားတိုးတက်လာအောင် ဝိုင်းဝန်းကြိုးပမ်းကြရမည်ဖြစ်ပါကြောင်း။ ။

## ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း




**နေပြည်တော် ဇန်နဝါရီ ၈**

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းခြင်းကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ်ရှိ နန္ဒဝန်ကျောင်းတိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ ဝါးခယ်မကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိအောင်ဓမ္မရိပ်သာကျောင်းတိုက်၊ မင်္ဂလာဒုံမြို့နယ်ရှိ သဲအင်းဂူ ဝိပဿနာဓမ္မရိပ်သာကျောင်းတိုက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ ရေတွင်းကုန်းကျောင်းတိုက်နှင့် မြောက်ဥက္ကလာပမြို့နယ်ရှိ ပညာလင်္ကာရမဏ္ဍိုင်ကျောင်းတိုက်၊ ရှမ်းပြည်နယ် ကျိုင်းတုံမြို့နယ်ရှိ သာသနာ့ဝေပုလ္လပရိယတ္တိ စာသင်တိုက်များသို့ ဆွမ်းဆန်တော်များကိုလည်းကောင်း၊ ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်ရှိ သာသနာ့ဝန်ဆောင် မြို့ဦးကျောင်းတိုက်၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်ရှိ သာသနာ့မဏ္ဍိုင်ကျောင်းတိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ မြစေတီစာသင်တိုက်၊ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်ရှိ အရှေ့ခင်မကန်ကျောင်းတိုက်နှင့် အမရပူရမြို့နယ်ရှိ ဆင်ဖြူမယ်ကျောင်းတိုက်၊ ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်ရှိ ဝေဠုဝန်ကျောင်းတိုက်များသို့ ဆန်ကြာဆံများကိုလည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

## မိုင်းယောင်းမြို့နယ်ရှိ ဝမ်ကောင်း-ထန်ကြန့်ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်နေမှုစစ်ဆေး



**မိုင်းယောင်း ဇန်နဝါရီ ၈**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဝမ်ကောင်းကျေးရွာအုပ်စု ဝမ်ကောင်း-ထန်ကြန့် ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်နေမှု အခြေအနေများကို ယမန်နေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း)ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးတင့်ဝေ၊ ဒုတိယညွှန်ကြားရေးမှူး (နည်းပညာ) ဦးကျော်သန့်ဇင်၊ မိုင်းယောင်းခရိုင်ဦးစီးမှူး ဦးစိုင်းစိုးဌေးနှင့် တာဝန်ရှိသူများသည် ဝမ်ကောင်းကျေးရွာတွင် ဝမ်ကောင်း-ထန်ကြန့်ကျေးလက်ကုန်ထုတ်လမ်းအရှည် တစ်မိုင်၊ အကျယ် ၁၂ပေ၊ ဒု ကိုးလက်မရှိ ကုန်ထုတ်လမ်းဖောက်လုပ်နေမှု အခြေအနေများနှင့် အလျား ၂၂ ပေ၊ အနံ ငါးပေ၊ အမြင့် ငါးပေရှိ Box Culvert တံတား နှစ်စင်း တည်ဆောက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ဆက်လက်၍ ပြည်နယ်ဦးစီးမှူး၊ ဒုတိယညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများသည် မိုင်းယောင်းခရိုင်၊ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် တတိယသုံးလပတ် ဌာနတွင်းလုပ်ငန်းနှင့် စာရင်းဇယားများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

၂၂



နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၁၅၄ ဒသမ ၄၀၀ သန်းဖြင့် မွန်ပြည်နယ် ကျိုက်မရောမြို့နယ် ကြီးအုပ်-ညောင်ကုန်း ကျေးရွာချင်းဆက်လမ်း ၇ မိုင် ၄ ဖာလုံအနက် ၁ မိုင် ၄ ဖာလုံ ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိရာ ယခုအခါလုပ်ငန်းများ ၇၅ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ပြီး သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး ယနေ့နံနက်ပိုင်းတွင် ကျိုက်မရောမြို့နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်မေစီနှင့်အဖွဲ့က ကြီးကြပ်ဆောင်ရွက်ခဲ့ကြစဉ်။

ကြေးမုံ

ကြေးမုံ

| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် | - ဦးစိုးစိုးနိုင် | အကြီးတန်း | - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ |
| စာတည်းမှူး | - ဦးဝင်းနိုင် | သတင်းထောက်များ | ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ |
| | | | ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| စာတည်းများ | - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ | အငယ်တန်း | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ |
| | ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ | သတင်းထောက်များ | ဦးသန်းတင်အောင် |
| | ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | သုတေသန | - ဒေါ်ဇင်မာဝင့် |
| ဘာသာပြန် | - ဦးနိုင်လင်းကြည်၊ | စာပြင် | - ဒေါ်ခင်ယုဆွေနှင့်အဖွဲ့ |
| စာတည်းများ | ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဦးကျော်သူရနှင့်အဖွဲ့ |
| | | အီးမေးလ်နှင့် အွန်လိုင်း | - ဦးစည်သူလွင်နှင့်အဖွဲ့ |


ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန္တလေး - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချီရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

✻ ရှေ့ဖုံးမှ

ရှေးဦးစွာ လေဆိပ်ပန်းဥယျာဉ်ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးမောင်းဟာ၊ ဦးစိုင်းလုံးဆိုင်၊ ဦးရွှေကြိမ်း၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဦးလှမိုးနှင့် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုမောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် Jeng Phang နော်တောင်နှင့် ပြည်နယ် ဝန်ကြီးချုပ် ဦးခက်ထိန်နန်တို့က လေဆိပ်ပန်းဥယျာဉ်ဖွင့်ပွဲဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးများ၊ တိုင်းမှူး၊ တပ်မတော်အရာရှိကြီးများ၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများက အခမ်းအနားသို့တက်ရောက်လာကြသည့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များနှင့် အတူ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြပြီး လေဆိပ်ပန်းဥယျာဉ်ကို လှည့်လည်ကြည့်ရှုကြသည်။

(၇၅)နှစ်မြောက် စိန်ရတုကချင်ပြည်နယ်နေ့ အခမ်းအနားကို ကချင်ပြည်နယ် အစိုးရအဖွဲ့အနေဖြင့် ဇန်နဝါရီ ၉ ရက်တွင် မြစ်ကြီးနားမြို့၌ ရိုးရာမနောအကဖြင့် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်းနှင့် ပြည်နယ်နေ့အထိမ်းအမှတ် မြန်မာ့ရိုးရာ လက်ဝှေ့စိန်ခေါ်ပွဲဖွင့်ပွဲကို ကျင်းပသွားမည်ဖြစ်ပြီး ဇန်နဝါရီ ၁၀ ရက် စိန်ရတုကချင်ပြည်နယ်နေ့တွင် သဝဏ်လွှာဖတ်ပွဲ အခမ်းအနား၊ ရိုးရာမနောအကနှင့်အတူ ဌာနဆိုင်ရာပြခန်းများ၊ ဒေသထွက်ကုန်ပစ္စည်းပြခန်းများ၊ အားကစားပြိုင်ပွဲများ၊ ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် စွမ်းစွမ်းတမံဆောင်ရွက်ခဲ့ကြသူများအား ဂုဏ်ထူးဆောင်ဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းများ ချီးမြှင့်အပ်နှင်းပွဲ၊ ရေကူးပြေးလမ်း ၁၀ လမ်းပါ ရေကူးကန်ဖွင့်ပွဲတို့ဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များဖြစ်ကြသည့် ဦးမောင်းဟာ၊ ဦးစိုင်းလုံးဆိုင်၊ ဦးရွှေကြိမ်း၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဦးလှမိုးနှင့် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုမောင်တို့ နန်ပေါင်လေဆိပ်ပန်းဥယျာဉ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။



မြစ်ကြီးနားမြို့ နန်ပေါင်လေဆိပ်၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့်အဖွဲ့ကို တာဝန်ရှိသူများနှင့် ရိုးရာယဉ်ကျေးမှုအကအဖွဲ့များက အကအလှများဖြင့် ကြိုဆိုနှုတ်ဆက်ကြစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် အဖွဲ့များက တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် Jeng Phang နော်တောင် မြစ်ကြီးနားမြို့၌ အသစ်တည်ဆောက်ဖွင့်လှစ်ပေးသွားမည့် အားကစားနှင့် ကာယပညာသိပ္ပံကျောင်း မြေနေရာနှင့် ကွန်ပျူတာတက္ကသိုလ် မြေနေရာလျာထားမှု ကြည့်ရှုစစ်ဆေး



**မြစ်ကြီးနား ဇန်နဝါရီ ၈**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် Jeng Phang နော်တောင်၊ ပြည်ထောင်စုဝန်ကြီးများနှင့် ကချင်ပြည်နယ်ဝန်ကြီးချုပ်တို့သည် ယနေ့မွန်းလွဲပိုင်းတွင် မြစ်ကြီးနားမြို့၌ အသစ်တည်ဆောက်ဖွင့်လှစ်ပေးသွားမည့် အားကစားနှင့် ကာယပညာသိပ္ပံကျောင်း မြေနေရာနှင့် ကွန်ပျူတာတက္ကသိုလ် မြေနေရာလျာထားမှုကို သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်သည် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်၊ ဦးမင်းသိန်းဇံ၊ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်တို့နှင့်အတူ မော်ဖောင်းကျေးရွာအုပ်စု ပိတောင်ကွင်းသို့ ရောက်ရှိပြီး မြစ်ကြီးနားမြို့တွင် အသစ်တည်ဆောက်ဖွင့်လှစ်ပေးသွားမည့် အားကစားနှင့် ကာယပညာသိပ္ပံကျောင်းမြေနေရာ၊ ကွန်ပျူတာတက္ကသိုလ် မြေနေရာနှင့် ဌာနဆိုင်ရာ လျာထားမြေနေရာများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။ **(ယာပုံ)**

ထို့ပြင် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံနှင့် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်တို့သည် မြစ်ကြီးနားမြို့ သီတာရပ်ကွက်ရှိ ရေကူးပြေးလမ်း (၁၀)လမ်းပါ ရေကူးကန် တည်ဆောက်ပြင်ဆင်ပြီးစီးမှု၊ ရေကူးကန်အနီး မြေကွက်လပ်တွင် ဖူဆယ်အားကစားရုံတည်ဆောက်နေမှုနှင့် ငြိမ်းချမ်းသာယာဘောလုံးကွင်း အဆင့်မြှင့်တင်ဆောင်ရွက်နိုင်ရေး အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

**သတင်းစဉ်**

# (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားတွင် ဝန်ကြီးဌာနကိုယ်စားပြုပါဝင်သည့် ဝန်ထမ်းများအတွက် ဂုဏ်ပြုညစာစားပွဲနှင့် ဂုဏ်ပြုမှတ်တမ်းတင်လွှာ ပေးအပ်ခြင်းအခမ်းအနား ကျင်းပ




**နေပြည်တော် ဇန်နဝါရီ ၈**

၂၀၂၃ ခုနှစ် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် အခမ်းအနားတွင် ဝန်ကြီးဌာနကိုယ်စားပြုပါဝင်သည့် ဝန်ထမ်းများအတွက် ဂုဏ်ပြုညစာစားပွဲနှင့် ဂုဏ်ပြုမှတ်တမ်းတင်လွှာ ပေးအပ်ခြင်း အခမ်းအနားကို ယနေ့ညနေပိုင်းတွင် နေပြည်တော် မဏိရတနာ ကျောက်စိမ်းခန်းမ၌ ကျင်းပရာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ပါမောက္ခချုပ်နှင့် ကဏ္ဍအသီးသီးမှ ပါဝင်ဆောင်ရွက်ခဲ့ကြသူများ စုစုပေါင်းအင်အား ၈၈၅ ဦး တက်ရောက်ကြသည်။

**ဝန်ထမ်းများ၏ကြိုးစားမှု မှတ်တမ်းတင်ဂုဏ်ပြု**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အခမ်းအနားတွင် ဝန်ကြီးဌာနကိုယ်စားပြု တက်ကြွစွာပါဝင်ဆောင်ရွက်ခဲ့ကြသည့် ဝန်ထမ်းများ၏ကြိုးစားမှုကို မှတ်တမ်းတင်ဂုဏ်ပြုသည့် ရည်ရွယ်ချက်ဖြင့် ကျင်းပခြင်းဖြစ်ကြောင်း၊ တာဝန်ရှိသူ အဆင့်ဆင့်နှင့် ပါဝင်သူအားလုံး၏ ကြိုးစားအားထုတ်ဆောင်ရွက်မှု၊ ကော်မတီများ၏ ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်မှု၊ ကျန်းမာရေးကိစ္စများနှင့် အခြားလိုအပ်သည်များကို အချိန်နှင့်တစ်ပြေးညီ ပေါင်းစပ်ဆောင်ရွက်ခဲ့မှုများကြောင့် ယခုကဲ့သို့ အောင်မြင်မှုရရှိခဲ့ခြင်းအတွက် ကျေးဇူးတင်ရှိပါကြောင်းနှင့် မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါကြောင်း ပြောကြားသည်။

**ပေးအပ်ချီးမြှင့်**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားတွင် အလံကိုင်အဖွဲ့၊ စစ်ရေးပြအဖွဲ့၊ ရာဇဝင်အဖွဲ့၊ ပြခန်းအဖွဲ့နှင့် ဂုဏ်ပြုယာဉ်အဖွဲ့တို့မှ ပါဝင်ဆောင်ရွက်ခဲ့ကြသူများကို ဂုဏ်ပြုမှတ်တမ်းတင်လွှာများ ပေးအပ်ချီးမြှင့်ပြီး ဝန်ထမ်းများကိုယ်စား တာဝန်ရှိသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူများကို ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံခဲ့ပြီး ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ဝန်ထမ်းများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပခုက္ကူတက္ကသိုလ်၌ (၁၈)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနား ကျင်းပ



**ပခုက္ကူ ဇန်နဝါရီ ၈**

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန ပခုက္ကူတက္ကသိုလ်၌ ပညာသင်နှစ်အလိုက် ဝိဇ္ဇာ/သိပ္ပံဘွဲ့ရလူငယ်မောင်မယ်များ နေ့သင်တန်း (၁၈)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို ဇန်နဝါရီ ၇ ရက် နံနက် ၉ နာရီတွင် ကျင်းပသည်။

အဆိုပါ ဘွဲ့နှင်းသဘင်အခမ်းအနားသို့ ပခုက္ကူတက္ကသိုလ် ခေတ္တပါမောက္ခချုပ် ဒေါက်တာတင်ထွန်းအောင်၊ စီမံခန့်ခွဲရေးနှင့် အဖွဲ့ဝင်များ၊ ပညာရေးအဖွဲ့ဝင်များ၊ ပါမောက္ခများနှင့် ဘွဲ့ရမောင်မယ်များ တက်ရောက်ကြသည်။

ယင်းနောက် အခမ်းအနားကို ကျင်းပခဲ့ရာ ၂၀၁၉-၂၀၂၀ ပညာသင်နှစ်မှ ၂၀၂၁-၂၀၂၂ ပညာသင်နှစ်အထိ ကျင်းပခဲ့သော နေ့သင်တန်းစာမေးပွဲများတွင် ဖြေဆိုအောင်မြင်ခဲ့ကြသည့် မဟာဝိဇ္ဇာဘွဲ့ ၁၉ ဦး၊ မဟာသိပ္ပံဘွဲ့ ၄၅ ဦး၊ ဝိဇ္ဇာဂုဏ်ထူးဘွဲ့ ၁၀ ဦး၊ သိပ္ပံဂုဏ်ထူးဘွဲ့ ၂၈ ဦး၊ ဝိဇ္ဇာဘွဲ့ ၂၂ ဦး၊ သိပ္ပံဘွဲ့ ၄၀ စုစုပေါင်း ဘွဲ့ရမောင်မယ် ၁၆၄ ဦးနှင့် အဝေးရောက်ဘွဲ့ရမောင်မယ် ၁၆၇ ဦးတို့အား ခေတ္တပါမောက္ခချုပ် ဒေါက်တာတင်ထွန်းအောင်က ဘွဲ့များအပ်နှင်းချီးမြှင့်သည်။

ထို့အပြင် အဝေးသင်သင်တန်း(ပထမအကြိမ်) ဘွဲ့နှင်းသဘင်အခမ်းအနားကို ဇန်နဝါရီ ၈ ရက်တွင် ဆက်လက်ကျင်းပသည်။ ၂၀၁၉-၂၀၂၀ ပညာသင်နှစ်မှ ၂၀၂၁-၂၀၂၂ ပညာသင်နှစ်အထိ ကျင်းပခဲ့သော အဝေးသင် သင်တန်းစာမေးပွဲများတွင် ဖြေဆိုအောင်မြင်ခဲ့ကြသည့် ဝိဇ္ဇာဘွဲ့ ၂၁၃ ဦး၊ ဥပဒေပညာဘွဲ့ ၁၁ ဦး၊ စီးပွားရေးပညာဘွဲ့ ငါးဦး၊ စီးပွားစီမံဘွဲ့ နှစ်ဦး၊ သိပ္ပံဘွဲ့ ၁၄၆ ဦး စုစုပေါင်း တက်ရောက်ဘွဲ့ရမောင်မယ် ၃၇၇ ဦးနှင့် အဝေးရောက်ဘွဲ့ရမောင်မယ် ၃၆၇ ဦးရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# (၁၀၄)ကြိမ်မြောက် စေတိယင်္ဂဏပရိယတ္တိဓမ္မာနုဂ္ဂဟ စာအောင်ဆုနှင်းသဘင် အခမ်းအနားကျင်းပ

ရန်ကုန် ဇန်နဝါရီ ၈

၂၀၂၂ ခုနှစ် နိုဝင်ဘာလအတွင်း ကျင်းပပြီးစီးခဲ့သော (၁၀၄)ကြိမ်မြောက် စေတိယင်္ဂဏစာလျှောက်မေးပွဲ၌ အောင်မြင်တော်မူကြသည့် သာသနဓဇအာဇာနည် သံဃာတော် ၁၅ ပါးတို့အား ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ် ဆက်ကပ်လှူဒါန်းပူဇော်သည့် စာအောင်ဆုနှင်းသဘင် မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရွှေတိဂုံစေတီတော်ရင်ပြင် မြောက်ဘက် ချမ်းသာကြီးတန်ဆောင်း၌ ကျင်းပသည်။

အခမ်းအနားသို့ ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ ဩဝါဒါစရိယဆရာတော်ကြီးများ၊ စေတိယင်္ဂဏနာယက ဆရာတော်များ၊ ပင့်သံဃာတော်များ၊ စာအောင်သံဃာတော်များ ကြွရောက်တော်မူကြပြီး သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများနှင့် ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဝင်များ တက်ရောက်ကြည်ညိုပူဇော်ကြသည်။

ဦးစွာ စာအောင်သံဃာတော်များ၊ ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဝင်များ၊ ဗုဒ္ဓဝေယျာဝစ္စအသင်းအဖွဲ့များနှင့် ဝန်ထမ်းများက စေတီတော်မြတ်ကြီးအား ရင်ပြင်တော်တစ်ပတ်လှည့်လည်ပူဇော်ကြသည်။

ထို့နောက် အခမ်းအနားကို "နမောတဿ" သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး နိုင်ငံတော်ဩဝါဒါစရိယ ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၏ ဩဝါဒါစရိယ ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် ရွာမပရိယတ္တိစာသင်တိုက်ပဓာနနာယကဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တတိလောကာ ဘိဝံသထံမှ ဥပုသ်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြသည်။

ယင်းနောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်းက စာအောင်ဆုနှင်းသဘင် အခမ်းအနားကျင်းပခြင်းနှင့် သာသနာရေးဆိုင်ရာများကို တင်ပြလျှောက်ထားသည်။

ထို့နောက် ဒုတိယဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဝင်များက (၁၀၄)ကြိမ်မြောက် စေတိယင်္ဂဏပရိယတ္တိ ဓမ္မာနုဂ္ဂဟ စာလျှောက်မေးပွဲကြီးတွင် အောင်မြင်တော်မူခဲ့သည့် သီးခြားစာချတန်းအောင် သံဃာတော်လေးပါးနှင့် သီးခြားစာသင်တန်းအောင် သံဃာတော် ၁၁ ပါးတို့အား ဘွဲ့တံဆိပ်၊ အောင်လက်မှတ်နှင့် လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကြပြီး ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ စေတိယင်္ဂဏ နာယကဆရာတော်များ၊ ပင့်သံဃာတော်များနှင့် စာအောင်သံဃာတော်များအား နဝကမ္မဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် တိပိဋကဩဝါဒါစရိယ နိုင်ငံတော်ဗဟိုသံဃဝန်ဆောင် စေတိယင်္ဂဏနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ စေတိယင်္ဂဏ ပဝရသိရီ မဟာဓမ္မဂုရု သ.စ.အ ဓမ္မာစရိယ ဝင်္ခသကာ ပါဠိပါရဂူ ဘဒ္ဒန္တနာရဒါဘိဝံသ (လှရတနာဆရာတော်)ထံမှ လှူဒါန်းမှုအစုစုတို့အတွက် အနုမောဒနာတရားနာကြား၍ ရေစက်သွန်းလောင်း အမျှပေးဝေကြပြီး အခမ်းအနားကို "ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု" သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။



သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်း (၁၀၄)ကြိမ်မြောက် စေတိယင်္ဂဏ ပရိယတ္တိ ဓမ္မာနုဂ္ဂဟ စာလျှောက်မေးပွဲကြီးတွင် အောင်မြင်တော်မူခဲ့သည့် သီးခြားစာချတန်းအောင် သံဃာတော်တစ်ပါးအား ဘွဲ့တံဆိပ်အောင်လက်မှတ် ဆက်ကပ်လှူဒါန်းစဉ်။

အခမ်းအနားအပြီးတွင် ဩဝါဒါစရိယဆရာတော်ကြီးများ၊ စေတိယင်္ဂဏနာယက ဆရာတော်များ၊ ပင့်သံဃာတော်များနှင့် စာအောင်သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်းနှင့် ဗုဒ္ဓမြတ်စွာသာသနာတော်၏ အရင်းမူလရေသောက်မြစ်ဖြစ်သော ပရိယတ္တိသာသနာတော် စည်ပင်ပြန့်ပွားထွန်းကား၍ ပရိယတ္တိအကျော် သံဃာတော်များ စဉ်ဆက်မပြတ်ပေါ်ပေါက်စေရန် စေတိယင်္ဂဏ ပရိယတ္တိဓမ္မာနုဂ္ဂဟ စာလျှောက်မေးပွဲ ကျင်းပခြင်းနှင့် စာအောင်ဆုနှင်းသဘင် ကျင်းပပူဇော်ခြင်း အခမ်းအနားကို ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့က ကြီးမှူး၍ နှစ်စဉ်ကျင်းပလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



# ရွေးဟောင်းသမိုင်းဝင် ကျိုက်ထီးဆောင်းဆံတော်ရှင် သုဝဏ္ဏဘူမိ ဂဝံယဉ်ကျေးမှုပြတိုက်ဖွင့်ပွဲ ကျင်းပ

ဘီးလင်း ဇန်နဝါရီ ၈

မွန်ပြည်နယ် ဘီးလင်းမြို့နယ် ဇုတ်သုတ်စံပြကျေးရွာရှိ ကျိုက်ထီးဆောင်းဆံတော်ရှင် ဂဝံယဉ်ကျေးမှုပြတိုက်ဖွင့်ပွဲ မင်္ဂလာအခမ်းအနားကို ယနေ့ နံနက် ၉ နာရီက အဆိုပါပြတိုက်ရှေ့၌ ကျင်းပသည်။

ရှေးဦးစွာ ဆရာတော်၊ သံဃာတော်များနှင့် ဥပုသ်ပရိသတ်များက နမောတဿ သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကိုဖွင့်လှစ်သည်။ ထို့နောက် နိုင်ငံတော်သံဃမဟာနာယက မရမ်းချိုဆရာတော်ထံမှ ကိုးပါးသီလခံယူကြပြီး နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် ပါမောက္ခချုပ်ဆရာတော် ဘဒ္ဒန္တကုမာရ အရှင်သူမြတ်က သုဝဏ္ဏဘူမိသမိုင်းကြောင်း အကျဉ်းချုပ်အား မိန့်ကြားတော်မူသည်။

ယင်းနောက် ကျိုက်ထီးဆောင်းဒုတိယဒီပဆရာတော် အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ကမ္ဘာ့ငြိမ်းချမ်းရေးဂုဏ်ထူးဆောင်ပါရဂူ ဒေါက်တာဘဒ္ဒန္တ နာဂဒီပ အရှင်သူမြတ်က ကျိုက်ထီးဆောင်း ဆံတော်ရှင် သုဝဏ္ဏဘူမိ ဂဝံယဉ်ကျေးမှုပြတိုက် တည်ဆောက်ရခြင်း အကြောင်းရင်းနှင့်စပ်လျဉ်း၍ မိန့်ကြားတော်မူပြီး နိုင်ငံတော်သံဃမဟာနာယက လှည်းကူးဆရာတော် အရှင်သူမြတ်က သုဝဏ္ဏဘူမိ ဂဝံယဉ်ကျေးမှုပြတိုက် တည်ဆောက်ဖွင့်လှစ်ခြင်း၏ အကျိုးကျေးဇူးများကို မိန့်ကြားတော်မူသည်။

ဆက်လက်၍ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဆရာတော်အရှင်သူမြတ်က ကျိုက်ထီးဆောင်းဆံတော်ရှင် ဂဝံယဉ်ကျေးမှုပြတိုက် ဖွင့်လှစ်နိုင်ခြင်းအပေါ် ပီတိဝမ်းမြောက်ကြောင်း မိန့်ကြားတော်မူသည်။

ယင်းနောက် ဂဝံယဉ်ကျေးမှုပြတိုက်ဖွင့်ပွဲ အခမ်းအနားကို ကျင်းပရာ ဆရာတော်အရှင်သူမြတ်များက ပြတိုက်မုခ်ဦးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ကာ အမွှေးနံ့သာရည်များ ပက်ဖျန်းပေးခဲ့သည်။ ထို့နောက်ပြတိုက်အတွင်း သီတင်းသုံးလျက်ရှိသော ဗုဒ္ဓရုပ်ပွားတော်မြတ်များအား ဗုဒ္ဓါဘိသေကအနေကဇာတင် မင်္ဂလာအခမ်းအနားပြုလုပ်ပြီး အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ ပိတ်သိမ်းခဲ့ကြောင်း သိရသည်။

**ထူးနောင်(ပြန်/ဆက်)**

# ရမည်းသင်းမြို့နယ် ရွှေဒါးမဟာဗောဓိစေတီတော်တွင် သံဃာ့ဒါနဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပ

ရမည်းသင်း ဇန်နဝါရီ ၈

မန္တလေး တိုင်းဒေသကြီး ရမည်းသင်းမြို့နယ် ရွှေဒါးတိုက်နယ်အတွင်းရှိ မဟာဗောဓိစေတီတော်ကြီး၏ (၂၁) ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော် သံဃာ့ဒါန ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ယနေ့ မွန်းလွဲ ၃ နာရီက အဆိုပါ စေတီတော်ကြီး ပရိဝုဏ်အတွင်း၌ စည်ကားသိုက်မြိုက်စွာ လှူဒါန်းကျင်းပသည်။

မဟာဗောဓိ စေတီတော်တွင် သံဃာ့ဒါနဆွမ်းဆန်စိမ်းလောင်းလှူပွဲသို့ ကျောင်းပေါင်း ၁၀၄ ကျောင်းမှ ပင့်သံဃာအပါး ၂၅၀ ကြွရောက်ကြရာ ရွှေဒါးတိုက်နယ်အတွင်းရှိ ကျေးရွာများ၊ ပတ်ဝန်းကျင်ကျေးရွာများ၊ ရမည်းသင်းမြို့နှင့် ပျော်ဘွယ်မြို့အစရှိသည်တို့မှ လာရောက်ကြသော အလှူရှင်တို့က သံဃာတော်များအား ဆွမ်းဆန်တော်၊ နဝကမ္မဝတ္ထုငွေနှင့် လှူဒါန်းဖွယ်အစုစုတို့ကို သဒ္ဓါတရား ထက်သန်စွာ လှူဒါန်းလောင်းလှူကြသည်။

မဟာဗောဓိစေတီတော်ကြီး၏ ဗုဒ္ဓပူဇနီယပွဲတော်ရက်မှာ ငါးရက်ဖြစ်ပြီး ကြွရောက်ကြသော သံဃာတော်များအား ဆွမ်း၊ ဘောဇဉ် ဆက်ကပ်လှူဒါန်းပြီး ဥပုသ်ပရိသတ်များအား သက်သတ်လွတ် အာဟာရဒါန ကျွေးမွေးဧည့်ခံခြင်းတို့ကို ရွှေဒါးတိုက်နယ် မဟာဗောဓိရွှေကျောင်းဆရာတော်ဦးကဝိန္ဒ ဦးဆောင်မှုဖြင့် စေတီတော်ကြီးအကျိုးဆောင်အဖွဲ့၊ အလှူရှင်တို့က စီစဉ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**လှိုင်သန်းတင့်**
**(ရမည်းသင်း)**



## ဘင်္ဂလားပင်လယ်အော် အခြေအနေ

နေပြည်တော် ဇန်နဝါရီ ၈

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ် အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။

**မိုး/ဇလ**

## မနက်ဖြန်မွန်းတည့်ချိန်အထိခန့်မှန်းချက်

နေပြည်တော် ဇန်နဝါရီ ၈

တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျားမိုးအနည်းငယ် ထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် အများအားဖြင့် သာယာပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

**မိုး/ဇလ**

# စနစ်ကောင်းတစ်ရပ် ဘယ်လောက်အရေးပါလဲ

**ဇော်ဇော်အောင် (မန္တလေး)**

စနစ်ဆိုတာ စီးပွားရေးမှာပဲဖြစ်စေ၊ နိုင်ငံရေးမှာပဲဖြစ်စေ အရေးအကြီးဆုံး အဓိကအကျဆုံး သော့ချက်ဖြစ်တယ်။ စနစ်သည်သာ အခရာ၊ စနစ်သည်သာ အရာရာလို့ပြောရင် မလွန်ဘူး။ စနစ်ကြောင့် စီးပွားရေးလုပ်ငန်းတွေရဲ့ အကျိုးအမြတ်ဟာ ဆုတ်ယုတ်နိုင်တယ်။ တိုးပွားနိုင်တယ်။ စနစ်ကြောင့် နိုင်ငံတစ်နိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်ရေး၊ ကြီးပွားချမ်းသာရေး၊ လုံခြုံတည်ငြိမ်အေးချမ်းရေး အခြေအနေတွေဟာ တိုးတက်နိုင်တယ်။ ဆုတ်ယုတ်နိုင်တယ်။ မိသားစုတစ်စုမှာပဲ စနစ်ဟာ အခရာပဲ။ စနစ်ကောင်းတဲ့မိသားစုဟာ တည်တည်ငြိမ်ငြိမ်ရှိသလို အေးချမ်းသာယာမှု၊ ပျော်ရွှင်မှု၊ တိုးတက်မှုရှိနိုင်ပြီးတော့ စနစ်မကောင်းတဲ့ ဒါမှမဟုတ် စနစ်မရှိတဲ့ မိသားစုဟာ ကစဉ့်ကလျား မတည်မငြိမ်ဖြစ်နိုင်သလို အေးချမ်းပျော်ရွှင်ဖို့၊ သာယာဖို့၊ တိုးတက်ဖို့လည်း မဖြစ်နိုင်ဘူး။ စနစ်ဟာ အရာရာရဲ့ အဓိကမောင်းနှင်အားဖြစ်တယ်။

**စနစ်ကောင်းတစ်ခုကပဲ ပြဋ္ဌာန်းပေး**

စနစ်ကို အကောင်းဆုံးတည်ဆောက်ဖို့ ကြိုးစားကြဖို့ လိုအပ်တယ်။ တိုးတက်သွားတဲ့ လူ့အဖွဲ့အစည်းတိုင်း၊ ကြီးပွားချမ်းသာသွားတဲ့ နိုင်ငံတိုင်းဟာ အရင်ဆုံး စနစ်ကောင်းတစ်ခုကို တည်ဆောက်နိုင်ကြလို့သာ ဖြစ်တယ်။ စနစ်ဆိုတာ အထိန်းအကွပ်လည်းဖြစ်တယ်။ လူတွေ၊ အရင်းအမြစ်တွေ၊ ရည်မှန်းချက်တွေ၊ အလုပ်တွေ၊ ကျင့်ဝတ်တွေနဲ့ အရာခပ်သိမ်းကို နည်းမှန်လမ်းမှန်နဲ့ အသားတကျရှိနေစေဖို့ စနစ်ကပဲ ထိန်းကျောင်းပေးတာဖြစ်တယ်။ စီးပွားရေးလုပ်ငန်းတစ်ခုမှာ စနစ်တစ်ခုကို ကျကျနန တည်ဆောက်ထားတဲ့အခါ လုပ်သားတွေ၊ ကြီးကြပ်သူတွေ၊ မန်နေဂျာတွေအနေနဲ့ အဲဒီစီးပွားရေးလုပ်ငန်း ပျက်စီးရာပျက်စီးကြောင်းကို လုပ်ချင်ရင်တောင် စနစ်က တားမြစ်ထားတယ်။ ခွင့်မပြုဘူး။ လုပ်ငန်းတိုးတက်အောင်မြင်ရေး၊ တည်ငြိမ်ရေးအတွက်ပဲ လူတိုင်းက အာရုံစိုက်နေအောင်၊ ကြိုးစားလုပ်ကိုင်နေအောင်လည်း စနစ်ကပဲ ထိန်းကျောင်းထားတယ်။ ဘယ်ရာထူးက ဘယ်သူ့ကိုပဲ အသစ်ပြောင်း တာဝန်ပေးတာဖြစ်စေ လုပ်ငန်းတစ်ခုလုံးက အရှိန်အဟုတ်မပျက် တည်တည်ငြိမ်ငြိမ်နဲ့ တိုးတက်နေဖို့ကို စနစ်ကောင်းတစ်ခုက ကျကျနန အာမခံချက်ပေးထားနိုင်တာဖြစ်တယ်။ လူဆိုတာက အမြဲတမ်းဖောက်ပြန်နေတတ်တဲ့ သဘောသဘာဝ နဂိုကတည်းကရှိတယ်။ အဲဒီဖောက်ပြန်တဲ့ သဘောသဘာဝက လွှမ်းမိုးပြီးတော့ လူတွေ မလုပ်သင့်တာကို မလုပ်ကြရအောင်၊ လုပ်သင့်တာကို လုပ်ကြရအောင် စနစ်ကောင်းတစ်ခုကပဲ ပြဋ္ဌာန်းပေးတယ်။ ထိန်းကျောင်းပေးတယ်။ ဒါကြောင့် စနစ်ကောင်းတစ်ခုကို ကျကျနန တည်ဆောက်ထားနိုင်တဲ့ စီးပွားရေးလုပ်ငန်းတိုင်းဟာ အမြဲတမ်း အောင်မြင်နေကြတာဖြစ်တယ်။

နိုင်ငံတစ်ခုကို တည်ဆောက်ကြရာမှာ တိုးတက်အောင် ဆောင်ရွက်ကြရာမှာလည်း ထိုနည်းလည်းကောင်းပါပဲ။ စနစ်ကောင်းက အရာရာကို ပြဋ္ဌာန်းနိုင်တယ်။ စနစ်ကောင်းတစ်ခုဖြစ်ဖို့ အထူးအရေးပေး အာရုံစိုက်ပြီးတော့ တည်ဆောက်ထူထောင်နိုင်ကြဖို့ လိုအပ်တယ်။ ဒီနေရာမှာ စနစ်ကောင်းဆိုတာ ဒီမိုကရေစီစနစ်၊ ဘာစနစ်၊ ညာစနစ်ဆိုတာကို ဆိုလိုခြင်းမဟုတ်ဘူး။ ဒီမိုကရေစီစနစ်က ကောင်းတယ်၊ ဟိုစနစ်က မကောင်းဘူး၊ ဒီစနစ်က မကောင်းဘူး စသည်ဖြင့် ဆိုလိုချင်တာမဟုတ်ဘူး။ ဘယ်လမ်းစဉ်နဲ့သွားတာဖြစ်စေ စနစ်ကောင်းတစ်ရပ်ဖြစ်ဖို့လိုတယ်ဆိုတာကို ဆိုလိုခြင်းဖြစ်တယ်။ နိုင်ငံရေးအယူဝါဒတွေကို စနစ်ကောင်းတစ်ရပ်ဖြစ်ဖို့ လိုအပ်တယ်ဆိုတာ ပြောဆိုကြတဲ့နေရာမှာ ဘေးဖယ်ထားဖို့ ထည့်မစဉ်းစားဖို့လိုအပ်တယ်။ ဒီလိုမှမဟုတ်ရင် အစွဲတွေ၊ အရောင်တွေကြောင့် စနစ်ကောင်းဆိုတဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်ဟာ လွဲချော်သွားနိုင်တယ်။

**ဒီမိုကရေစီစနစ်ကို ကျင့်သုံးကြတဲ့ နိုင်ငံတွေ**

ဥပမာ စင်ကာပူနိုင်ငံရဲ့ နိုင်ငံရေးစနစ်ကို ပြောကြရင် ဒီမိုကရေစီစနစ် ကျင့်သုံးနေတာဖြစ်တယ်လို့လည်း အတိအကျ အခိုင်အမာ ပြောလို့မရသလို အာဏာရှင်စနစ်ပါလို့လည်း စွပ်စွဲလို့ လုံးဝမရပြန်ဘူး။ ဒီမိုကရေစီစနစ်ရဲ့ အခြေခံအကျဆုံး သင်္ကေတလက္ခဏာရပ်ဖြစ်တဲ့ လွပ်လပ်ပြီးတရားမျှတတဲ့ လွှတ်တော်ရှိတယ်။ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို စည်းစနစ်နဲ့ ခွင့်ပြုထားတယ်။ ဘယ်သူမဆို လွတ်လပ်စွာ ဆန္ဒမဲပေးနိုင်သလို လွတ်လပ်စွာ ရွေးချယ်ခံပိုင်ခွင့်လည်းရှိတယ်။

> **စနစ်ကောင်းတစ်ရပ်ဖြစ်လာဖို့ဟာ စိတ်ကူးယဉ်လို့မရဘူး။ မလွယ်ကူဘူး။ ခက်ခဲတယ်။ စတင်ရေးဆွဲစဉ်ကတည်းက လက်တွေ့ကျဖို့လိုမယ်။ လက်တွေ့ဖြစ်နိုင်ခြေတွေကို အခြေခံထားရမယ်။ ပြီးတော့ ဒီစနစ်ကို အကောင်အထည်ဖော်ကြမယ့်သူတွေကလည်း အရည်အသွေးတွေအားလုံး ပြည့်မီနေရမယ်။ နိုင်ငံသားတွေကလည်း စနစ်ကပြဋ္ဌာန်းထားတဲ့အတိုင်း လိုက်နာလုပ်ကိုင်ဆောင်ရွက်ကြရမယ်။ နိုင်ငံသားတွေ လိုက်နာဆောင်ရွက်နိုင်လောက်တဲ့ ပြဋ္ဌာန်းချက်တွေလည်းဖြစ်ဖို့လိုသလို နိုင်ငံသားတွေက လက်တွေ့လိုက်နာ ဆောင်ရွက်ကြရအောင်လည်း အကောင်အထည်ဖော်ကြသူတွေက စွမ်းရည်ရှိရမယ်။ ဒီအချက်တွေ ပြည့်စုံပြီဆိုရင် စနစ်ကောင်းတစ်ရပ်ကိုရပြီလို့ ပြောလို့ရတယ်**

သို့သော် တခြားသော လစ်ဘရယ်သိပ်ဆန်လွန်းတဲ့ ဒီမိုကရေစီစနစ်ကို ကျင့်သုံးကြတဲ့ နိုင်ငံတွေက စင်ကာပူဒီမိုကရေစီကို သရော်လှောင်ပြောင်ကြတယ်။ ဝေဖန်တိုက်ခိုက်ကြတယ်။ ဒီမိုကရေစီစနစ်မဟုတ်ဘူးလို့လည်း သတ်မှတ်ကြတယ်။ စွပ်စွဲပြောဆိုကြတယ်။ အဲဒီလို ဝေဖန်ပြောဆိုရလောက်အောင်လည်း တချို့သောအကြောင်းအချက်တွေက အမှန်တကယ် ဖြစ်ပေါ်နေတယ်။ တည်ရှိနေတယ်။ စင်ကာပူနိုင်ငံမှာ တင်းကျပ်တဲ့ စည်းမျဉ်းစည်းကမ်းတွေ အများကြီးသတ်မှတ်ထားတယ်။ နိုင်ငံသားတိုင်းဟာ ဥပဒေအရ သတ်မှတ်ပြဋ္ဌာန်းထားတဲ့ စည်းမျဉ်းစည်းကမ်းတွေကို မဖြစ်မနေလိုက်နာကြရတယ်။ မလိုက်နာရင် လိုက်နာရအောင် (မဖြစ်မနေလိုက်နာရအောင်)လို့လည်း စနစ်က ကျကျနန ထိန်းကျောင်းထားတယ်။ စည်းမဲ့ကမ်းမဲ့ ဘာမှလုပ်ခွင့်မရှိဘူး။ ကြီးလေးတဲ့ပြစ်ဒဏ်တွေ ပြဋ္ဌာန်းထားတယ်။ ပြဋ္ဌာန်းထားတဲ့အတိုင်းလည်း အရေးယူဆောင်ရွက်တယ်။ နိုင်ငံထူထောင်ခါစကဆိုရင် စင်ကာပူနိုင်ငံသားတွေဟာ အင်မတန် စည်းကမ်းပျက်ကြသူတွေဖြစ်တယ်။ တံငါအလုပ်နဲ့ ရပ်တည်ရတဲ့ အင်မတန်မှ ဆင်းရဲတဲ့ သာမန်နိုင်ငံငယ်မျှသာဖြစ်တယ်။ စင်ကာပူခေါင်းဆောင်ဖြစ်တဲ့ အမြော်အမြင်ရော၊ စိတ်စေတနာရော အင်မတန်မှ မြင့်မားကောင်းမွန်သူ ဝန်ကြီးချုပ် လီကွမ်ယုရဲ့ ထက်မြက်ပြီး ရဲစွမ်းသတ္တိနဲ့ပြည့်စုံတဲ့ ဦးဆောင်မှုအောက်မှာ နိုင်ငံအတွက် အကောင်းဆုံး၊ အခိုင်မာဆုံး နိုင်ငံရေးစနစ်(နိုင်ငံတည်ဆောက်ရေးစနစ်)တစ်ရပ် ပေါ်ထွက်လာခဲ့တယ်။ အဲဒီစနစ်ကို လက်တွေ့ ထိထိရောက်ရောက် အကောင်အထည်ဖော်နိုင်ဖို့ တရားဥပဒေစိုးမိုးရေးကို တိကျပြတ်သားစွာ အထိရောက်ဆုံး အကောင်အထည်ဖော် ဆောင်ရွက်ခဲ့တယ်။ ဥပဒေနဲ့ စည်းကမ်းတွေကို ချိုးဖောက်ခဲ့ရင် ဘယ်သူ့ကိုမဆို ပြင်းထန်တဲ့ပြစ်ဒဏ်တွေ ချမှတ်အရေးယူခဲ့တယ်။ တားမြစ်ထားတဲ့နေရာကနေ လမ်းဖြတ်ကူးရင်၊ လမ်းပေါ်နဲ့ လမ်းဘေးပလက်ဖောင်းတွေပေါ် အမှိုက်ပစ်ရင်၊ တံတွေးထွေးရင်၊ အများပြည်သူနဲ့ဆိုင်တဲ့နေရာတွေမှာ ဆေးလိပ်သောက်ရင်၊ အများပြည်သူကို ထိခိုက်နိုင်တဲ့ အပြုအမူ တစ်စုံတစ်ရာ ပြုမူခဲ့ရင် ဒဏ်ငွေအများကြီးဆောင်ဖို့ သတ်မှတ်ပြဋ္ဌာန်းထားပြီးတော့ တကယ်လည်း ဒဏ်ငွေတွေ ပေးဆောင်စေခဲ့တယ်။ တချို့ပြစ်မှုတွေအတွက် ကြိမ်ဒဏ်တွေသတ်မှတ်ပြီး စည်းကမ်းဥပဒေ ချိုးဖောက်ရင် အမှန်တကယ် ကြိမ်ဒဏ်ရိုက်တယ်။ (ဒါကြောင့်လည်း လစ်ဘရယ်ဒီမိုကရေစီနိုင်ငံကြီးတွေက စင်ကာပူနိုင်ငံဟာ အာဏာရှင်နိုင်ငံလို့ စွပ်စွဲခဲ့ကြတာဖြစ်တယ်။)

သို့သော် စင်ကာပူနိုင်ငံဟာ သူ့နိုင်ငံအတွက် သူ့အကောင်းဆုံး ရေးဆွဲပြဋ္ဌာန်းပြီးတော့ အဲဒီစနစ်နဲ့ပဲ တိုင်းပြည်ကိုထူထောင်ပြီး တိုးတက်ဖွံ့ဖြိုးလာခဲ့တာဖြစ်တယ်။ ကြွယ်ဝချမ်းသာလာခဲ့တာ ဖြစ်တယ်။

**စည်းရုံးပညာပေး လမ်းညွှန်တိုက်တွန်းမှုတွေ**

ဒီတော့ စနစ်ကောင်းတစ်ခုဆိုတဲ့အဓိပ္ပာယ်က ဘာစနစ်၊ ညာစနစ်ဆိုတဲ့ နိုင်ငံရေးအယူအဆတစ်ရပ်ရပ်ကို အခြေခံတဲ့သဘောမျိုးဆိုတာထက် တိုင်းပြည်၊ နိုင်ငံသားတွေ၊ ရေခံမြေခံနဲ့ ဖြစ်နိုင်ခြေတွေကို ကျကျနနအခြေခံပြီးတော့ လက်တွေ့ကျကျ ရေးဆွဲပြဋ္ဌာန်းပြီးတဲ့နောက် အဲဒီစနစ်က ပြဋ္ဌာန်းထားတဲ့အတိုင်း ဦးဆောင်လုပ်ကိုင်သူတွေကလည်း တိတိကျကျ ဆောင်ရွက်အကောင်အထည်ဖော်ကြသလို နိုင်ငံသားတွေကိုလည်း စနစ်အတိုင်း လိုက်နာဆောင်ရွက် နေထိုင်လုပ်ကိုင်လာကြရအောင် စည်းရုံးပညာပေး လမ်းညွှန်တိုက်တွန်းမှုတွေနဲ့ တဖြည်းဖြည်း နိုင်ငံသားတို့ အသိတရားတွေ မြင့်မားလာကြပြီးတော့ စနစ်ကို တန်ဖိုးထားလာကြ၊ စနစ်ရဲ့ ကောင်းကျိုးတွေကို မြင်တွေ့လာကြ၊ လိုက်နာဆောင်ရွက်လာကြစေနိုင်တဲ့ လုပ်ငန်းစဉ်ကြီးတစ်ခုလုံးကို ဆိုလိုတာဖြစ်တယ်လို့ ဆိုရမှာဖြစ်တယ်။

စင်ကာပူရဲ့ ဥပမာကို သင်ခန်းစာယူတတ်ရင် စနစ်ကောင်းတစ်ရပ်ဆိုတာ အကောင်းဆုံးတွေ ရေးဆွဲပြဋ္ဌာန်းထားရုံနဲ့ မပြည့်စုံဘူးဆိုတဲ့ အဖြေရတယ်။ စနစ်တစ်ခုကို လက်တွေ့အကောင်အထည်ဖော်ကြမယ့်သူတွေရဲ့ အရည်အချင်း၊ စိတ်ဓာတ်နဲ့ စေတနာတွေ ဘယ်လောက်အရေးပါသလဲဆိုတာလည်း သတိပြုမိဖို့လိုမယ်။ အရည်အချင်းရှိကြရုံနဲ့လည်း စနစ်တစ်ခုကို အကောင်အထည်ဖော်လို့ အောင်မြင်ပြီး စနစ်ကောင်းတစ်ရပ်လို့ သတ်မှတ်လို့မရနိုင်ဘူး။

စိတ်ဓာတ်နဲ့ စေတနာကောင်းရုံနဲ့ အရည်အချင်းက မရှိကြရင်လည်း ထိုနည်းလည်းကောင်းပဲ၊ စနစ်ကောင်းတစ်ရပ် ဖြစ်တည်လာဖို့ မလွယ်ဘူး။ ရလဒ်ကောင်းတွေ ထွက်လာနိုင်မှသာ စနစ်ကောင်းတစ်ရပ်လို့ သတ်မှတ်လို့ရတယ်။ နောက်တစ်ခါ စနစ်ကို ရေးဆွဲထားတာကလည်း ကောင်းတယ်။ အကောင်အထည်ဖော် ဆောင်ရွက်ကြတဲ့သူတွေက အရည်အချင်းနဲ့ စိတ်ဓာတ်၊ စေတနာလည်း ပြည့်စုံကောင်းမွန်ကြတယ်။ သို့သော် ဒီစနစ်အောက်မှာနေထိုင်ကြတဲ့ နိုင်ငံသားတွေက စနစ်ကို မနာခံကြဘဲ၊ တန်ဖိုးမထားကြဘဲ တလွဲလုပ်နေကြတယ်ဆိုရင်လည်း ဒီစနစ်ကြောင့် ရလဒ်မထွက်( မတိုးတက်)နိုင်တာမို့ စနစ်ကောင်းတစ်ရပ်လို့ ပြောလို့မရနိုင်ပြန်ဘူး။ ဒီတော့ စနစ်ကောင်းတစ်ရပ်ဖြစ်လာဖို့ဟာ စိတ်ကူးယဉ်လို့မရဘူး။ မလွယ်ကူဘူး။ ခက်ခဲတယ်။ စတင်ရေးဆွဲစဉ်ကတည်းက လက်တွေ့ကျဖို့လိုမယ်။ လက်တွေ့ဖြစ်နိုင်ခြေတွေကို အခြေခံထားရမယ်။ ပြီးတော့ ဒီစနစ်ကို အကောင်အထည်ဖော်ကြမယ့်သူတွေကလည်း အရည်အသွေးတွေအားလုံး ပြည့်မီနေရမယ်။ နိုင်ငံသားတွေကလည်း စနစ်ကပြဋ္ဌာန်းထားတဲ့အတိုင်း လိုက်နာလုပ်ကိုင်ဆောင်ရွက်ကြရမယ်။ နိုင်ငံသားတွေ လိုက်နာဆောင်ရွက်နိုင်လောက်တဲ့ ပြဋ္ဌာန်းချက်တွေလည်းဖြစ်ဖို့လိုသလို နိုင်ငံသားတွေက လက်တွေ့လိုက်နာ ဆောင်ရွက်ကြရအောင်လည်း အကောင်အထည်ဖော်ကြသူတွေက စွမ်းရည်ရှိရမယ်။ ဒီအချက်တွေ ပြည့်စုံပြီဆိုရင် စနစ်ကောင်းတစ်ရပ်ကိုရပြီလို့ ပြောလို့ရတယ်။

**အဆင့်မြင့်တဲ့ နိုင်ငံသားတွေ**

စနစ်ကောင်းတစ်ရပ် အမှန်တကယ်ရပြီဆိုရင်လည်း အဲဒီနိုင်ငံဟာ၊ အဲဒီလူ့အဖွဲ့အစည်းဟာ တည်တည်ငြိမ်ငြိမ်နဲ့ စဉ်ဆက်မပြတ် တိုးတက်နေဖို့ ဘာမှသိပ်ခက်ခဲနေမှာမဟုတ်တော့ဘူး။ စနစ်ကောင်းတစ်ရပ်က အရာရာကို အဆုံးအဖြတ်ပေးတယ်။ စနစ်ကောင်းတစ်ရပ်ကိုရဖို့ ထောင့်စေ့အောင် စဉ်းစား၊ ထောင့်စေ့အောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ကြမယ်ဆိုရင် အောင်မြင်ဖြစ်ထွန်းဖို့ဆိုတာ ဘာမှစိတ်ပူနေစရာမလိုတော့ဘူး။ ဒီကနေ့ စင်ကာပူနိုင်ငံသားတွေဟာ နိုင်ငံထူထောင်ခါစ နိုင်ငံသားတွေနဲ့ လားလားမှမတူတော့ဘူး။ သူတို့ကို ဒဏ်ငွေရိုက်အောင် စည်းကမ်းဖောက်ဖျက်ပါလို့ ပြောရင်တောင် ဘယ်တော့မှ မလုပ်ကြတော့ဘူး။ စည်းကမ်းဥပဒေကိုလိုက်နာရတဲ့၊ တန်ဖိုးထားရတဲ့ဂုဏ်ကို မက်မောသွားကြပြီ။ အဆင့်မြင့်တဲ့ နိုင်ငံသားတွေဖြစ်ကုန်ပြီ။ စနစ်ကောင်းတစ်ရပ်ရဲ့ ကျေးဇူးပဲ။ ဒီလိုပဲ စင်ကာပူနိုင်ငံက နိုင်ငံရေးသမားတွေ၊ အုပ်ချုပ်သူတွေကလည်း စနစ်ကိုအကောင်းဆုံး အကောင်အထည်ဖော်ခြင်းသည်သာ နိုင်ငံနဲ့ နိုင်ငံသားတွေအပေါ် အကောင်းဆုံးတာဝန်ကျေခြင်းဆိုတာကို နားလည်နေကြပြီ။

**စာမျက်နှာ ၇ သို့ ☆**

# ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် အိမ်မဲမြို့နယ်၊ ကန်ကြီးထောင့်မြို့နယ် ဒေသဖွံ့ဖြိုးရေးကွင်းဆင်းဆောင်ရွက်



**ပုသိမ် ဇန်နဝါရီ ၈**

ဧရာဝတီ တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးတင်မောင်ဝင်းသည် ယနေ့ ညနေပိုင်းတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး/ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့်အတူ အိမ်မဲမြို့နယ် ဘုရားကြီးကုန်းကျေးရွာ၊ နည်းပညာပြန့်ပွားရေးစင်တာသို့ သွားရောက်၍ နေကြာ(ရေဆင်းစပ်မျိုး-၁) ငါးဧက စိုက်ပျိုးဖြစ်ထွန်းအောင်မြင်နေမှုနှင့် ဆိုလာစနစ်ဖြင့် ရေတင်၍ Sprinkler (rain gun)ဖြင့် နေကြာခင်းအား ရေဖျန်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ထိုသို့စစ်ဆေးစဉ် တိုင်းဒေသကြီးဝန်ကြီးချုပ်က စိုက်ပျိုးရေးနည်းစနစ်များ မှန်ကန်စေရန်၊ နေရောင်ခြည်စွမ်းအင်သုံး ရေတင်စနစ်များ ပိုမိုတွင်ကျယ်စွာ အသုံးပြုသွားရန်၊ နေကြာစိုက်ခင်းများ ရေလိုအပ်လာလျှင် ထိရောက်အကျိုးရှိစွာ ပေးဝေနိုင်သည့် ရေဖျန်းစနစ်များ တွင်ကျယ်စွာ အသုံးပြုနိုင်ရန်၊ ပိုးမွှားအန္တရာယ်ကြိုတင် ကာကွယ်စေရေး တောင်သူများအား အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ရန် မှာကြားခဲ့သည်။

**မှာကြား**

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် တိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၂၂-၂၀၂၃ အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ရန်ပုံငွေဖြင့် ဆောင်ရွက်သည့် ကျောင်းကုန်းမြို့နယ် ဆိပ်သာကြီးကျေးရွာနှင့် ကန်ကြီးထောင့်မြို့နယ် ဆိပ်သာလေးကျေးရွာသို့ ဆက်သွယ်ထားသည့် ကျုံလမုချောင်းကူးတံတား (ပေ ၁၂၀ x ၁၄ ပေ)တည်ဆောက်ခြင်းလုပ်ငန်းခွင်သို့ သွားရောက်၍ ချဉ်းကပ်လမ်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး စနစ်တကျ ဆောင်ရွက်စေရေး၊ အရည်အသွေးပြည့်မီစေရေးနှင့် သတ်မှတ်ကာလအတွင်း ပြီးစီးစေရေး မှာကြားခဲ့ပြီး ပြည်သူများက လိုအပ်သည်များ တင်ပြမှုအပေါ် သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



# ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့၌ ကျောင်းဆောင်သစ် ပန္နက်တင်အခမ်းအနား ကျင်းပ

**လောက်ကိုင် ဇန်နဝါရီ ၈**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့ အမှတ်(၂)ရပ်ကွက် အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်းတွင် ကျောင်းဆောင်သစ်ပန္နက်တင်အခမ်းအနားကို ယနေ့နံနက် ၉ နာရီက ကျင်းပသည်။

ပန္နက်တင်အခမ်းအနားမစတင်မီ KHO MIN Co,Ltd.မှ တာဝန်ခံအင်ဂျင်နီယာက ကျောင်းဆောင်သစ် တစ်ထပ်ဆောင်ဆောက်လုပ်မည့် အခြေအနေကို ရှင်းလင်းတင်ပြခဲ့ရာ တာဝန်ရှိသူများက သိရှိလိုသည့် အချက်များကို မေးမြန်းခဲ့သည်များအား တာဝန်ခံအင်ဂျင်နီယာက ပြန်လည်ရှင်းလင်းပေးခဲ့ကြောင်း သိရသည်။

ယင်းနောက် ကျောင်းဆောင်သစ် ပန္နက်တင်အခမ်းအနားကို စတင်ခဲ့ရာ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးမိုးဇော်လတ်က ပန္နက်တိုင်ကို စတင်စိုက်ထူခဲ့ပြီး အမွှေးနံ့သာရည်များကို ပက်ဖျန်းပေးခဲ့သည်။ ထို့နောက် ဒေသပညာရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ဦး၊ မြို့နယ်ပညာရေးမှူးနှင့် တာဝန်ရှိသူများက ပန္နက်တိုင်များကို သတ်မှတ်နေရာများတွင် စိုက်ထူပေးခဲ့ကြပြီး အမွှေးနံ့သာရည်များကို ပက်ဖျန်းပေးခဲ့ကြသည်။

အဆိုပါကျောင်းဆောင်သစ်သည် နိုင်ငံတော်အစိုးရ၏ လူမှုစီးပွားဘဝမြှင့်တင်နိုင်ရေးအတွက် ခရိုင် ၅၀ တွင် အထက်တန်းကျောင်းတစ်ကျောင်းစီကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုနည်းပညာ စသည့် ပညာရပ်များကို တွဲဖက်သင်ကြားပေးမည့်အပြင် MSME စီးပွားရေးလုပ်ငန်းများအတွက် အထောက်အကူရရှိစေရန်ရည်ရွယ်ပြီး အသက်မွေးဝမ်းကျောင်းပညာရပ်များ သင်ကြားပေးသော ကျောင်းများကို တိုးချဲ့ဖွင့်လှစ်နိုင်ရန် စီမံဆောင်ရွက်လျက်ရှိသည့် ကျောင်းများတွင် ပါဝင်ကြောင်း သိရသည်။

ကျောင်းဆောင်သစ်ကို ဇန်နဝါရီ ၁ ရက်မှ စတင်ဆောက်လုပ်ပြီး မတ် ၂၂ ရက်တွင် လုပ်ငန်းဆောင်ရွက်ပြီးစီးအောင်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်းနှင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် နိုင်ငံတော်ဘတ်ဂျက်မှ ငွေကျပ် ၄၇၉ ဒသမ ၄၅၄ သန်း ခွဲဝေချထားပေးကြောင်း သိရသည်။

**လောက်ကိုင်(ပြန်/ဆက်)**

# စစ်တွေမြို့၌ လူငယ်စကားဝိုင်းနှင့် အသိပညာပေးနံရံကပ်စာစောင်၊ ဓာတ်ပုံ၊ စာအုပ်၊ စာပေပြပွဲ ကျင်းပ



**စစ်တွေ ဇန်နဝါရီ ၈**

စစ်တွေခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ လူငယ်ဖွံ့ဖြိုးရေးသင်တန်းကျောင်း(စစ်တွေ)တို့ ပူးပေါင်းကျင်းပသည့် လူငယ်စကားဝိုင်းနှင့် အသိပညာပေးနံရံကပ်စာစောင်၊ ဓာတ်ပုံ၊ စာအုပ်၊ စာပေပြပွဲကို ယနေ့နံနက်ပိုင်းတွင် လူငယ်ဖွံ့ဖြိုးရေးသင်တန်းကျောင်း(စစ်တွေ) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စစ်တွေခရိုင်ရုံးမှ ဦးစီးအရာရှိ ဦးမြင့်စိုးက ဦးဆောင်ဆွေးနွေးသူအဖြစ် ပါဝင်ဆောင်ရွက်ပြီး လူငယ်ဖွံ့ဖြိုးရေးသင်တန်းကျောင်း(စစ်တွေ)မှ ကျောင်းသားကျောင်းသူများက စကားဝိုင်းဆွေးနွေးကြသည်။

**လှည့်လည်ကြည့်ရှု**

လူငယ်စကားဝိုင်းတွင် လူငယ်ဖွံ့ဖြိုးရေးသင်တန်းကျောင်း(စစ်တွေ)မှ Grade – 11 ကျောင်းသား မောင်ကျော်ကျော်က လူငယ်လမ်းညွှန်ဘဝမီးရှူးတိုင်ခေါင်းစဉ်ဖြင့်လည်းကောင်း၊ Grade – 10 ကျောင်းသား မောင်ခိုင်ကျော်လင်းက ပညာနှင့်စပ်လျဉ်းသည့် ပညာရှိတို့၏ စကားများခေါင်းစဉ်ဖြင့်လည်းကောင်း ဆွေးနွေးကြသည်။ ထို့ပြင် Grade–11 ကျောင်းသူ မစန္ဒာငွေးက ဘဝညီမျှခြင်းအချိန်ခေါင်းစဉ်တို့ဖြင့် ဆွေးနွေးကြသည်။

ထို့နောက် ကျောင်းသား ကျောင်းသူများသည် ခန်းမရှေ့၌ ခင်းကျင်းပြသထားသော ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများ၊ သဘာဝဘေးအန္တရာယ် အသိပညာပေးဓာတ်ပုံ၊ နံရံကပ်စာစောင်များနှင့် စာအုပ်၊ စာပေများအား လှည့်လည်ကြည့်ရှုခဲ့ကြသည်။

အဆိုပါဆွေးနွေးပွဲသို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စစ်တွေခရိုင်ရုံးမှ ဝန်ထမ်းများ၊ လူငယ်ဖွံ့ဖြိုးရေးသင်တန်းကျောင်း(စစ်တွေ)မှ ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# အစိုးရနည်းပညာအထက်တန်းကျောင်း(ပင်လုံ)တွင် အောင်လက်မှတ်ပေးအပ်ပွဲ ကျင်းပ

**လွိုင်လင် ဇန်နဝါရီ ၈**

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်မြို့ရှိ အစိုးရနည်းပညာ အထက်တန်းကျောင်း (ပင်လုံ)တွင် တတိယအကြိမ်နှင့် စတုတ္ထအကြိမ် အောင်လက်မှတ် ပေးအပ်ပွဲအခမ်းအနားကို ယမန်နေ့မွန်းလွဲပိုင်းတွင် အဆိုပါကျောင်း၌ ကျင်းပသည်။

အောင်လက်မှတ်ပေးအပ်ပွဲအခမ်းအနားတွင် အစိုးရနည်းပညာအထက်တန်းကျောင်း (ပင်လုံ)မှ ကျောင်းအုပ်ဆရာကြီး ဦးစိန်ကျော်လှိုင်နှင့် စီမံရေးရာ ဆရာ ဆရာမများ ၊ ၂၀၁၉-၂၀၂၀၊ ၂၀၂၀-၂၀၂၁ ပညာသင်နှစ်မှ ကောင်းစွာအောင်မြင်ခဲ့သည် ကျောင်းသားကျောင်းသူများနှင့် ၎င်းတို့၏မိဘဆွေမျိုးများ တက်ရောက်ကြပြီး အောင်လက်မှတ်များကို တတိယအကြိမ်နှင့် စတုတ္ထအကြိမ်အဖြစ် အောင်လက်မှတ်ပေးအပ်ပွဲကို ပူးတွဲကျင်းပခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



☆ စာမျက်နှာ ၆ မှ

နောက်ထပ် နှစ်တွေ ဘယ်လောက်ပြောင်းပြောင်း၊ လူတွေ ဘယ်လောက်ပြောင်းပြောင်း၊ မျိုးဆက်တွေ ဘယ်လောက်ပြောင်းပြောင်း စနစ်ကောင်းက ထိန်းကျောင်းထားတော့မှာမို့ စင်ကာပူနိုင်ငံဟာ စဉ်ဆက်မပြတ် တိုးတက်ဖွံ့ဖြိုးနေတော့မှာ ဖြစ်တယ်။

ဒီကနေ့ တည်တည်ငြိမ်ငြိမ်နဲ့ တိုးတက်ဖွံ့ဖြိုးနေတဲ့ ဘယ်နိုင်ငံကိုပဲကြည့်ကြည့် ဒီလိုနည်းလမ်းနဲ့ စနစ်ကောင်းတစ်ရပ် ရှိနေကြတာချည်းပဲ။ စနစ်ကောင်းတစ်ရပ်ရှိနေလို့လူတွေဘယ်လိုပြောင်းပြောင်း၊ ခေတ်တွေဘယ်လိုပြောင်းပြောင်း၊ မျိုးဆက်တွေ ဘယ်လိုပြောင်းပြောင်း အရှိန်မပျက် တိုးတက်နေကြတယ်။ ဆုတ်ယုတ်တယ်ဆိုတာရှိရင်တောင် အင်မတန်မှ ရှားတယ်။ ဂျပန်၊ တောင်ကိုရီးယား၊ မလေးရှား၊ ထိုင်း၊ နော်ဝေ၊ ဆွီဒင်၊ ဒိန်းမတ် စတဲ့ နိုင်ငံတွေကို လေ့လာကြည့်ရင် စနစ်ကောင်းရင် ကောင်းသလောက် တိုးတက်ဖြစ်ထွန်းနေတာ မြင်သာတယ်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံဟာလည်း သိပ်ကိုစိတ်ဝင်တစားရှိသင့်တဲ့ နမူနာတစ်ခုပဲ။ ( ဒီနေရာမှာ အစပိုင်းမှာ ဖော်ပြခဲ့သလိုပဲ ကွန်မြူနစ်၊ ဆိုရှယ်လစ်၊ ဒီမိုကရေစီ စတဲ့ အိုက်ဒီယော်လော်ဂျီနဲ့ဆိုင်တဲ့ စနစ်သဘောကို ဘေးဖယ်စဉ်းစားဖို့။) စနစ်တစ်ခုကို သူ့နည်းသူ့ဟန်နဲ့ တွေးခေါ်ဖော်ထုတ်ခဲ့ပြီး လက်တွေ့ကျကျ အကောင်အထည်ဖော်နိုင်ခဲ့တာကြောင့် ဒီကနေ့မှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံကို ဟိုးအရင်ကာလတွေတုန်းကလို သိပ်ပြီးဝေဖန်ကြတာမရှိတော့ဘူး။ စနစ်ကောင်းတစ်ရပ်ကို ကျကျနန ပီပီပြင်ပြင် အကောင်အထည်ဖော်နိုင်ခဲ့တာကြောင့် ကောင်းကောင်းဖွံ့ဖြိုးတိုးတက်လာပြီဖြစ်တယ်။

ဒါကြောင့် စနစ်ကောင်းတစ်ရပ်ကို တည်ဆောက် အကောင်အထည်ဖော်နိုင်ရေးဟာ နိုင်ငံတစ်ခု၊ လူ့အဖွဲ့အစည်းတစ်ခု လူစဉ်မီမီနဲ့ ဖွံ့ဖြိုးတိုးတက်ရေး၊ ဂုဏ်သိက္ခာရှိစေရေး၊ တည်ငြိမ်ရေး၊ အေးချမ်းသာယာဝပြောရေးတို့အတွက် အသက်တမျှ အရေးကြီးတဲ့ အခြေခံအကြောင်းတရားဖြစ်ကြောင်း အကြံပြုရေးသားလိုက်ရပါတယ်။ ။

■

# (၇၅)နှစ်မြောက်စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ်ပြခန်းများ၊ တိုင်းရင်းသားရိုးရာအစားအစာပြခန်းများနှင့် ဂုဏ်ပြုယာဉ်များ ခင်းကျင်းပြသထားမှု ပြည်သူများစိတ်ပါဝင်စားစွာ တစ်ခဲနက် လာရောက်လေ့လာကြည့်ရှု

**နေပြည်တော် ဇန်နဝါရီ ၈**

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ်ပြခန်းများ၊ တိုင်းရင်းသားရိုးရာအစားအစာပြခန်းများနှင့် ဂုဏ်ပြုယာဉ်များကို နေပြည်တော် ဥပ္ပါတသန္တိစေတီတော်ရှေ့ တပေါင်းကွင်း၌ ပဉ္စမနေ့အဖြစ် ဆက်လက်ခင်းကျင်းပြသထားရာ ကျောင်းသား ကျောင်းသူများ၊ လူငယ်များ၊ ဝန်ကြီးဌာနများမှ ဝန်ထမ်းများနှင့် မိသားစုများ၊ စိန်ရတုလွတ်လပ်ရေးနေ့ဂုဏ်ပြုအခမ်းအနားတွင် သက်ဆိုင်ရာကဏ္ဍအလိုက် ပါဝင်ဆင်နွှဲခဲ့ကြသူများနှင့် ပြည်သူများ တစ်ခဲနက် လာရောက်လေ့လာကြည့်ရှုကြသည်။

**ပစ္စည်းများ ပြတ်လပ်သည်အထိ ရောင်းချရ**

ယနေ့သည်ပြပွဲနောက်ဆုံးနေ့ဖြစ်သည့်အတွက် ခင်းကျင်းပြသထားသည့် တိုင်းဒေသကြီးနှင့်ပြည်နယ်ပြခန်းများ၌ လာရောက်လေ့လာကြည့်ရှုသူပြည်သူများဖြင့် အထူးစည်ကားနေပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် တိုင်းရင်းသားရိုးရာဒေသထွက် အစားအသောက်များကို ပြည်သူများ နှစ်ခြိုက်စွာ ဝယ်ယူသုံးဆောင်ကြသည့်အပြင် ရိုးရာအဝတ်အထည်များ၊ လက်မှုပစ္စည်းများ၊ ဒေသထွက်ရှားပါး တိုင်းရင်းဆေးဝါးများ၊ (၇၅) နှစ်မြောက်စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ်အဖြစ် ရိုးရာယဉ်ကျေးမှုအလိုက် ပြုလုပ်ထားသည့် အထိမ်းအမှတ်ပစ္စည်းများကိုလည်း ပြည်သူများ ကြိတ်ကြိတ်တိုးဝယ်ယူမှုကြောင့် ပစ္စည်းများ ပြတ်လပ်သည်အထိ ရောင်းချရသည်ကို တွေ့မြင်ရသည်။

ထို့ပြင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် မိတ်ဖက်အသင်းအဖွဲ့များနှင့် ပူးပေါင်း၍ ပြည်သူများ အခြေခံစားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းချိုသာစွာ အသုံးပြုနိုင်ရန်အတွက် ပြခန်းများဖွင့်လှစ်၍ စေတနာအပြည့်ဖြင့် ရောင်းချပေးလျက်ရှိရာ လာရောက်ဝယ်ယူကြသူများ အထူးများပြားလျက်ရှိသည့်အပြင် စက်မှုဝန်ကြီးဌာန၊ မြန်မာစီးပွားရေးကော်ပိုရေးရှင်းနှင့် မြန်မာနိုင်ငံကြက်ခြေနီအသင်း ဥတ္တရခရိုင်ကြက်ခြေနီသူနာပြုတပ်ဖွဲ့ရန်ပုံငွေအရောင်းဆိုင်များကလည်း လူသုံးကုန်ပစ္စည်းများနှင့် စားသောက်ကုန်များကို ဈေးနှုန်းချိုသာစွာ ရောင်းချပေးလျက်ရှိရာ စိတ်ဝင်စားစွာဖြင့် လာရောက်ဝယ်ယူကြသူများဖြင့် လွန်စွာစည်ကားနေသည်ကို တွေ့မြင်ရသည်။

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြခန်း၌လည်း မြန်မာ့ယဉ်ကျေးမှုကို ပေါ်လွင်စေမည့် ရုပ်သေးရုပ်စုံများဖြင့် ကကြိုးကကွက်စုံလင်စွာ ဖျော်ဖြေတင်ဆက်ကပြမှုကို ပြပွဲလာပြည်သူများ အထူးအားပေးကြည့်ရှုကြသည့်အပြင် တစ်ထိုင်တည်း ပုံစံတူပန်းချီရေးဆွဲပေးခြင်း အစီအစဉ်ကြောင့်လည်း အထူးစည်ကားလှသည်ကို တွေ့ရသည်။



ရှမ်းပြည်နယ်ကိုယ်စားပြုပြခန်းတွင် တိုင်းရင်းသားရိုးရာအကများဖြင့် ဖျော်ဖြေတင်ဆက်မှုအား လာရောက်ကြည့်ရှုသူများကို တွေ့ရစဉ်။

တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ဝန်ကြီးဌာနများအလိုက် ပြခန်းများတွင်လည်း တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များ၊ ဝန်ထမ်းများက ပြပွဲလာပြည်သူများအား နွေးထွေးပျူငှာသည့် အပြုံးများဖြင့် ကြိုဆိုကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ရိုးရာယဉ်ကျေးမှုဆိုင်ရာ ဗဟုသုတများ၊ ဒေသန္တရဗဟုသုတများ၊ ဝန်ကြီးဌာနများ၏ ပြည်သူ့အကျိုးပြုဆောင်ရွက်ချက်များကို အဖွဲ့လိုက် မျှဝေပေးကြသည်။

ထို့ပြင် (၇၅)နှစ်မြောက်စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားတွင် ပါဝင်ပြသခဲ့သည့် ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးနှင့် ဝန်ကြီးဌာနများမှ ဂုဏ်ပြုယာဉ်များတွင်လည်း ပြည်သူများတိုင်းရင်းသားရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းများကို ချစ်ခင်တန်ဖိုးထားတတ်စေရန်ရည်ရွယ်၍ မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားများ၏ အထိမ်းအမှတ်များ၊ လူနေမှုစရိုက်များ၊ ဓလေ့ထုံးတမ်း အစဉ်အလာများ၊ ဒေသထွက်ကုန်များနှင့် ဝန်ကြီးဌာနများအလိုက် ပြည်သူ့အကျိုးပြုလုပ်ငန်းဆောင်ရွက်ချက်များကို သရုပ်ဖော်ပြသပေးထားရာ ကျောင်းသား ကျောင်းသူများ၊ လူငယ်များ၊ ဝန်ကြီးဌာနများမှ ဝန်ထမ်းများနှင့် မိသားစုများ၊ ဒေသခံပြည်သူများ စိတ်အားထက်သန်စွာ လေ့လာကြည့်ရှုကြသည်။

ပြပွဲသို့ လာရောက်လေ့လာကြသူများအနေဖြင့်လည်း လှပတင့်တယ်ခမ်းနားစွာ ခင်းကျင်းပြသထားသည့် ဂုဏ်ပြုယာဉ်ကြီးများ၊ ရိုးသားဖြူစင်ဖော်ရွေလှသည့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များနှင့် အတူ အမှတ်တရဓာတ်ပုံရိုက်ကြသူများဖြင့်လည်း အထူးစည်ကားလျက်ရှိသည်။

**ကပြဖျော်ဖြေ**

အထူးပျော်ရွှင်စရာအစီအစဉ်အနေဖြင့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များက သက်ဆိုင်ရာရိုးရာယဉ်ကျေးမှုအကအလှများ၊ ရိုးရာယဉ်ကျေးမှုဓလေ့စရိုက်များကို ပေါ်လွင်စေသည့် သီချင်းများ၊ မျိုးချစ်စိတ်နှင့် ဇာတိမာန်ကို တက်ကြွစေမည့် သီချင်းများ၊ ရိုးရာသိုင်းအကအလှများကို တိုင်းဒေသကြီးနှင့် ပြည်နယ်ကိုယ်စားပြု ဂုဏ်ပြုယာဉ်ကြီးများရှေ့နှင့် ပြခန်းများရှေ့တွင် ကပြဖျော်ဖြေကြရာ လာရောက်လေ့လာကြည့်ရှုကြသည့် ပြည်သူများကလည်း တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များနှင့်အတူ ပျော်ရွှင်စွာ သီဆိုကခုန်ပါဝင်ဆင်နွှဲခြင်းကြောင့်လည်း အထူးစည်ကားလှသည်။

**ထို့ပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် တိုင်းရင်းသားရိုးရာ ဒေသထွက် အစားအသောက်များ၊ တိုင်းရင်းသားရိုးရာ အမှတ်တရပစ္စည်းများ၊ ဒေသထွက်ကုန်ပစ္စည်းများနှင့် ရိုးရာဝတ်စုံများကို ပြည်သူများ စိတ်ကြိုက်ဝယ်ယူ၊ စားသုံးနိုင်ရန်အတွက် ဈေးနှုန်းချိုသာစွာ ရောင်းချပေးလျက်ရှိရာ ပြည်သူများ စိတ်ဝင်တစားဖြင့် စားသောက်သူများ၊ ဝယ်ယူကြသူများဖြင့် ကြိတ်ကြိတ်တိုး စည်ကားလျက်ရှိသည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်၊ ဝန်ကြီးဌာနများမှ ထွက်ကုန်၊ ထုတ်ကုန် ပစ္စည်းများပြခန်းပေါင်း ၄၀ ၊ တိုင်းရင်းသားရိုးရာ ဒေသထွက်အစားအစာပြခန်းပေါင်း ၁၅ ခန်း**

**စာမျက်နှာ ၉ သို့**



ဂုဏ်ပြုယာဉ်များ၊ ပြခန်းများနှင့် တိုင်းရင်းသားရိုးရာအစားအစာအရောင်းပြခန်းများ၌ လာရောက်လေ့လာကြည့်ရှုသူများကို တွေ့ရစဉ်။



ရိုးရာအက၊ တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်မှုအား လာရောက်ကြည့်ရှုသူများကို တွေ့ရစဉ်။





ဂုဏ်ပြုယာဉ်များ၊ ပြခန်းများနှင့် တိုင်းရင်းသားရိုးရာအစားအစာ အရောင်းပြခန်းများ၌ လာရောက်လေ့လာကြည့်ရှုသူများကို တွေ့ရစဉ်။

❂ စာမျက်နှာ ၈ မှ

စုစုပေါင်း ၅၅ ခန်း ဖွင့်လှစ်၍ နေ့စဉ်ရောင်းချပေးလျက်ရှိရာ တစ်ရက်လျှင်ပျမ်းမျှ တိုင်းရင်းသားရိုးရာ ဒေသထွက်အစားအစာ စုစုပေါင်းသိန်း ၅၀၀ ကျော်ခန့်၊ တိုင်းရင်းသားရိုးရာ အမှတ်တရပစ္စည်းများ၊ ဒေသထွက်ကုန်ပစ္စည်းများနှင့် ရိုးရာဝတ်စုံများ စုစုပေါင်းသိန်း ၁၀၀ ကျော်ခန့် ပစ္စည်းများ ပြတ်လပ်သည်အထိ ရောင်းချရလျက်ရှိကြောင်း သိရသည်။

နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် အထိမ်းအမှတ်ပြခန်းများတွင်လည်း တန်ခိုးကြီးဘုရားပုံစံငယ်များ၊ ရိုးရာဓလေ့ထုံးတမ်း အစဉ်အလာဓာတ်ပုံများ၊ ဝတ်စားဆင်ယင်မှုသရုပ်ဖော်ပုံစံများ၊ ဒေသထွက်လူမှုအသုံးအဆောင်ပစ္စည်းများနှင့် စားသောက်ကုန်များ၊ လက်မှုနှင့် စက်မှုပညာပစ္စည်းများ၊ အပန်းဖြေလည်ပတ်အနားယူနိုင်သည့် အထင်ကရနေရာများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ထင်ရှားကျော်ကြားသူများ၏ဓာတ်ပုံများ၊ မြတ်နိုးတန်ဖိုးထားထိန်းသိမ်းထားသည့် ယဉ်ကျေးမှုအမွေအနှစ်များနှင့် အဆောက်အအုံပုံစံငယ်များကို ခင်းကျင်းပြသထားပြီး နိုင်ငံတော်အစိုးရ၏ လုပ်ငန်းဆောင်ရွက်မှုများကို ပြည်သူများ ပိုမိုသိရှိနိုင်စေရန်အတွက်လည်း ဝန်ကြီးဌာနများအလိုက် ပြည်သူ့အကျိုးပြုပြခန်းများကို ပြသထားရာ ကျောင်းသား ကျောင်းသူများ၊ လူငယ်များနှင့် ပြည်သူများ အထူးစိတ်ဝင်စားစွာ လေ့လာကြည့်ရှုကြသည်။

ထို့ပြင် ကျောင်းသား ကျောင်းသူများနှင့် လူငယ်များ စိတ်ဝင်တစားဖြစ်စေရန်အတွက် ပြခန်းများတွင် ရင်ခုန်စိတ်လှုပ်ရှားစရာ ကံစမ်းမဲအစီအစဉ်များ၊ ပဟေဠိ ဖြေကြားသည့်အစီအစဉ်များ၊ ကိုယ်တိုင်ပါဝင်ဆင်နွှဲရသည့် ဂိမ်းကစားခြင်း အစီအစဉ်များနှင့် လက်ပန်းချီရေးဆွဲပေးခြင်း အစီအစဉ်ကောင်းများကိုလည်း ထည့်သွင်းထားသည်ကို တွေ့မြင်ရသည်။

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ စိတ်ဝင်စားဖွယ် အစီအစဉ်တစ်ခုအဖြစ် ပြည်သူများ တီဗွီဖန်သားပြင်မှသာ တွေ့မြင်နိုင်သည့် သတင်းစတူဒီယိုအတွင်း သတင်းကြေညာသည့် ပုံစံများကို ပြပွဲသို့ လာရောက်လေ့လာကြသူများကိုယ်တိုင် ဝင်ရောက်သတင်းကြေညာဟန်သရုပ်ဆောင်နိုင်ပြီး အမှတ်တရဓာတ်ပုံများ ရိုက်ကူးနိုင်ရန် စီစဉ်ဆောင်ရွက်ပေးထားသည့်အတွက် လူကြိုက်များသည့် ပြခန်းတစ်ခုလည်း ဖြစ်ခဲ့သည်။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့်လည်း "လှပသာယာ ပြည်မြန်မာ" ရောင်စုံဓာတ်ပုံပြခန်းများ၊ Community Centre လုပ်ငန်းများ အကောင်အထည် ဖော်ဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများ၊ ရွေ့လျားစာကြည့်တိုက်လုပ်ငန်းများနှင့် ပြည်သူ့ အသိပညာပေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများကို ပြည်သူများ ဗဟုသုတရရှိစေရန် ပြသထားသည်။

### အသိပညာပေးဆောင်ရွက်

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအနေဖြင့်လည်း ပြည်တွင်းနှင့် နိုင်ငံတကာရှိ သတင်းထူး၊ သတင်းဦးများကို ဖော်ပြပေးနေသည့် နေ့စဉ်ထုတ်သတင်းစာများဖြစ်သော မြန်မာ့အလင်း၊ ကြေးမုံနှင့် The Global New Light of Myanmar သတင်းစာများကို www.mdn.gov.mm website နှင့် Mobile Application မှ အချိန်မရွေး အခမဲ့ဖတ်ရှုနိုင်ကြောင်းကို ပြခန်းဖွင့်လှစ်၍ ပြပွဲလာသူများ သိရှိနိုင်စေရန် အသိပညာပေးဆောင်ရွက်ပေးခဲ့သည့်အပြင် ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနအနေဖြင့် ပြပွဲသို့ လာရောက်ကြသည့်ပြည်သူများကို စာပေဗဟုသုတအသိအမြင်များ တိုးပွားလာစေရန် ရည်ရွယ်၍ သုတ၊ ရသဆိုင်ရာ စာအုပ်များကို စာပေဗိမာန်ရွေ့လျားအရောင်းဆိုင်ဖွင့်လှစ်ရောင်းချပေးနေသည်ကိုလည်း တွေ့ရသည်။



လာရောက်ကြည့်ရှုသူများအား ရုပ်သေးအကဖြင့် ဖျော်ဖြေနေစဉ်။

ဖျော်ဖြေရေးအစီအစဉ်များအဖြစ် ညပိုင်းတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ အနုပညာရှင်များက တိုင်းကျိုးပြည်ပြုတေးသီချင်းများနှင့် ခေတ်ပေါ်တေးသီချင်းများဖြင့်လည်းကောင်း၊ အနုပညာဦးစီးဌာနမှ အနုပညာရှင်များက မျိုးချစ်စိတ်နှင့် ဇာတိမာန် တက်ကြွစေမည့် တေးသီချင်းများဖြင့်လည်းကောင်း၊ နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားရိုးရာယိမ်းအဖွဲ့များက ရိုးရာတေးသီချင်းများကို အကအလှများ ပေါင်းစပ်၍လည်းကောင်း မြူးကြွပျော်ရွှင်စွာဖြင့် ဖျော်ဖြေကြရာ ပြည်သူများ တစ်ခဲနက် ပါဝင်ဆင်နွှဲကြသည်။

### ဆေးခန်းဖွင့်လှစ်ထားရှိ

အဆိုပါ ဂုဏ်ပြုယာဉ်များ၊ အထိမ်းအမှတ်ပြခန်းများနှင့် တိုင်းရင်းသားရိုးရာ အစားအစာအရောင်းပြခန်းများသို့ လာရောက်ကြည့်ရှုသည့် အများပြည်သူများ အန္တရာယ်တစ်စုံတစ်ရာ မဖြစ်ပေါ်စေရန် တပ်မတော်နှင့်ပူးပေါင်းပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ကလည်း လုံခြုံရေး အပြည့်အဝပေးထားသည့်အပြင် ကျန်းမာရေးတစ်စုံတစ်ရာဖြစ်ပေါ်လာပါက ကျန်းမာရေး စောင့်ရှောက်မှုများပေးနိုင်ရန်အတွက် နေပြည်တော်ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန ကျန်းမာရေးဆေးအဖွဲ့က ဆေးခန်းဖွင့်လှစ်ထားရှိသည်ကို တွေ့ရသည်။

ထို့ပြင် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များက လာရောက်လေ့လာကြည့်ရှုကြသည့် ကျောင်းသား ကျောင်းသူ၊ ပြည်သူများ ယာဉ်အန္တရာယ် ကင်းရှင်းစွာသွားလာနိုင်ရန်အတွက် ပွဲတော်သို့လာသည့် လမ်းများ၌ ကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိသည်ကိုလည်း တွေ့ရသည်။

မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးတင်ဦးလွင်သည် ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်များ၊ တာဝန်ရှိသူများနှင့်အတူ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ်ပြခန်းများ၊ တိုင်းရင်းသားရိုးရာ အစားစာပြခန်းများနှင့် ဂုဏ်ပြုယာဉ်များကို လှည့်လည်ကြည့်ရှုအားပေးသည်။

အဆိုပါပွဲတော်၌ ဝန်ကြီးဌာနပြခန်း ၂၅ ခန်း၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ပြခန်း ၁၅ ခန်း၊ တိုင်းရင်းသားရိုးရာအစားအစာပြခန်း ၁၅ ခန်း စုစုပေါင်းပြခန်း ၅၅ ခန်းနှင့် ဝန်ကြီးဌာနများအလိုက် ကိုယ်စားပြုဂုဏ်ပြုယာဉ် ၂၆ စီး၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ကိုယ်စားပြု ဂုဏ်ပြုယာဉ် ၁၅ စီး၊ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ ဂုဏ်ပြုယာဉ် တစ်စီး၊ ပြည်ထောင်စုနောက်ပိတ် ဂုဏ်ပြုယာဉ် တစ်စီးနှင့် တပ်မတော်ကိုယ်စားပြုဂုဏ်ပြုယာဉ် ငါးစီး စုစုပေါင်း ဂုဏ်ပြုယာဉ် ၄၈ စီးတို့ကို ဇန်နဝါရီ ၄ ရက်မှ စတင်၍ ဇန်နဝါရီ ၈ ရက်အထိ ၅ ရက်တိုင်တိုင် ခင်းကျင်းပြသပေးခဲ့ရာ ပြည်သူများ စိတ်ဝင်တစား တစ်ခဲနက် လေ့လာကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**သတင်း – အောင်ရဲသွင်၊ အေးအေးသန့်**
**ဓာတ်ပုံ– ကိုကိုထိန်**



တိုင်းရင်းသားရိုးရာအစားအစာအရောင်းပြခန်းများ၌ လေ့လာဝယ်ယူသူများဖြင့် စည်ကားနေစဉ်။

# (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ်ပြခန်းများ၊ တိုင်းရင်းသားရိုးရာအစားအစာပြခန်းများနှင့် ဂုဏ်ပြုယာဉ်များ ပဉ္စမနေ့ ခင်းကျင်းပြသမှု မြင်ကွင်း



နေပြည်တော်ကောင်စီနယ်မြေကိုယ်စားပြု ရိုးရာအစားအစာနှင့် အရောင်းပြခန်း၌ ကြည့်ရှုလေ့လာဝယ်ယူနေကြသူများဖြင့် စည်ကားနေမှုကို တွေ့ရစဉ်။



တိုင်းရင်းသားရိုးရာအစားအစာနှင့် ဒေသထွက်ကုန်အရောင်းပြခန်းများ၌ လေ့လာကြည့်ရှုဝယ်ယူကြသူများဖြင့် စည်ကားနေမှုကို တွေ့ရစဉ်။




ဂုဏ်ပြုယာဉ်များ၌ ကြည့်ရှုလေ့လာသူများဖြင့် စည်ကားနေမှုကို တွေ့ရစဉ်။




ပဲခူးတိုင်းဒေသကြီးကိုယ်စားပြုပြခန်း၌ ကြည့်ရှုလေ့လာသူများဖြင့် စည်ကားနေမှုကို တွေ့ရစဉ်။



ကယားပြည်နယ်ကိုယ်စားပြုပြခန်း၌ ကြည့်ရှုလေ့လာသူများကို တွေ့ရစဉ်။



လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကိုယ်စားပြုပြခန်း၌ ကြည့်ရှုလေ့လာနေကြသူများကို တွေ့ရစဉ်။



ကျန်းမာရေးဝန်ကြီးဌာန ကိုယ်စားပြုပြခန်း၌ ကျောင်းသူလေးများ စိတ်ဝင်တစားကြည့်ရှုလေ့လာနေကြစဉ်။




ပညာရေးဝန်ကြီးဌာနကိုယ်စားပြုပြခန်း၌ ကျောင်းသူလေးများ စိတ်ဝင်တစား ကြည့်ရှုလေ့လာနေကြစဉ်။

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ်ပြခန်းများ၊ တိုင်းရင်းသားရိုးရာ အစားအစာပြခန်းများ စုစုပေါင်း ၅၅ ခန်းနှင့် ဂုဏ်ပြုယာဉ် စုစုပေါင်း ၄၈ စီးကို ဇန်နဝါရီ ၄ ရက်မှ ၈ ရက်အထိ နေပြည်တော် ဥပ္ပါတသန္တိစေတီတော်ရှေ့ တပေါင်းကွင်း၌ ခင်းကျင်းပြသလျက်ရှိရာ ဇန်နဝါရီ ၈ ရက်တွင် ပြည်သူများ တစ်ခဲနက် လာရောက်လေ့လာကြည့်ရှုနေမှုများကို ဖော်ပြအပ်ပါသည်။

**ဓာတ်ပုံမှတ်တမ်း - သက်အောင်**

# (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ်ပြခန်းများ၊ တိုင်းရင်းသားရိုးရာအစားအစာပြခန်းများနှင့် ဂုဏ်ပြုယာဉ်များ ပဥ္စမနေ့ ခင်းကျင်းပြသမှု မြင်ကွင်း



တိုင်းရင်းသားရိုးရာအကအလှများ၊ တေးသီချင်းများဖြင့် သီဆိုကပြဖျော်ဖြေမှုအား ကြည့်ရှုသူများဖြင့် စည်ကားနေမှုကို တွေ့ရစဉ်။



စစ်ကိုင်းတိုင်းဒေသကြီး ရိုးရာအစားအစာနှင့် ဒေသထွက်ကုန်ပစ္စည်း အရောင်းပြခန်း၌ ဒေသထွက်ကုန် အရာတော်သနပ်ခါး စမ်းသပ်လိမ်းခြယ်ပေးစဉ်။



ကချင်ပြည်နယ် ဂုဏ်ပြုယာဉ်၌ ကချင်တိုင်းရင်းသားရိုးရာအကဖြင့် ကပြဖျော်ဖြေစဉ်။



ဂုဏ်ပြုယာဉ်များ၊ ပြခန်းများနှင့် တိုင်းရင်းသားရိုးရာအစားအစာအရောင်းပြခန်းများ၌ လာရောက်ကြည့်ရှုလေ့လာသူများဖြင့် စည်ကားနေမှုကို တွေ့ရစဉ်။



အလုပ်သမားဝန်ကြီးဌာနက ပွဲတော်လာပြည်သူများအား ကျန်းမာရေးအခမဲ့ စစ်ဆေးပေးနေမှုကို တွေ့ရစဉ်။



ရှမ်းပြည်နယ်ကိုယ်စားပြုပြခန်း၌ ကြည့်ရှုလေ့လာနေကြသူများဖြင့် စည်ကားနေမှုကို တွေ့ရစဉ်။



ကရင်တိုင်းရင်းသားရိုးရာအစားအစာအရောင်းပြခန်း၌ ကြည့်ရှုလေ့လာဝယ်ယူနေကြသူများဖြင့် စည်ကားနေမှုကို တွေ့ရစဉ်။

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ်ပြခန်းများ၊ တိုင်းရင်းသားရိုးရာအစားအစာပြခန်းများ စုစုပေါင်း ၅၅ ခန်းနှင့် ဂုဏ်ပြုယာဉ် စုစုပေါင်း ၄၈ စီးကို ဇန်နဝါရီ ၄ ရက်မှ ၈ ရက်အထိ နေပြည်တော် ဥပ္ပါတသန္တိစေတီတော်ရှေ့ တပေါင်းကွင်း၌ ခင်းကျင်းပြသလျက်ရှိရာ ဇန်နဝါရီ ၈ ရက်တွင် ပြည်သူများ တစ်ခဲနက် လာရောက်လေ့လာကြည့်ရှုနေမှုများကို ဖော်ပြအပ်ပါသည်။

**ဓာတ်ပုံမှတ်တမ်း - သက်အောင်**

# တိုင်ကြားနိုင်ပါသည်

၁။ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် နိုင်ငံသားများ၏ လူ့အခွင့်အရေး ဖောက်ဖျက်ခံရမှုများနှင့်ပတ်သက်၍ တိုင်ကြားစာများကို လက်ခံလျက်ရှိပြီး ယင်းတိုင်ကြားစာများကို စိစစ်ခြင်း၊ စုံစမ်းစစ်ဆေးခြင်း၊ ညှိနှိုင်းဖြေရှင်းပေးခြင်းများနှင့် သက်ဆိုင်ရာဌာနများသို့ ဖြေရှင်းကုစားပေးရန် တိုက်တွန်းအကြံပြုခြင်းများ ပြုလုပ်ဆောင်ရွက်ပေးလျက်ရှိပါသည်။

၂။ နိုင်ငံသားတစ်ဦးသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ မူလအခွင့်အရေးကို ဖောက်ဖျက်ခံရခြင်း၊ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းပါအခွင့်အရေးများ ဖောက်ဖျက်ခံရခြင်း၊ နိုင်ငံတော်က ပါဝင်ချုပ်ဆိုထားသည့် နိုင်ငံတကာလူ့အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်များတွင် ပါရှိသည့် လူ့အခွင့်အရေးများကို ဖောက်ဖျက်ခြင်းခံရပါက ကိုယ်တိုင်အတွက်သော်လည်းကောင်း၊ အခြားသူတစ်ဦးအတွက်သော်လည်းကောင်း၊ လူတစ်စုကိုကိုယ်စားပြု၍သော်လည်းကောင်း **ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၊ အမှတ် (၂၇)၊ (၆) မိုင်ခွဲ၊ ပြည်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့**သို့ လိပ်မူ၍ မှတ်ပုံတင်စာဖြင့်ဖြစ်စေ၊ ကော်မရှင်ရုံးသို့ လူကိုယ်တိုင်ဖြစ်စေ **ဖက်စ်-၀၁- ၆၅၄၆၇၈ နှင့် ကော်မရှင် website ဖြစ်သော www.mnhrc.org.mm** တို့မှတစ်ဆင့်ဖြစ်စေ တိုင်ကြားနိုင်ပါသည်။

၃။ လူ့အခွင့်အရေးချိုးဖောက်ခံရခြင်းများတွင် ကလေးသူငယ်အခွင့်အရေး၊ အမျိုးသမီးအခွင့်အရေး၊ မသန်စွမ်းသူများအခွင့်အရေး ဖောက်ဖျက်ခံရခြင်းများလည်း အကျုံးဝင်ပါသဖြင့် နိုင်ငံအနှံ့အပြားတွင် ကလေးသူငယ်၊ မသန်စွမ်းနှင့် အမျိုးသမီးအခွင့်အရေး ချိုးဖောက်ခြင်းများ ခံစားကြုံတွေ့ရပါက ကော်မရှင်သို့ ကိုယ်တိုင်ဖြစ်စေ၊ တာဝန်သိသူတစ်ဦးဦးမှ ကိုယ်စားပြု၍ ဖြစ်စေ တိုင်တန်းနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

၄။ တိုင်တန်းရာတွင် အောက်ပါအချက်အလက်များ ပြည့်စုံစွာဖော်ပြရမည်ဖြစ်ပါသည်-

(က) တိုင်တန်းသူ၏အမည်၊ နေရပ်လိပ်စာနှင့် ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ (ဆက်သွယ်ရန် ဖုန်း၊ ဖက်စ်နှင့် e-mail တို့ရှိလျှင် ထည့်သွင်းဖော်ပြရန်)

(ခ) တိုင်တန်းသူသည် မည်ကဲ့သို့ မူလအခွင့်အရေး ဖောက်ဖျက်ခံရကြောင်း အချက်အလက်များဖြင့် အမှုနှင့်သက်ဆိုင်သော အထောက်အထားများ ပူးတွဲလျက် ပြည့်စုံစွာဖော်ပြရန်၊

(ဂ) တိုင်တန်းဖော်ပြချက်သည် မှန်ကန်စွာရေးသားဖော်ပြခြင်း ဖြစ်ကြောင်း ဝန်ခံချက်လက်မှတ်ရေးထိုးရန်၊

(ဃ) တိုင်တန်းသူ၏ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ။

၅။ ယခုအခါ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်သို့ ပေးပို့လာသော တိုင်တန်းချက်များတွင် **နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ မပါရှိခြင်းများ တွေ့ရှိနေရပါသဖြင့်** တိုင်ကြားသူများအနေဖြင့် မိမိတို့၏ တိုင်တန်းချက်တွင် **နိုင်ငံသားစိစစ်ရေးကတ်မိတ္တူကို မဖြစ်မနေ ပူးတွဲပေးပို့ပါရန်**လည်း အလေးအနက် တိုက်တွန်းအပ်ပါသည်။

**မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်**

## စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၄၅၃၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် ဇန်နဝါရီ ၈**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်းဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့တွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခ ကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ဇန်နဝါရီ ၉ ရက်မှ ၁၅ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ငွေကျပ် ၄၅၃၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့အပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းနှင့် မသမာသည့် လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အဆိုပါ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website:www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**



နေပြည်တော် ဥပ္ပါတသန္တိစေတီတော်အနီးရှိ တပေါင်းကွင်း၌ ခင်းကျင်းပြသလျက်ရှိသည့် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် ရှမ်းပြည်နယ်ကိုယ်စားပြု ပြခန်းရှေ့တွင် ဇန်နဝါရီ ၈ ရက် ညပိုင်းက ‘ဝ’ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့မှ အကအလှများဖြင့် ဖျော်ဖြေစဉ်။

ဓာတ်ပုံ - စိုင်းထွန်းနေလှိုင်

## ဆီဆိုင်မြို့နယ်၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းသင်တန်း ဖွင့်လှစ်

**ဆီဆိုင် ဇန်နဝါရီ ၈**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ထပ်တိုးအကောင်အထည်ဖော်ဆောင်ရွက်မည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းဝင် ကျေးရွာ သုံးရွာမှ ကော်မတီဝင်များအား ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (AVIP)သင်တန်းကို ယနေ့နံနက်ပိုင်းက အဆိုပါဦးစီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဆီဆိုင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထျာရယ်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

**သင်ကြားပို့ချ**

ဆက်လက်၍ ဦးစီးအရာရှိ ဒေါ်လှဝိုင်းနွယ်(နည်းပညာ)နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များကို ကျေးရွာဖွံ့ဖြိုးရေး ရန်ပုံငွေသုံးစွဲရေးအစီအစဉ်နှင့်ပတ်သက်သည့် သင်ခန်းစာများ၊ စီမံကိန်းရေးဆွဲနည်း သင်ခန်းစာများကို သင်ကြားပို့ချခဲ့သည်။

အဆိုပါ သင်တန်းသို့ ဆီဆိုင်မြို့နယ်အတွင်းရှိ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ထပ်တိုးအကောင်အထည်ဖော်ဆောင်ရွက်မည့် ထီအုံးစောက်ကျေးရွာ၊ တနိုင်းမွန်းကျေးရွာနှင့် ထီလုံးဆူကျေးရွာတို့မှ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင် ၁၂ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းတွင် ကျေးရွာသယံဇာတပြမြေပုံရေးဆွဲနည်း၊ ရာသီခွင်ပြပြက္ခဒိန်ရေးဆွဲနည်း၊ အိမ်ထောင်စု စာရင်းကောက်ယူခြင်း၊ (၄၈)ဇယားဖြည့်သွင်းနည်း၊ နှစ်စဉ်ကျေးရွာဖွံ့ဖြိုးရေးရန်ပုံငွေသုံးစွဲရေး အစီအစဉ်နှင့် ပက်သက်သည့် သင်ခန်းစာများ အစရှိသည့် သင်ခန်းစာများကို တစ်ရက်ကြာ စာတွေ့၊ လက်တွေ့ သင်ကြားပို့ချမည်ဖြစ်ကြောင်း သိရသည်။




**၂၂၂**

## မင်းဘူး(စကု)မြို့နယ်၌ တစ်နိုင်တစ်ပိုင် မုန့်လုပ်ငန်းဖြင့် မိသားစု စားဝတ်နေရေးအဆင်ပြေ

**မင်းဘူး ဇန်နဝါရီ ၈**

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့ ရှမ်းစုရပ်ကွက်တွင် မိသားစု တစ်နိုင်တစ်ပိုင် မုန့်အမျိုးမျိုးပြုလုပ်ရောင်းချခြင်းမှ စားဝတ်နေရေး အဆင်ပြေလျက်ရှိကြောင်း မင်းဘူးမြို့အမှတ် (၄)ရှမ်းစုရပ် အောင်မြင်သူ မုန့် ပြုလုပ်ရောင်းချသည့် မိသားစုများထံမှ သိရသည်။

ထိုသို့ပြုလုပ် ရောင်းချရာတွင် ပဲကိတ်၊ လမုန့်၊ ဆီကြော်မုန့်၊ ပေါင်မုန့်အမျိုးမျိုးနှင့် ကိတ်မုန့်အမျိုးမျိုးပြုလုပ်ပြီး လိုအပ်သော ပစ္စည်းများမှာ ဂျုံ၊ သကြား၊ ဆီ၊ ထောပတ်၊ ကြက်ဥ၊ ပဲယို၊ ရေ၊ ဆားအနည်းငယ်နှင့် ပွဆေးအနည်းငယ် ထည့်၍ပြုလုပ်ရကြောင်း သိရသည်။

“ကျွန်တော်တို့ မုန့်ပြုလုပ်ရောင်းချတာ ၁၅ နှစ်ရှိပြီဖြစ်ပါတယ်။ အလုပ်သမား ခုနစ်ဦးရှိကာ မိသားစု မုန့်လုပ်ငန်းလေးဖြစ်ပြီး မုန့်ခြောက်မျိုး၊ ခုနစ်မျိုး လောက်ပြုလုပ်၍ ပဲကိတ်နှင့် လမုန့်များကိုသာ အဓိကထားပြုလုပ် ရောင်းချပါတယ်။ ပေါင်မုန့်ရှည်ကြီးများကိုတော့ မှာသူ အော်ဒါရှိမှ ပြုလုပ်ရောင်းချကာ မုန့်များကို မင်းဘူးမြို့မှ ဈေးဆိုင်များကိုသာ အဓိကထား ပို့ပေးရပြီး စကု၊ လယ်ကိုင်း၊ ပွင့်ဖြူ၊ လေးပင်စသော အနီးအနားရှိ မြို့များကိုလည်း ပို့ပေးရတဲ့အတွက် မိသားစုတစ်နိုင် တစ်ပိုင် မုန့်လုပ်ငန်းလေးနဲ့ အဆင်ပြေလျက် ရှိပါတယ်” ဟု မင်းဘူးမြို့ ရှမ်းစုရပ်ကွက်မှ မုန့်အမျိုးမျိုးပြုလုပ်ရောင်းချသူ ကိုသိန်းဇော်က ပြောသည်။

**ဇေယျာထက်(မင်းဘူး)**

# အယ်လ်ဇိုင်းမားရောဂါကုသရန် ဆေးဝါးအသစ်တစ်မျိုးကို အမေရိကန်နိုင်ငံ အတည်ပြု

ဝါရှင်တန် ဇန်နဝါရီ ၈

ဂျပန်ဆေးဝါးကုမ္ပဏီ Eisai နှင့် အမေရိကန် လုပ်ဖော်ကိုင်ဖက် ဆေးဝါးကုမ္ပဏီ Biogen တို့ ပူးပေါင်းထုတ်လုပ်သည့် အယ်လ်ဇိုင်းမားရောဂါအတွက် ဆေးဝါးအသစ်ကို အမေရိကန်စားနပ်ရိက္ခာနှင့် ဆေးဝါးကွပ်ကဲရေးအဖွဲ့က အတည်ပြုလိုက်ပြီဖြစ်သည်။

LEQEMBI အမည်ရှိ အဆိုပါဆေး၏အာနိသင်ကို စစ်ဆေးပြီးနောက် အတည်ပြုပေးခဲ့ကြောင်း အမေရိကန်စားနပ်ရိက္ခာနှင့် ဆေးဝါးကွပ်ကဲရေးအဖွဲ့က ဇန်နဝါရီ ၆ ရက်တွင် ကြေညာခဲ့သည်။

သုတေသီများသည် လူနာ ၈၅၀ ခန့်ကို စမ်းသပ်ပြီး ဆေး၏အာနိသင်နှင့် အကျိုးဆက်ဖြစ်ပေါ်မှုအခြေအနေများကို အကဲဖြတ်ခဲ့သည်။

ရလဒ်များအရ အယ်လ်ဇိုင်းမားရောဂါရှိသူများ၏ ဦးနှောက်တွင်တွေ့ရှိရသည့် အမိုင်နိုအက်ဆစ်ပါဝင်မှုကို လျှော့ချပေးနိုင်ကြောင်း သိရသည်။

ယခုအတည်ပြုပေးခဲ့သည့် ဆေးဝါး LEQEMBI သည် အမိုင်နိုအက်ဆစ်လျှော့ချမှုကို အဓိကထားလုပ်ဆောင်ပြီး အမေရိကန်နိုင်ငံက အတည်ပြုပေးသည့် ဒုတိယ အယ်လ်ဇိုင်းမားဆေးဝါးတစ်ခုဖြစ်လာသည်။

အဆိုပါဆေးသည် အယ်လ်ဇိုင်းမားရောဂါကို ထိထိရောက်ရောက် ကုသရန် အသုံးပြုနိုင်ကြောင်း ပြောကြားသည်။ အဆိုပါ ဆေးသည် ဦးနှောက်ဆဲလ်များ ပျက်စီးခြင်းကို ဟန့်တားခြင်းဖြင့် ရောဂါတိုးတက်မှုကို နှေးကွေးစေသည်ဟု ယုံကြည်ရသည်။

အယ်လ်ဇိုင်းမားရောဂါရှိသူများ၏ ဦးနှောက်ဆဲလ်များ ပျက်စီးပြီးသည်နှင့် တစ်ပြိုင်နက် ဦးနှောက်ဆဲလ်များကို ပြန်လည်မထုတ်လုပ်နိုင်တော့ကြောင်း အမေရိကန်စားနပ်ရိက္ခာနှင့် ဆေးဝါးကွပ်ကဲရေးအဖွဲ့က ပြောကြားသည်။

ယခုအတည်ပြုပေးသည့် ဆေးဝါးများအား ပြင်းထန်သောအခြေအနေများတွင် ကုသရန် အသုံးပြုနိုင်ကြောင်း သိရသည်။ **ကိုးကား–အင်န်အိတ်ချ်ကေ**

**ဘာသာပြန်– အောင်ကျော်ကျော်**






# ဆီနီဂေါနိုင်ငံအလယ်ပိုင်း၌ ယာဉ်မတော်တဆမှုကြောင့် လူပေါင်း ၄၀ သေဆုံး

ဒါကာ ဇန်နဝါရီ ၈

ဆီနီဂေါနိုင်ငံအလယ်ပိုင်း ကက်ဖ်ရင်းဒေသ၌ ဇန်နဝါရီ ၈ ရက်က ဘတ်စ်ကားနှစ်စီးတိုက်မိမှုဖြစ်ပွားခဲ့ခြင်းကြောင့် လူပေါင်း ၄၀ သေဆုံးခဲ့ပြီး အများအပြားဒဏ်ရာရရှိခဲ့ကြောင်း ကယ်ဆယ်ရေးနှင့် ကျန်းမာရေးကို တာဝန်ယူဆောင်ရွက်ရသော ဒေသဆိုင်ရာအာဏာပိုင်များက ပြောကြားသည်။

အဆိုပါ ယာဉ်မတော်တဆမှုဖြစ်ပွားပြီးနောက် ဇန်နဝါရီ ၈ ရက်တွင် ဆီနီဂေါနိုင်ငံ သမ္မတ မက်ကီဆားလ်က သုံးရက်ကြာ ဝမ်းနည်းခြင်းနေ့အဖြစ် သတ်မှတ်ခဲ့ကြောင်း သိရသည်။

ကက်ဖရင်းဒေသမှာ လူပေါင်း ၄၀ သေဆုံးခဲ့တဲ့ အပြင်းထန်ဆုံးသော ယာဉ်မတော်တဆမှုဖြစ်ပွားခဲ့တာကြောင့် မိမိအနေဖြင့် ဇန်နဝါရီ ၉ ရက်မှစတင်ကာ သုံးရက်တိုင်တိုင် ဝမ်းနည်းခြင်းနေ့အဖြစ် သတ်မှတ်ခဲ့ခြင်းဖြစ်ကြောင်း ဆီနီဂေါသမ္မတ မက်ကီဆားလ်က ၎င်း၏တွစ်တာစာမျက်နှာတွင် ရေးသားဖော်ပြခဲ့သည်။

ထို့ပြင် လမ်းအန္တရာယ်ကင်းရှင်းရေးနှင့် အများပြည်သူခရီးသည်ပို့ဆောင်ရေးဆိုင်ရာ ခိုင်မာသည့် အစီအမံများ ဆောင်ရွက်ရန် ဝန်ကြီးဌာနများအစည်းအဝေးကျင်းပသွားမည်ဖြစ်ကြောင်းလည်း ဆီနီဂေါသမ္မတ မက်ကီဆားလ်က ဆက်လက်ပြောကြားသည်။

အဆိုပါ လူအများအပြားသေဆုံးခဲ့သည့် ယာဉ်မတော်တဆမှုနှင့် စပ်လျဉ်း၍ လက်ရှိအချိန်တွင် နောက်ထပ်အသေးစိတ်အချက်အလက်များမထွက်ပေါ်သေးကြောင်းလည်း သိရသည်။

**ကိုးကား – ဆင်ဟွာ**

**ဘာသာပြန် – အလင်းသစ်**

# ဂျပန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် တစ်ရက်လျှင် လူ ၄၀၀ ကျော် သေဆုံးလျက်ရှိ

တိုကျို ဇန်နဝါရီ ၈

ဂျပန်နိုင်ငံ၌ ကိုဗစ်–၁၉ ရောဂါကူးစက်မှုကြောင့် စံချိန်တင်သေဆုံးမှုဆိုင်ရာ အစီရင်ခံစာများထွက်ပေါ်လာပြီး တစ်ရက်လျှင် လူ ၄၀၀ ကျော်သေဆုံးလျက်ရှိကြောင်း ကျန်းမာရေးအာဏာပိုင်များက ဆိုသည်။

ဇန်နဝါရီ ၈ ရက်တွင် သေဆုံးသူအရေအတွက်သည် မကြာသေးမီရက်များကထက် အနည်းငယ်လျော့ကျခဲ့သော်လည်း လာမည့်ရက်သတ္တပတ်များတွင် သေဆုံးသူအရေအတွက် ပိုမိုမြင့်တက်လာနိုင်ကြောင်း ဆေးဘက်ဆိုင်ရာကျွမ်းကျင်သူများက ဆိုသည်။

လွန်ခဲ့သော တစ်ရက်အတွင်း ကိုဗစ်–၁၉ ရောဂါကူးစက်မှုကြောင့် သေဆုံးသူ ၄၀၇ ဦးရှိကြောင်း ကျန်းမာရေးအရာရှိများက ယနေ့အတည်ပြုခဲ့သည်။

အီချိဗဟိုစီရင်စုသည် ဂျပန်နိုင်ငံရှိ စီရင်စု ၄၇ ခုအနက် အဆိုပါရောဂါကူးစက်မှုကြောင့် သေဆုံးသူအရေအတွက် အများဆုံးဖြစ်သည်။ မြို့တော်တိုကျို၌ သေဆုံးသူ ၃၀ ရှိသည်။

အလားတူ လွန်ခဲ့သော တစ်ရက်အတွင်း ကိုဗစ်–၁၉ ရောဂါကူးစက်ခံရသူ ၁၉၀၀၀၀ ကျော် ထပ်မံ စစ်ဆေးတွေ့ရှိခဲ့ကြောင်း သိရသည်။

ဂျပန်နိုင်ငံသည် ကိုဗစ်–၁၉ ရောဂါကူးစက်မှု အဋ္ဌမမြောက်လှိုင်းကို ရင်ဆိုင်နေရသည်။ သို့သော် ရောဂါကူးစက်မှုမြင့်တက်မှုသည် ပြီးခဲ့သည့်နွေရာသီကာလက အရေအတွက်အထိ မရောက်ရှိနိုင်ကြောင်း ဆေးဘက်ဆိုင်ရာကျွမ်းကျင်ပညာရှင်များက ခန့်မှန်းပြောကြားသည်။ **ကိုးကား– အင်န်အိတ်ချ်ကေ**

**ဘာသာပြန်– အောင်ကျော်ကျော်**



# မက္ကဆီကိုနိုင်ငံ၌ မြေအောက်ရထားနှစ်စင်းတိုက်မိမှုဖြစ်ပွား

**မက္ကဆီကိုစီးတီး ဇန်နဝါရီ ၈**

မက္ကဆီကိုနိုင်ငံ၌ မြေအောက်ရထားနှစ်စင်း ယမန်နေ့က တိုက်မိမှု ဖြစ်ပွားခဲ့ရာ ခရီးသည်အနည်းဆုံးတစ်ဦးသေဆုံးပြီး ၅၇ ဦးထိခိုက်ဒဏ်ရာရရှိကြောင်း ဒေသန္တရအာဏာပိုင်များက ပြောသည်။ ဇန်နဝါရီ ၈ ရက် နံနက်ပိုင်းက လာရာဇာဘူတာရုံနှင့် ပိုထရီရိုဘူတာရုံအကြားရှိ မက်ထရိုရထားလမ်းနေရာ အမှတ် (၃) တွင် ရထားနှစ်စင်း တိုက်မိမှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

အခင်းဖြစ်ပွားမှုကြောင့် ရထားတွဲဆိုင်းအတွင်း ပိတ်မိနေသည့် ခရီးသည်လေးဦးအနက် သုံးဦးအား ကယ်ဆယ်ပြီးဖြစ်ကြောင်းနှင့် ထိခိုက်ဒဏ်ရာရရှိသူများအား နီးစပ်ရာဆေးရုံများသို့ ဆေးကုသမှုခံယူရန် ပို့ဆောင်ပေးပြီးဖြစ်ကြောင်း မက္ကဆီကိုမြို့တော်ဝန် ကလော့ဒီယာ ရှီအင်ဘမ်က ၎င်း၏တွစ်တာစာမျက်နှာတွင် ရေးသားထားသည်။

ရထားနှစ်စင်း တိုက်မိမှုနှင့်ပတ်သက်ပြီး စုံစမ်းစစ်ဆေးလျက်ရှိပြီး ကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း မက္ကဆီကိုစီးတီးရှေ့နေချုပ်ရုံးက တွစ်တာစာမျက်နှာတွင် ရေးသားထားသည်။ မက္ကဆီကိုစီးတီးမြေအောက်ရထားသည် နိုင်ငံအတွင်း ပြည်သူအများအပြား အသုံးပြုသည့် ခရီးပို့ဆောင်ရေးလမ်းကြောင်းတစ်ခုဖြစ်သည်။

၂၀၂၁ ခုနှစ် မေလတွင်လည်း မြို့တော်ရှိ မြေအောက်ရထားစနစ်၏ မြင့်မားသောအပိုင်းတစ်ခု ပြိုကျခဲ့ပြီး ရထားတွဲတစ်စင်းသည် အောက်ဘက်ရှိ လူစည်ကားသည့်လမ်းမပေါ်သို့ ပြုတ်ကျသွားခဲ့ရာ လူ ၂၀ ကျော်သေဆုံးခဲ့ကြောင်း သိရသည်။

**ကိုးကား– အင်န်အိတ်ချ်ကေ**

**ဘာသာပြန်– အောင်ကျော်ကျော်**

# လာအိုနိုင်ငံ၏ ငွေကြေးဖောင်းပွမှု ဒီဇင်ဘာလအတွင်း ၃၉ ဒသမ ၃ ရာခိုင်နှုန်းမြင့်တက်

ဗီယင်ကျန်း ဇန်နဝါရီ ၈

လာအိုနိုင်ငံ၏ ငွေကြေးဖောင်းပွမှုနှုန်းသည် ဒီဇင်ဘာလအတွင်းက ၃၉ ဒသမ ၃ ရာခိုင်နှုန်း မြင့်တက်မှုရှိခဲ့ပြီး ၂၀၂၂ ခုနှစ်အတွင်း အမြင့်ဆုံးငွေကြေးဖောင်းပွမှုဖြစ်ကြောင်း လာအိုနိုင်ငံစာရင်းအင်းဗျူရိုက ဇန်နဝါရီ ၇ ရက်တွင် ထုတ်ပြန်သည့် ထုတ်ပြန်ချက်အရ သိရသည်။

လာအိုနိုင်ငံ၌ တစ်နေ့ထက်တစ်နေ့ ငွေကြေးဖောင်းပွမှုမြင့်တက်လျက်ရှိပြီး ၂၀၂၂ ခုနှစ် နိုဝင်ဘာလအတွင်းက ၃၈ ဒသမ ၄၆ ရာခိုင်နှုန်းရှိခဲ့ရာမှ ဒီဇင်ဘာလတွင် ၃၉ ဒသမ ၃ ရာခိုင်နှုန်းမြင့်တက်မှုရှိခဲ့ကြောင်း သိရသည်။

ဒီဇင်ဘာလအတွင်း လာအိုနိုင်ငံ၏ ဆက်သွယ်ရေးနှင့် သယ်ယူပို့ဆောင်ရေးကုန်ကျစရိတ်သည် ၅၀ ဒသမ ၄ ရာခိုင်နှုန်းမြင့်တက်ခဲ့ပြီး အစားအသောက်နှင့် အရက်မဟုတ်သော အဖျော်ရည်များ၏ ဈေးနှုန်းသည်လည်း ၄၅ ဒသမ ၉ ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်း သိရသည်။

လာအိုနိုင်ငံ၏ ငွေကြေးဖောင်းပွမှုသည် ၂၀၂၂ ခုနှစ် နှစ်စပိုင်းမှစတင်ကာ မြင့်တက်မှုရှိခဲ့ပြီး ဇန်နဝါရီလအတွင်းက ၆ ဒသမ ၂၅ ရာခိုင်နှုန်း၊ ဖေဖော်ဝါရီလတွင် ၇ ဒသမ ၃၁ ရာခိုင်နှုန်း၊ မတ်လတွင် ၈ ဒသမ ၅၄ ရာခိုင်နှုန်း၊ ဧပြီလတွင် ၉ ဒသမ ၈၇ ရာခိုင်နှုန်း၊ မေလတွင် ၁၃ ဒသမ ၈၁ ရာခိုင်နှုန်း အသီးသီး မြင့်တက်မှုရှိခဲ့ကြောင်း သိရသည်။

ထို့ပြင် ဇွန်လတွင် ၂၃ ဒသမ ၆ ရာခိုင်နှုန်း၊ ဇူလိုင်လတွင် ၂၅ ဒသမ ၅၅ ရာခိုင်နှုန်း၊ ဩဂုတ်လတွင် ၃၀ ဒသမ ၀၁ ရာခိုင်နှုန်း၊ စက်တင်ဘာလတွင် ၃၄ ဒသမ ၀၅ ရာခိုင်နှုန်း၊ အောက်တိုဘာလတွင် ၃၆ ဒသမ ၇၅ ရာခိုင်နှုန်းနှင့် နိုဝင်ဘာလတွင် ၃၈ ဒသမ ၄၆ ရာခိုင်နှုန်းမြင့်တက်မှုရှိခဲ့ကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – အလင်းသစ်**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ် စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်း ဖြစ်သည်။

# တရားမဝင် သစ်မျိုးစုံ၊ တောရိုင်းတိရစ္ဆာန်များ၊ စားသောက်ကုန်၊ ဘက်ထရီ၊ စိုက်ပျိုးရေးသုံးပစ္စည်းနှင့် မော်တော်ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် ဇန်နဝါရီ ၈

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၆ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် အေးရှားဝေါလ် ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ တာဝန်ကျအကောက်ခွန်အဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကုန်သေတ္တာတစ်လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာ(ID)တွင် ကြေညာထားခြင်းမရှိသော 12V 12Ah Battery အလုံး ၆၀၀ အပါအဝင် ကုန်ပစ္စည်း ငါးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၆၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပဲခူးမြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံး ဦးဆောင်သော ပူးပေါင်းအဖွဲ့က ပဲခူးမြို့နယ် ရွှေသံလွင်တိုးဂိတ်အနီးတွင် မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာ (ID) တွင် ကြေညာထားခြင်းမရှိသော Prawn Hornet တံဆိပ် RBD Palm Olein လီတာ ၁၀၈၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၈၀၀၀၀)နှင့် အဆိုပါ ပစ္စည်းများတင်ဆောင်လာသော Hino Freezer Box Truck အမျိုးအစား ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀၀)ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းအရလည်းကောင်း၊ တိုင်းဒေသကြီး သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းအဖွဲ့က တောင်ငူခရိုင်နှင့် သာယာဝတီခရိုင်များအတွင်း တရားမဝင် ကျွန်းသစ်၊ ကညင်သစ်နှင့် ပျဉ်းကတိုးသစ် ၅ ဒသမ ၃၀၀၈ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၉၂၀၄၀)ကို သစ်တောဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅၄၆၇၂၀၄၀ ကို သိမ်းဆည်းအရေးယူဆောင်ရွက်လျက်ရှိသည်။



အေးရှားဝေါလ် ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ သိမ်းဆည်းရမိမှုကို တွေ့ရစဉ်။


ပဲခူးတိုင်းဒေသကြီး၌ သိမ်းဆည်းရမိမှုကို တွေ့ရစဉ်။

ထို့အတူ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ၁၆ မိုင် ကျောက်ချောစစ်ဆေးရေးစခန်း၌ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် ကျွန်းသစ် သုည ဒသမ ၃၅၅ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၉၀၅၀၀)၊ တောရိုင်းတိရစ္ဆာန်နှင့်ငှက်မျိုးစုံ ကိုးမျိုး ကောင်ရေ ၁၂၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၈၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသော NISSAN AD VAN အမျိုးအစား ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၅၇၀၅၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဇန်နဝါရီ ၆ ရက်တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ရှစ်မှု (ခန့်မှန်းတန်ဖိုး ငွေကျပ် ၈၇၈၄၂၅၄၀) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

# ရွှေကျင်မြို့နယ် ဆန်းသစ်လယ်ယာနှင့် အထွေထွေစီးပွားရေးသမဝါယမအသင်းသားပိုင် လယ်မြေများ၌ ဆောင်းမြေပဲများ စိုက်ပျိုးထားရှိ

ရွှေကျင် ဇန်နဝါရီ ၈

ဒေသတွင်းဆီစားသုံးမှုဖူလုံစေရန်အတွက် သမဝါယမကဏ္ဍက တစ်ဖက်တစ်လမ်းမှ ဆောင်ရွက်ပေးလျက်ရှိရာ ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ်ရှိ ဆန်းသစ်လယ်ယာနှင့် အထွေထွေစီးပွားရေး သမဝါယမအသင်း၏ အသင်းသားပိုင်လယ်မြေစိုက်ဧက ၃၄ ဧကပေါ်တွင် ဆောင်းမြေပဲများ စိုက်ပျိုးထားရှိသည်။

ဆောင်းမြေပဲများ ရိတ်သိမ်းချိန်တွင် တစ်ဧကပျမ်းမျှအထွက်နှုန်းတင်း ၇၀ ခန့်နှင့် ဆောင်းမြေပဲတင်းပေါင်း ၂၃၀၀ ကျော် ထွက်ရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၉-၁-၂၀၂၃ တနင်္လာနေ့

**MRTV HD**

၀၆:၀၀ တောင်တန်းသာသနာပြုဆရာတော်ဘုရားကြီး၏ ပရိတ်တရားတော်(ရတနသုတ်)
၀၇:၀၀ နံနက်ခင်းသတင်း
၀၈:၃၅ "စစ်မီးငြိမ်းချိန်တန်ပါပြီ"
၀၉:၁၀ စိုက်ပျိုးရေးရာအမြင်
၁၀:၀၀ သတင်းထဲကသတင်း
၁၀:၃၀ Economic Review
၁၁:၄၀ ဘဝနှင့်အနုပညာ 'သီတာမှသည် တေးသံရှင်ခိုင်ထူး...' (အပိုင်း-၃)
၁၂:၃၀ မြန်မာဇာတ်လမ်းတွဲ "အတိုးမပေးတဲ့...ဒိုးလေး"(အပိုင်း-၂၃)
၁၃:၃၀ MRTV National News
၁၅:၃၀ ရုပ်မြင်သံကြားဇာတ်လမ်း "လူပျိုကြီးမဟုတ်တဲ့လူပိုကြီး"
၁၆:၃၅ မျိုးဝက်တင်ငဲဆိုကရေးတီးအငွေ
၁၇:၁၅ သတင်းသမားပြောတဲ့သတင်းစကား
၁၈:၀၀ ပြည်တွင်းသတင်း
၁၈:၅၀ နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ပန်းရနံ့လှိုင့်ပျံ့အမှုန်း"(အပိုင်း-၅၂)
၁၉:၃၀ ရုပ်မြင်သံကြားဇာတ်လမ်း "အရှိအမှန်စကား"
၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၂၁:၀၀ သံစဉ်ဝေဖြာဝတီရီယိုတေးကဏ္ဍ
၂၁:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ "အောင်ပွဲမဏ္ဍိုင်ရင်ဆိုင်ချိတက်" (အပိုင်း-၂၄)

**mitv**

07:02 Evergreen Classic: Aung Chin Shit Par
07:12 Visiting A Serene Village In The Northwest Of Myanmar
07:28 Innovative Handiworks Based On The Art Of Line Drawing
07:47 Toddy Palm Product Shop
08:01 News
08:27 ASEAN Women Entrepreneurship: Vietnam
08:39 Sri Ksetra, Field of Fortune & Glory (Part-3)
09:01 Daytamotbarat Sasana Land
09:24 Discovering Tribes "Rvwang" Their Life and Customs (Part-1)
09:49 Tigers, Lions and the Guardians
10:01 News
10:27 Topical Topics
10:35 Listening Pleasure, Instrumental Music (Banjo) Ohnt Pone Chit
10:43 Dough Artist's Dream
10:54 Mandalay, The Golden City

**MRTV NRC**

ချင်း(လိုင်ဇိုး) (၀၆:၀၀ မှ ၀၇:၀၀)
ဆန်းပြားလှသည့်ချင်းရိုးရာနှာခေါင်းပလွေမှုတ်
ချင်း(ဒိုင်ုး) (၀၇:၀၀ မှ ၀၈:၀၀)
အစွမ်းထက်တဲ့ငှက်ကောင်းအကြောင်း သိကောင်းစရာ
မွန် (၀၈:၀၀ မှ ၁၀:၀၀)
မွန်ဘာသာစကားပြောကြရအောင်(အပိုင်း-၆)
ရခိုင် (၁၀:၀၀ မှ ၁၂:၀၀)
အမှောင်ကမ္ဘာထဲမှ ဇွဲအားရှင်လေးများ
ရှမ်း (၁၂:၀၀ မှ ၁၄:၀၀)
မောဟိုဂျာနေ မြို့ညောင်ရွှေနှင့်အင်းလေးအလှ
"ဝ" (၁၄:၀၀)မှ(၁၆:၀၀)ထိ
"ဝ"ရိုးရာအထည်ဆိုင်
ကချင် (၁၆:၀၀)မှ (၁၈:၀၀)ထိ
လဒိုဒိုရိုးရာဝတ်စားဆင်ယင်ပုံ
ကယား(၁၈:၀၀)မှ(၂၀:၀၀) ထိ
သဘာဝဆန်ဆန်အလှရှိရာ ဒူးဟုရာတောင်ရှေ့တောင်တန်းဆီသို့
ပအိုဝ်း (၂၀:၀၀)မှ (၂၁:၀၀)ထိ
အမဲသားတုတ်ထိုး
ဒနုအုတ်ပိုးကရင်(၂၁:၀၀)မှ(၂၂:၀၀)ထိ
ရင်ထဲကလက်မှုပညာ
ဒရှိုမ်းကရင်(၂၂:၀၀)မှ(၂၃:၀၀)ထိ
အံ့ဩဖွယ်ရာပန်ဝှင်မြို့မှာ

**MRTV NEWS**

၀၆:၀၀ အဖွင့်၊ တေးသီချင်း
၀၆:၄၀ အားကစားသတင်း
၀၈:၃၀ နိုင်ငံတကာသတင်း(LIVE)
၀၉:၀၀ ပြည်တွင်းသတင်း(LIVE)
၀၉:၁၅ Weekly Selected News
၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
၁၂:၃၀ နိုင်ငံတကာသတင်း (LIVE)
၁၄:၀၀ Myanmar National News
၁၉:၀၀ ပြည်တွင်းသတင်း (LIVE)
၂၀:၃၀ နိုင်ငံတကာသတင်း (LIVE)
၁၆:၀၀ သတင်းမှန်ကဏ္ဍ (LIVE)
၂၁:၄၅ သတင်းသမားပြောတဲ့သတင်းစကား

**MRTV PARLIAMENT**

၀၉:၀၀ အဖွင့်အခဲ
၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို "မကောင်းဆိုးဝါး"
၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
၁၀:၃၀ ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာဆွေးနွေးခန်း အပိုင်း-၂
၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း ကိုရီးယားနိုင်ငံ(အပိုင်း-၁)
၁၁:၃၀ 'အတွေးအမြင်' အပိုင်း-၂

**MRTV FARMERS**

၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
၀၆:၀၂ တောင်သူလယ်သမားရေးရာသတင်း
၀၆:၂၅ အာဟာရနေ့စဉ်ဖြည့်စွက်သဘာဝဆေးကောင်းတစ်လက်(လိမ္မော်သီးအကြောင်း)
၀၇:၀၀ စိုက်ပျိုးမွေးမြူသုတဘဏ်
၀၇:၁၀ နောင်ဘိုကြာတန်နှင့် သစ္စာပန်းစိုက်ပျိုးရေး
၀၇:၄၀ အသားတိုးကြက်မွေးမြူရေးမှသည် ကျေးလက်ပြည်သူများဝင်ငွေတိုးပွားရေးဆီသို့
၀၈:၂၀ တောင်သူများအတွက်အသုံးဝင်စပ်မျိုးနေကြာပင်
၀၈:၅၅ ကျေးရူရှင်တောင်သူလယ်သမားများရဲ့ဘဝ
၀၉:၂၀ ကယားမြေမှဆောင်းအာလူး
၀၉:၄၀ ခေတ်မီတွေးမြင်နည်းသစ်တွင်

**MRTV SPORTS**

၀၆:၀၀ အဖွင့်
၀၆:၃၀ အခြေခံအားကစားနည်းစနစ်များ
၀၇:၀၀ SPORTS NEWS
၀၇:၃၀ Soccer View/ Weekly Sports Info/ Sports Diary
၀၇:၄၅ အားကစားလောကထဲကသူတို့အကြောင်း
၀၈:၀၀ မြန်လည်ပံစားမြန်မာနေ့ရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
၂၀:၀၀ ပြည်တွင်းသတင်း

Education Channel ကို ဝနေ့တနင်္ဂနွေ မှအပ နံနက်(၁၁း၀၀)နာရီမှ ည(၁၁း၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဇန်နဝါရီ ၈

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီး ပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ပဲခူးတိုင်းဒေသကြီး အင်းတကော်မြို့နယ်နေ ညီညီလတ်သည် ၎င်းအသုံးပြုသည့် “Nyi Nyi Latt” Facebook အကောင့်ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## မြိတ်မြို့ ရေပုန်းရပ်ကွက်ဖွံ့ဖြိုးရေးကော်မတီသို့ တိုက်ခန်း ငါးခန်း လွှဲပြောင်းပေးအပ်



မြိတ် ဇန်နဝါရီ ၈

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ ရေပုန်းရပ်ကွက် အောက်ရေပုန်းလမ်းမကြီးတွင် မြိတ်ကော်ပိုရေးရှင်း အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်မှ တည်ဆောက်ပြီးစီးခဲ့သော ငါးခန်းတွဲ ငါးထပ်အဆောက်အအုံ မြေညီထပ် ငါးခန်းကို ရေပုန်းရပ်ကွက် ဖွံ့ဖြိုးရေးကော်မတီသို့ ယနေ့နံနက် ၁၀ နာရီက ကုမ္ပဏီအစည်းအဝေးခန်းမ၌ လွှဲပြောင်းပေးအပ်သည်။

ရေပုန်းရပ်ကွက် ဖွံ့ဖြိုးရေးကော်မတီသို့ လွှဲပြောင်းပေးအပ်သည့် မြေညီထပ် အခန်း ငါးခန်းသည် ရပ်ကွက်ဓမ္မာရုံ တစ်ခန်း၊ စာကြည့်တိုက် တစ်ခန်း၊ မီးသတ်ကားထားသည့် အခန်း တစ်ခန်း၊ မီးသတ်တပ်စုရုံး တစ်ခန်း၊ မီးသတ်တပ်ခွဲရုံး တစ်ခန်းတို့ဖြစ်ပြီး လွှဲပြောင်းပေးသည့် အခန်း ငါးခန်းသည် ၁၈ ပေ၊ ၂၇ ပေ ထပ်ခိုးပါ အခန်းများဖြစ်ကြောင်း သိရသည်။

လွှဲပြောင်းပေးအပ်ပွဲတွင် မြိတ်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဉာဏ်ဇော်က အဖွင့်အမှာစကား ပြောကြားပြီး မြိတ်ကော်ပိုရေးရှင်း အများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးလှသန်းက နှုတ်ခွန်းဆက်စကား ပြောကြားသည်။ ထို့နောက် ကုမ္ပဏီ စီမံကိန်းဒါရိုက်တာ ဦးတင်စိုးက တိုက်ခန်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုက်ခန်း ငါးခန်းနှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို မြိတ်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ကုမ္ပဏီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ရေပုန်းရပ်ကွက် ဖွံ့ဖြိုးရေးကော်မတီသို့လွှဲပြောင်းပေးအပ်ရာ ရပ်မိရပ်ဖများက လက်ခံရယူပြီး ရပ်မိ/ရပ်ဖ ဦးအောင်မြင့်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(၂၄)နာရီ HELPLINE ဝန်ဆောင်မှု

အိမ်တွင်းအကြမ်းဖက်မှုအပါအဝင် ကျားမရေးရာအခြေပြု အကြမ်းဖက်မှုဖြစ်ရပ်များ၊ သက်ငယ်မုဒိမ်းဖြစ်ရပ်များ၊ ပဋိပက္ခဖြစ်စဉ်အတွင်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများ၊ လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် သေကျေထိခိုက်ဒဏ်ရာရစေမှုနှင့် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများ၊ ကလေးသူငယ်များ၊ အမျိုးသမီးများ၊ မသန်စွမ်းသူများ၊ သက်ကြီးရွယ်အိုတို့နှင့် ပတ်သက်၍ လူမှုရေးနည်းလမ်းအရဖြေရှင်း ဆောင်ရွက်ပေးရန်လိုအပ်ပါက

- ✓ ကာယကံရှင်ကိုယ်တိုင်သော်လည်းကောင်း၊
- ✓ သိရှိသူ ပြည်သူများမှလည်းကောင်း

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၏ Helpline ဖုန်းနံပါတ် 1566** သို့ ယုံကြည်စိတ်ချစွာ ဆက်သွယ်တိုင်ကြားနိုင်ပြီး၊ Viber နံပါတ် **၀၉- ၈၈၉၉၁၁၁၄၄** သို့ Viber Message ပေးပို့၍လည်းကောင်း၊ Helpline - DSW Facebook Page Messenger သို့ Message ပေးပို့၍လည်းကောင်း တိုင်ကြားနိုင်ပါသည်။

**Viber နှင့် Messenger များသို့ ပေးပို့တိုင်ကြားပါက အမည်၊ လိပ်စာ၊ ဖုန်းနံပါတ် ထည့်သွင်းဖော်ပြပေးပါရန်။**

**Helpline – DSW (၀၉-၈၈၉၉၁၁၁၄၄)** | **Helpline 1566** | **Helpline – DSW**

တိုင်ကြားသူ၏အချက်အလက်မပေါက်ကြားရေး အထူးအလေးထားကာကွယ်ပေးသွားပါမည်။

## ခွာနာလျှာနာရောဂါ ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

ကျွဲ၊ နွား၊ သိုး၊ ဆိတ်နှင့် ဝက်များတွင် ဖြစ်ပွားတတ်သည့် ခွာနာလျှာနာရောဂါသည် ဗိုင်းရပ်စ်ပိုးကြောင့် ဖြစ်ပွားရခြင်းဖြစ်ပြီး မိမိတို့မွေးမြူထားသော ကျွဲ၊ နွား၊ သိုး၊ ဆိတ်နှင့် ဝက်များတွင် အဆိုပါရောဂါဖြစ်ပွားကျရောက်ခြင်းမှ ကြိုတင်ကာကွယ်နိုင်ရန်အတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) မိမိတို့မွေးမြူထားသော ကျွဲ၊ နွား၊ သိုး၊ ဆိတ်နှင့် ဝက်များကို ခွာနာလျှာနာရောဂါ ကာကွယ်ဆေး ပုံမှန်ထိုးနှံရန်၊

(၂) နာမကျန်း ကျွဲ၊ နွား၊ သိုး၊ ဆိတ်နှင့် ဝက်များကို လွှတ်ကျောင်းခြင်း၊ အခြား ကျွဲ၊ နွား၊ သိုး၊ ဆိတ်၊ ဝက်များနှင့် ရောနှောခြင်းမပြုရန်၊

(၃) မွေးမြူရေးခြံများ၏ဇီဝလုံခြုံမှုကို အထူးဂရုပြုရန်နှင့် ပိုးသတ်သန့်စင်ခြင်း ပုံမှန်ဆောင်ရွက်ရန်၊

(၄) ကျွဲ၊ နွား၊ သိုး၊ ဆိတ်နှင့် ဝက်များ အသစ်ဝယ်ယူမွေးမြူမည်ဆိုပါက ရောဂါကင်းရှင်းကြောင်း စိတ်ချရသောခြံမှ ကျွဲ၊ နွား၊ သိုး၊ ဆိတ်နှင့် ဝက်များကို ဝယ်ယူမွေးမြူရန်၊

(၅) ဝယ်ယူသည့်ကျွဲ၊ နွား သိုး၊ ဆိတ်နှင့် ဝက်အသစ်များကို မိမိခြံရှိတိရစ္ဆာန်များနှင့်အတူ ထည့်သွင်းမွေးမြူခြင်းမပြုမီ သီးသန့်ခွဲခြားထား၍ ရောဂါကင်းရှင်းမှမွေးမြူရန်၊

(၆) တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်း၊ လူ၊ ယာဉ်အဝင်အထွက် ထိန်းချုပ်ကန့်သတ်ရန်၊

(၇) ဆေးထိုးအပ်နှင့် ခြံအသုံးအဆောင်ပစ္စည်းများ မျှဝေသုံးစွဲခြင်းမပြုရန်၊

(၈) ကျွဲ၊ နွား၊ သိုး၊ ဆိတ်နှင့် ဝက်၊ ဝက်များ ရွှေ့ပြောင်းသယ်ဆောင်ရာတွင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၏ တိရစ္ဆာန်ကျန်းမာရေးထောက်ခံချက်လက်မှတ် (AHD/ PC-3) ရယူရန်၊

(၉) မိမိတို့မွေးမြူထားသော ကျွဲ၊နွား၊ သိုး၊ ဆိတ်နှင့် ဝက်များတွင် ခွာနာလျှာနာရောဂါ ဖြစ်ပွားနေသည်ဟု သံသယရှိပါက နီးစပ်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ချက်ချင်းသတင်းပို့ရန်၊

(၁၀) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

## မိတ္ထီလာတက္ကသိုလ်၌ ဘာသာရပ်ပေါင်းစုံ အမျိုးသား၊ အမျိုးသမီးပြေးခုန်ပစ်ပြိုင်ပွဲ ဆုချီးမြှင့်

မိတ္ထီလာ ဇန်နဝါရီ ၈

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့ မိတ္ထီလာတက္ကသိုလ်၌ ၂၀၂၂- ၂၀၂၃ ပညာသင်နှစ် ဘာသာရပ်ပေါင်းစုံ အမျိုးသား၊ အမျိုးသမီး ပြေးခုန်ပစ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၆ ရက် မွန်းလွဲ ၃ နာရီက အဆိုပါတက္ကသိုလ် အားကစားခန်းမ၌ ကျင်းပသည်။

အဆိုပါ ဆုချီးမြှင့်ပွဲအခမ်းအနားတွင် မီနီမာရသွန်ပြိုင်ပွဲ၊ မီတာ ၁၀၀ အပြေးပြိုင်ပွဲ၊ မီတာ ၁၀၀ လက်ဆင့်ကမ်းအပြေးပြိုင်ပွဲ၊ အလျားခုန်ပြိုင်ပွဲ၊ အမြင့်ခုန်၊ သံလုံးပစ်ပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယဆု ရရှိကြသည့် အားကစားသမားများနှင့် အသင်းများထံသို့ ဂုဏ်ပြုဆုများကို ဒုတိယပါမောက္ခချုပ် ဒေါက်တာနေအောင်နှင့် တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ အားကစားပြိုင်ပွဲများတွင် ဆုအများဆုံးရရှိခဲ့သော ရူပဗေဒဘာသာရပ်မှ တာဝန်ခံနည်းပြ၊ အုပ်ချုပ်သူနှင့် အားကစားသမားများထံသို့ဆုကလပ်ကိုပါမောက္ခချုပ်ဒေါက်တာဘဟန်က ပေးအပ်ချီးမြှင့်သည်။ အဆိုပါပြိုင်ပွဲတွင် မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ပထဝီဝင်၊ သမိုင်း၊ ဥပဒေပညာ၊ သတ္တဗေဒ၊ ရူပဗေဒ၊ ရုက္ခဗေဒ၊ ဘူမိဗေဒ၊ ဓာတုဗေဒ၊ အရှေ့တိုင်းပညာ၊ ဒဿနိကဗေဒနှင့် စီးပွားရေးပညာဘာသာရပ်များမှ ပြိုင်ပွဲဝင် ကျောင်းသား ကျောင်းသူများ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## အဂတိပယ်ရှား ပြည်သာယာဖို့ ပူးပေါင်းဆောင်ရွက်ကြပါစို့

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး လုပ်ငန်းစဉ်တစ်ရပ်အဖြစ် ကော်မရှင်အပါအဝင် အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသည့် ရုံးဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် “1111 ” အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme – PFP) ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

ပြည်သူများအနေဖြင့် ဝန်ဆောင်မှုရယူခဲ့သည့် ဌာန/အဖွဲ့အစည်းထံမှ မိမိတို့၏ လက်ကိုင်ဖုန်းများသို့ ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့် အခြေအနေများနှင့်စပ်လျဉ်း၍ Short Code နံပါတ် “1111” ဖြင့် SMS များ ပေးပို့မေးမြန်းလာပါက မှန်ကန်စွာပြန်လည်ဖြေကြား၍ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းဖြင့် သက်ဆိုင်ရာဌာနများ၏ဝန်ဆောင်မှုလုပ်ငန်း အရည်အသွေးနှင့် လိုအပ်ချက်များကို အချိန်မီပြုပြင်နိုင်မည်ဖြစ်ပြီး ပြည်သူများအနေဖြင့်လည်း ပိုမိုကောင်းမွန်သည့်ဝန်ဆောင်မှုများကို ရရှိလာမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် Short Code နံပါတ် “1111” ဖြင့်ပေးပို့လာသည့် မေးခွန်းများကို ပြန်လည်ဖြေကြားခြင်းဖြင့် အဂတိပယ်ရှား ပြည်သာယာရေး ပူးပေါင်းဆောင်ရွက်ပေးကြပါရန် တိုက်တွန်းနှိုးဆော်တင်ပြအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**

## SIM Card များမှတ်ပုံတင်ခြင်းဆိုင်ရာ အသိပေးကြေညာချက်

ဆင်းကတ်များမှတ်ပုံတင်ရာတွင် ဖြည့်စွက်ရသည့် အမည်/ နိုင်ငံသားစိစစ်ရေးကတ်အမှတ် စသည့် အချက်အလက်များကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ National Database အချက်အလက်များနှင့် တိုက်ဆိုင်စစ်ဆေး၍ အချက်အလက်မှန်ကန်စွာ ဖြည့်စွက်ထားခြင်းမရှိသည့် ဆင်းကတ်များကို ပိတ်သိမ်းမည်ဖြစ်ပါသဖြင့် သုံးစွဲသူများအနေဖြင့် မိမိတို့၏ ဆင်းကတ်မှတ်ပုံတင်သည့် အမည်/ နိုင်ငံသားစိစစ်ရေးကတ်အမှတ်တို့ကို မှန်/မမှန် စစ်ဆေးပြီး ပြင်ဆင်ရန်လိုအပ်ပါက (၃၁-၁-၂၀၂၃) ရက်နေ့ နောက်ဆုံးထား၍ ပြန်လည်ပြင်ဆင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။ မိမိတို့၏အမည်/ နိုင်ငံသားစိစစ်ရေးကတ်အမှတ်တို့ မှန်/မမှန် စစ်ဆေးသိရှိနိုင်ရန် မြန်မာ့ ဆက်သွယ်ရေးလုပ်ငန်း(MPT)အတွက် ***601#**၊ Atomအတွက် ***979*3*3#**၊ Ooredoo အတွက် ***666#**၊ Mytel အတွက် ***966#** သို့ခေါ်ဆို၍ ကြည့်ရှု စစ်ဆေးနိုင်ပါသည်။ ပြန်လည်ပြင်ဆင်မှတ်ပုံတင်ခြင်းကို သက်ဆိုင်ရာ အော်ပရေတာများ၏ အရောင်းဆိုင်များ၊ Application များနှင့် Website တို့တွင် ဆောင်ရွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန**

## သာစည်မြို့နယ်၌ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်နှင့် ကာယ၊ ဉာဏ၊ ရသဆုပေးပွဲများ ကျင်းပ

**သာစည် ဇန်နဝါရီ ၈**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်၌ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်နှင့် ကာယ၊ဉာဏ၊ရသ ဆုပေးပွဲများကို ဇန်နဝါရီ ၇ ရက် နံနက် ၉ နာရီက သာစည်မြို့ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း ဝန်ဇင်းမင်းရာဇာခန်းမ၌ ကျင်းပကြောင်း သိရသည်။

ရှေးဦးစွာ အခမ်းအနားကို အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူလေးများက “ကြိုဆိုပါတယ် စုံညီပွဲတော် ” သီချင်းဖြင့် သီဆိုဖွင့်လှစ်ပြီး အခမ်းအနားကို ဆက်လက်ကျင်းပရာ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမျိုးသက်ကျော်က အမှာစကားပြောကြားကာ ဒုတိယ မြို့နယ်ပညာရေးမှူး ဦးတင့်ဘော်က ပညာရေးစုံညီပွဲတော် ကျင်းပရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

**ပေးအပ်**

ဆက်လက်ပြီး ၂၀၂၂-၂၀၂၃ ပညာသင်နှစ် အထိမ်းအမှတ်နေ့များတွင် ကဗျာ၊ ဆောင်းပါးနှင့် စာစီစာကုံးပြိုင်ပွဲများတွင် ဆုရရှိသူများ၊ တိုင်းဒေသကြီးအဆင့်



အင်္ဂလိပ်စာ ထူးချွန်ဆုရရှိသူများ၊ မြို့နယ်အဆင့် အင်္ဂလိပ်နှင့် သင်္ချာ ထူးချွန်ဆုရရှိသူများ၊ မြို့နယ်အဆင့် ပဏာမလူရည်ချွန်အဖြစ် ရွေးချယ်ခံရသူများ၊ ခရိုင်အဆင့်အက ပြိုင်ပွဲဆုရရှိသူများ၊ တိုင်းဒေသကြီးနှင့် ခရိုင်အဆင့် အားကစားထူးချွန်ဆု ရရှိသူများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ကျောင်းအုပ်ဆရာ ဆရာမများနှင့် ကျောင်းအကျိုးတော်ဆောင်များက ဆုများပေးအပ်သည်။ ဆက်လက်၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌက စုံညီပွဲတော်အတွက် ဆုချီးမြှင့်ငွေကို အထက(၁)ကျောင်းအုပ် ဒေါ်ရီရီဝင်းထံပေးအပ်သည်။

**သီဆိုဖျော်ဖြေ**

ထို့နောက် မြို့နယ်အတွင်းရှိ အခြေခံပညာ ကျောင်းများမှ ထက်၊ လယ်၊ မူ ကျောင်းသား ကျောင်းသူလေးများက တေးသီချင်းများ၊ သရုပ်ဖော်အကများဖြင့် သီဆိုဖျော်ဖြေခဲ့ကြသည်။

စုံညီပွဲတော်သို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ဆရာ ဆရာမများနှင့် ကျောင်းအကျိုးတော်ဆောင်များ၊ ကျောင်းသားမိဘများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြပြီး စုံညီဈေးရောင်းပွဲတော်ကို ပျော်ရွှင်စွာ ဆင်နွှဲခဲ့ကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၉-၁-၂၀၂၃

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း ) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၉၅၀ | ၁၉၉၅ | ၁၉၉၀ | ၁၉၅၅ | ၁၉၉၅ | ၂၀၁၅ | ၂၀၀၀ | ၁၉၈၀ | ၂၀၇၅ | ၂၀၉၀ | ၁၉၈၅ | ၁၉၉၅ | ၂၀၃၀ | ၂၀၃၀ | ၂၀၃၅ | ၂၂၅၀ | ၂၇၆၀ |
| 95 Ron | ၂၀၂၀ | ၂၀၇၀ | ၂၀၆၅ | ၂၀၃၀ | ၂၀၆၅ | ၂၀၉၀ | ၂၀၇၅ | ၂၀၅၀ | ၂၁၄၅ | ၂၁၆၀ | ၂၀၆၀ | ၂၀၇၅ | ၂၁၀၀ | ၂၁၀၅ | ၂၁၀၅ | ၂၃၂၅ | ၂၈၄၀ |
| HSD (500 ppm) | ၂၂၀၀ | ၂၂၅၀ | ၂၂၄၅ | ၂၂၁၀ | ၂၂၄၅ | ၂၂၇၀ | ၂၂၆၅ | ၂၂၃၀ | ၂၃၄၅ | ၂၃၄၀ | ၂၂၄၀ | ၂၂၅၀ | ၂၂၈၀ | ၂၂၈၅ | ၂၂၈၅ | ၂၅၀၅ | ၃၃၆၀ |
| HSD (50 ppm) | ၂၂၈၀ | ၂၃၃၀ | ၂၃၂၅ | ၂၂၉၀ | ၂၃၂၅ | ၂၃၅၀ | ၂၃၄၅ | ၂၃၁၀ | ၂၄၂၅ | ၂၄၂၀ | ၂၃၂၀ | ၂၃၃၀ | ၂၃၆၀ | ၂၃၆၅ | ၂၃၆၅ | ၂၅၈၅ | ၃၃၈၅ |
| HSD (10 ppm) | ၂၂၈၀ | ၂၃၃၀ | ၂၃၂၅ | ၂၂၉၀ | ၂၃၂၅ | ၂၃၅၀ | ၂၃၄၅ | ၂၃၁၀ | ၂၄၂၅ | ၂၄၂၀ | ၂၃၂၀ | ၂၃၃၀ | ၂၃၆၀ | ၂၃၆၅ | ၂၃၆၅ | ၂၅၈၅ | ၃၃၈၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း ) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၈၅၂ | ၁၉၂၃ |
| 95 Ron | ၁၉၂၂ | ၁၉၉၄ |
| HSD (500 ppm) | ၂၁၀၁ | ၂၁၇၂ |
| HSD (50 ppm) | ၂၁၇၄ | ၂၂၄၇ |
| HSD (10 ppm) | ၂၁၇၄ | ၂၂၄၇ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေး တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# တစ်ပိုင်တစ်နိုင် လက်မှုလုပ်ငန်းမှသည် စက်မှုလုပ်ငန်းဆီသို့ ဦးတည်ဆောင်ရွက်နေသည့် စလင်းမြို့ ဝက်သည်းကန်မှ ထွက်ရှိသော ကြာချည်ထုတ်လုပ်ငန်း

မောင်မောင်(မင်းဘူး)

စလင်းမြို့ ဝက်သည်းကန်အတွင်း သဘာဝအတိုင်းပေါက်ရောက်နေသော ကြာပင်၊ ကြာပန်းများသည် အလှတရားများစွာဖြင့် ယနေ့ထိတိုင်တည်ရှိနေပြီး ဒေသခံပြည်သူများအတွက် စားဝတ်နေရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများစွာကို ဖန်တီးပုံဖော်ပေးနေသည့် "ဟင်းအိုးကြီးသဖွယ်" တည်ရှိနေသည်။

**စိတ်အပန်းဖြေလည်ပတ်သွားလာစရာ အထင်ကရနေရာတစ်ခု**

ဝက်သည်းကန်သည် မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ်တွင် တည်ရှိပြီး လူသိများထင်ရှားကာ ပြည်တွင်း/ပြည်ပခရီးသွားပြည်သူများအတွက် စိတ်အပန်းဖြေလည်ပတ်သွားလာစရာ အထင်ကရနေရာတစ်ခုဖြစ်သည့်အပြင် တန်ခိုးကြီးဘုရားများ၊ ဗိုလ်ဥတ္တမခံတပ်နှင့် စလင်းရုပ်စုံကျောင်းစသည့် ရှေးဟောင်းသာသနိကအဆောက်အအုံများစွာတည်ရှိသောမြို့လည်းဖြစ်သည်။

စလင်းမြို့ရှိ ဝက်သည်းကန်ကို နရပတိစည်သူမင်းကြီး၏ကိုယ်လုပ်တော် ရှင်စောဝက ခရစ်နှစ် ၁၁၉၄ ခု ကောဇာသက္ကရာဇ် ၅၅၆ ခုနှစ်တွင် စတင်တူးဖော်ခဲ့ပြီး ကန်၏မူလဧရိယာ အကျယ်အဝန်းမှာ ၁ ဒသမ ၇ စတုရန်းမိုင် (၁၀၈၈ ဧက) ကျယ်ဝန်းကြောင်း၊ ယခုလက်ရှိတွင် ကန်၏အကျယ်အဝန်းမှာ ဧက ၅၃၀ နှင့် ရေပြင်၏ အကျယ်ဧရိယာမှာ ဧက ၃၅၀ စုစုပေါင်း ဧက ၈၈၀ ရှိပြီး ၎င်းကန်ကို သားငှက်ဘေးမဲ့ကြိုးဝိုင်းအဖြစ် ၁၉၅၃ ခုနှစ်မှ စတင်သတ်မှတ်ခဲ့ကြောင်း လေ့လာမှတ်သားခဲ့ဖူးသည်။

"မြို့စလင်းရဲ့ ဝက်သည်းကန်" ကို အမှီပြုပြီး အနီးပတ်ဝန်းကျင်တွင် နေထိုင်ကြသောကျေးရွာများရှိ ဒေသခံပြည်သူများက ကန်အတွင်း၌ သဘာဝအတိုင်းပေါက်ရောက်နေသော ကြာပင်များမှ ကြာရိုးများကို အသုံးပြုကာ မိမိတို့တတ်မြောက်ထားသော လက်မှုပညာဖြင့်ပေါင်းစပ်၍ ကြာချည်ဖြင့် လူသုံးကုန်ပစ္စည်းအမျိုးမျိုးကို ထုတ်လုပ်နိုင်သည့် ကြာချည်ထုတ်လုပ်ငန်းအား တစ်ပိုင်တစ်နိုင်လက်မှုလုပ်ငန်းမှသည် စက်မှုလုပ်ငန်းဆီသို့ ဦးတည်ပြီး ယနေ့ထိတိုင် ကြိုးစားလုပ်ကိုင်နေကြသည်ကို မြင်တွေ့ရသည်။

ယခင်က စလင်းမြို့၌ ကြာချည်ထုတ်လုပ်ငန်းလုပ်ကိုင်သူမရှိသလောက်နည်းပါးပြီး ကန်အတွင်းပေါက်ရောက်နေသောကြာများကို ပန်းအဖြစ်ခူးရောင်းခြင်း၊ ကြာရွက်ကို ဖက်(ကြာဖက်)အဖြစ်အသုံးပြုရန် ခူးရောင်းခြင်းများသာ အများစုလုပ်ကိုင်ကြသည်။ တိုးတက်လာသော ခေတ်စနစ်များနှင့်အညီ လေ့လာအားကောင်းသောဒေသခံပြည်သူများက အင်းလေးဒေသတွင် ကြာရိုးမှတစ်ဆင့် ကြာချည်အဖြစ် ထုတ်လုပ်၍ရသည်ကို သိရှိလာကြပြီးနောက် ကြာချည်ထုတ်လုပ်ငန်းကို စတင်လုပ်ကိုင်ရန် ၂၀၀၉ ခုနှစ်က အင်းလေးဒေသသို့ သွားရောက်ပြီး ကြာချည်ထုတ်နည်းပညာရပ်အား လေ့လာသင်ယူခဲ့ကာ ယနေ့ထိတိုင် ကြာချည်ထုတ်လုပ်ငန်းကို မြန်မာ့ရိုးရာလက်မှုပညာအား ဖော်ညွှန်းရင်း လုပ်ကိုင်ဆောင်ရွက်လာကြသည်။ ထို့အပြင် ၂၀၁၉ ခုနှစ်က မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ပံ့ပိုးကူညီမှုဖြင့် ပခုက္ကူမြို့ရှိ စက်ရက်ကန်း သင်တန်းကျောင်းသို့ သွားရောက်






လေ့လာသင်ယူခဲ့ကြောင်း မြထည်ဝါကြာချည်ထုတ်လုပ်ငန်းရှင်တစ်ဦးက ပြောသည်။

ထိုအချိန်မှစတင်ကာ ဒေသခံပြည်သူများက ကြာချည်ထုတ်လုပ်ငန်းကို ယနေ့အထိ အိမ်တွင်းလက်မှုလုပ်ငန်းတစ်ရပ်အဖြစ် စီးပွားဖြစ်လုပ်ကိုင်သူများရှိသလို တစ်ပိုင်တစ်နိုင်လုပ်ကိုင်သူများလည်း အများအပြားရှိကြောင်း သိရသည်။

**အဓိကကုန်ကြမ်းမှာ ကြာရိုး**

ကြာချည်ထုတ်လုပ်ရန် အဓိကကုန်ကြမ်းမှာ ကြာရိုးဖြစ်ပြီး ကြာရိုးများကို စလင်းမြို့ ဝက်သည်းကန်မှနုတ်ယူ၍ ကြာချည်အဖြစ် ထုတ်လုပ်ကြကြောင်း၊ ကြာချည်အဖြစ်ရရှိရန် ကုန်ကြမ်းကြာရိုးများကို ဝက်သည်းကန်အတွင်း လုပ်သားများဖြင့် နုတ်ယူရပြီး ကြာရိုးအရှည်မှာ ခုနစ်ပေဝန်းကျင်အထိရှိကြောင်း၊ ကြာရိုးနုတ်လုပ်သားတစ်ဦးလျှင် တစ်မနက်ကို ကြာရိုးအထုံး ငါးထုံးမှ ခြောက်ထုံးအထိ ရရှိပြီး ကြာထုံးတစ်ထုံးကို ငွေကျပ် ၁၂၀၀ ဝန်းကျင်ရရှိရာ ကြာရိုးနုတ်လုပ်သားတစ်ဦးလျှင် တစ်ရက်လုပ်အားခ ငွေကျပ် ၆၀၀၀ နှင့် အထက်ရရှိကြောင်းသိရသည်။

နုတ်ယူရရှိလာသော ကြာရိုးများကို ကြာချည်ထုတ်လုပ်ငန်း လုပ်ကိုင်သူများထံ ရောင်းချကြသလို ကိုယ်ပိုင်လက်မှုလုပ်ငန်းအဖြစ် တစ်ပိုင်တစ်နိုင်လုပ်ကိုင်သူများလည်းရှိကြောင်း၊ ကြာရိုးတစ်ရိုးဖြစ်တည်ရန် ကြာရွက်မှ အတက်ထွက်ခါစအချိန် ၁၅ ရက်ခန့် ကြာမြင့်ပြီး ကြာရိုးတစ်နေရာ နုတ်ယူပြီးလျှင် နေရာပြောင်း၍ နုတ်ယူရကာ နောက်ထပ် ၁၅ ရက်ကြာမှ ထိုနေရာတွင် ပြန်လည်နုတ်ယူရကြောင်း ကြာရိုးနုတ်သူတစ်ဦးထံမှ သိရသည်။

ထိုသို့ရရှိလာသော ကြာရိုးများကို ခါးလယ်မှ ပိုင်းဖြတ်ကာ ကြာရိုးကို အရင်းနှင့်အဖျား ပေါင်းစပ်၍ လက်လေးလုံးတစ်ဖြတ် တံဇဉ်နှင့် ထပ်မံပိုင်းဖြတ်ပြီး အမျှင်ထွက်သည်အထိ ကြာချည်ဆွဲရကြောင်း၊ ကြာထုံးအကြီးအသေးပေါ်မူတည်၍ ကြာထုံးတစ်ထုံးလျှင် ကြာချည်တစ်ကျပ်ခွဲသားခန့် ထွက်ရှိပြီး ကြာထုံးတစ်ထုံး ချည်ဆွဲပြီးရန် အချိန်အားဖြင့် တစ်နာရီခွဲခန့် ကြာမြင့်ကြောင်း၊ ကြာချည်ဆွဲလျှင် ချည်ဆွဲလုပ်အားခ ကြာချည်အခြောက် တစ်ကျပ်သားကို ငွေကျပ် ၁၃၀၀ ဝန်းကျင်ရရှိပြီး ကြာချည်ဆွဲသူအမျိုးသမီးများက မိမိတို့လုပ်အားအပေါ်မူတည်၍ တစ်ရက်လျှင် ကြာချည်အခြောက် လေးကျပ်သားမှ ငါးကျပ်သားအထိ ကြာချည်ဆွဲနိုင်ကြောင်းသိရသည်။

စလင်းမြို့နယ် ရှမ်းရွာကုန်းကျေးရွာမှ ကြာချည်ဆွဲလုပ်ကိုင်သူ မဖြူဖွေးက "ကျွန်မ ကြာချည်ဆွဲတာ ခုနစ်နှစ်လောက်ရှိပြီ။ နွေနဲ့မိုးမှာဆိုရင် ကြာချည်က ဝိတ်စီးတော့ တစ်ရက်ချည်ဆွဲခ ဒီထက်ပိုရတယ်။ ခုရက်ပိုင်း(ဆောင်းတွင်း) ကြာချည်ဝိတ်က အချိန်သိပ်မစီးတော့ တစ်ရက်ကို နှစ်ကျပ်သား၊ သုံးကျပ်သားလောက်ပဲပြီးတယ်။ လုပ်အားခအနေနဲ့က သုံးကျပ်သားဆို ငွေကျပ် ၄၅၀၀၊ ၅၀၀၀ ဝန်းကျင်လောက်ရတယ်။ မိသားစုနဲ့ အိုးမကွာအိမ်မကွာ လုပ်ကိုင်ရတော့ အိမ်အတွက် တစ်ဖက်တစ်လမ်းကနေ မိသားစုအပိုဝင်ငွေရရှိတာပေါ့"ဟု ပြောသည်။

ကြာချည်အခြောက်(ကုန်ကြမ်း)ရရှိရန် ချည်ဆွဲ၍ ရရှိလာသော ကြာချည်အစိုများအား ရစ်ဘီးတွင်ရစ်၍ (နေလှန်း၍ အခြောက်ခံမထားရဘဲ) အရိပ်ထဲတွင် တစ်ညခန့် လေသလပ်အောင် အခြောက်ခံထားရကြောင်း၊ ကြာချည်ထုတ်လုပ်ငန်းရှင်များအနေဖြင့် တစ်ရက်ကို ကြာချည်အခြောက် ၂၅ ကျပ်သားမှ ၃၀ ကျပ်သားအထိရရှိပြီး တစ်လလျှင် ကြာချည်အခြောက် ပိဿာချိန် သုံးပိဿာမှ ခြောက်ပိဿာအထိရရှိကြောင်း၊ ရရှိလာသော ကြာချည်ကုန်ကြမ်းများကို အင်းလေးဒေသသို့ ပိဿာချိန်ဖြင့် တင်ပို့ရောင်းချရပြီး ကြာချည်အခြောက်တစ်ပိဿာကို ငွေကျပ် ၄၀၀၀၀၀ (လေးသိန်း) အထိ ရရှိကြောင်း မြထည်ဝါကြာချည်ထုတ် လုပ်ငန်းလုပ်ကိုင်သူ ဦးသောင်းစိန်က ပြောသည်။

**ရက်ကန်းနှင့် နည်းပညာများ**

စလင်းမြို့ ဝက်သည်းကန်မှ ရရှိလာသော ကြာချည်များကို ကုန်ကြမ်းအဖြစ်သာ ထုတ်လုပ်နိုင်ပြီး ကြာချည်အခြောက်ကုန်ကြမ်းများကို အင်းလေးဒေသတွင် ရက်ကန်းနှင့် နည်းပညာများကို အသုံးပြု၍ ကြာသင်္ကန်း၊ ကြာပဝါ၊ ကြာပိုက်ဆံအိတ်၊ ကြာဦးထုပ်၊ ကြာအဝတ်အထည်နှင့် လူသုံးကုန်ပစ္စည်းအမျိုးမျိုးကို ကုန်ချောအဖြစ် ထုတ်လုပ်ဖြန့်ဖြူးရောင်းချကြောင်း သိရသည်။

စလင်းမြို့နယ် ဝက်သည်းကန်မှ ထွက်ရှိသော ကြာရိုးများကို ကြာချည်ကုန်ကြမ်းအဖြစ် ထုတ်လုပ်ကြပြီး ကြာရွက်ကို ဈေးများတွင် အသား၊ ငါး၊ ဟင်းသီးဟင်းရွက်၊ ပန်း စသည်ဖြင့် ထုပ်ပိုးမှုအဖြစ် သုံးစွဲရောင်းချကြကြောင်း၊ ယခုအခါ နည်းပညာများ တိုးတက်လာသည့်အတွက် ဒေသခံပြည်သူများအနေဖြင့် မိမိတို့ဒေသတွင် ကြာချည်ကို ကုန်ချောအဖြစ်ထုတ်လုပ်နိုင်ရန် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြထည်ဝါကြာချည်ထုတ်လုပ်ငန်းလုပ်ကိုင်သူ ဦးသောင်းစိန်က ပြောသည်။

မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် ဒေသအတွင်း၌ တစ်ပိုင်တစ်နိုင် အသေးစား၊ အလတ်စား စက်မှု/လက်မှုလုပ်ငန်းများ ပေါ်ထွက်လာစေရန် ပံ့ပိုးကူညီဆောင်ရွက်ပေးနေကြောင်းလည်း သိရသည်။

ယခုအခါ စလင်းမြို့မှ ကြာချည်ထုတ်လုပ်ငန်းသည် ကုန်ကြမ်းအဆင့်သာ ထုတ်လုပ်နိုင်ပြီး ကုန်ချောအဖြစ် အဆင့်မြှင့်တင်လုပ်ကိုင်ဆောင်ရွက်နိုင်ရန် ကြာချည်ထုတ်လုပ်ငန်း လုပ်ကိုင်ဆောင်ရွက်ကြသူများအား စနစ်တကျပြန်လည်စိစစ်သုံးသပ်၍ အလေးထားပြီး ပံ့ပိုးကူညီပေးနိုင်မည်ဆိုပါက ဒေသခံပြည်သူများအတွက် များစွာအကျိုးဖြစ်ထွန်းစေမည့်အပြင် အလုပ်အကိုင်အခွင့်အလမ်းများနှင့် ကြာချည်ထုတ်ကုန်များကိုလည်း ယခုထက် ပိုမိုအရည်အသွေးကောင်းမွန်အောင်ထုတ်လုပ်နိုင်ပြီး ကြာချည်ကုန်ချောထုတ်ကုန်များအထိပါ လုပ်ကိုင်ဆောင်ရွက်လာနိုင်မည်ဖြစ်ပေသည်။

သို့မှသာ ဒေသအတွင်း အသေးစား၊ အလတ်စားနှင့် တစ်ပိုင်တစ်နိုင် လုပ်ကိုင်ဆောင်ရွက်နေသူများအနေဖြင့် လက်မှုလုပ်ငန်းများမှသည် စက်မှုလုပ်ငန်းများဆီသို့ ခေတ်စနစ်နှင့်အညီ တိုးတက်ပြောင်းလဲလုပ်ကိုင်လာနိုင်မည်ဖြစ်ကာ မိမိတို့ဒေသအတွင်း အလုပ်အကိုင်အခွင့်အလမ်းများလည်း ဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။ ။

**"စလင်းမြို့မှ ကြာချည်ထုတ်လုပ်ငန်းသည် ကုန်ကြမ်းအဆင့်သာ ထုတ်လုပ်နိုင်ပြီး ကုန်ချောအဖြစ် အဆင့်မြှင့်တင်လုပ်ကိုင်ဆောင်ရွက်နိုင်ရန် ကြာချည်ထုတ်လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ကြသူများအား စနစ်တကျပြန်လည်စိစစ်သုံးသပ်၍ အလေးထားပြီး ပံ့ပိုးကူညီပေးနိုင်မည်ဆိုပါက ဒေသခံပြည်သူများအတွက် များစွာအကျိုးဖြစ်ထွန်းစေမည့်အပြင် အလုပ်အကိုင်အခွင့်အလမ်းများနှင့် ကြာချည်ထုတ်ကုန်များကိုလည်း ယခုထက်ပိုမိုအရည်အသွေးကောင်းမွန်အောင် ထုတ်လုပ်နိုင်ပြီး ကြာချည်ကုန်ချောထုတ်ကုန်များအထိပါ လုပ်ကိုင်ဆောင်ရွက်လာနိုင်မည်"**

# တိုင်းရင်းငါးဖိန်းငါးမျိုးစိတ် မျိုးသုဉ်းမပျောက်ကွယ်ရေး ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ပေး

မွေးမြူရေးသုတေသနဦးစီးဌာန

### မြန်မာနိုင်ငံနှင့်ငါးမျိုးပြုန်းတီးမှု

မြန်မာနိုင်ငံသည် မြေပေါ်မြေအောက်သဘာဝ သယံဇာတပေါများကြွယ်ဝသည့် နိုင်ငံတစ်နိုင်ငံ ဖြစ်သည့်အားလျော်စွာ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အဓိကထားလုပ်ကိုင်လျက်ရှိပြီး မြန်မာနိုင်ငံ နေရာဒေသအသီးသီးရှိ စိုက်ပျိုးမြေများ၌ သီးနှံစိုက်ပျိုးခြင်း၊ မြစ်ချောင်းအင်းအိုင်များအနီးနေထိုင်သူများက ရေလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုနေထိုင်လျက်ရှိကြသည်။ သဘာဝသယံဇာတများ မည်မျှပင်ပေါကြွယ်ဝစေကာမူ ရေရှည်တည်တံ့ခိုင်မြဲစေရန် ထိန်းသိမ်းစောင့်ရှောက်နိုင်မှသာလျှင် ရေရှည်ထုတ်ယူသုံးစွဲနိုင်မည်ဖြစ်သည်။

နည်းပညာ တိုးတက်ဖွံ့ဖြိုးလာသည်နှင့်အမျှ မွေးမြူရေးလုပ်ငန်းနှင့် ဆက်စပ်လုပ်ကိုင်သည့် စိုက်ပျိုးရေးလုပ်ငန်းတို့တွင် ဓာတုဓာတ်မြေသြဇာနှင့် ပိုးသတ်ဆေးသုံးစွဲမှုများပြားလာခြင်း၊ တိုးတက်ပြောင်းလဲလာသည့် ငါးမွေးမြူရေးနည်းစနစ်များနှင့်လိုက်လျောညီထွေဖြစ်စေရန် ထုတ်လုပ်သည့် ငါးအစာများတွင် ဓာတုဆေးဝါးများ အသုံးပြုလာခြင်းတို့ကြောင့် သဘာဝမြေဆီလွှာများ ပျက်စီးလာခြင်း၊ ရေအရည်အသွေးကျဆင်းလာခြင်းနှင့် ငါးဖမ်းဆီးရာတွင် ခေတ်မီငါးဖမ်းကိရိယာများနှင့် တရားမဝင် ငါးဖမ်းကိရိယာများ အသုံးပြုခြင်းတို့ကြောင့် ငါးမျိုးပြုန်းတီးလာခြင်းတို့ကိုလည်း တစ်ပြိုင်နက်တည်း ကြုံတွေ့လာကြရပါသည်။

သုတေသနပညာရှင်များက ရေသယံဇာတ ထိန်းသိမ်းရေးနှင့်ပတ်သက်၍ သုတေသနလုပ်ငန်းများစွာဆောင်ရွက်ပြီး နည်းလမ်းမျိုးစုံဖြင့် ထိန်းသိမ်းစောင့်ရှောက်ရေး လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်သော်လည်း မွေးမြူထုတ်လုပ်သုံးစွဲသူများအကြား သယံဇာတထိန်းသိမ်းရေး လုပ်ငန်းစဉ်များအား ထိရောက်သော အသိပညာမြှင့်တင်ပေးနိုင်မှု ကွာခြားချက်ကြောင့် အပင်နှင့် သတ္တဝါမျိုးစိတ်များ၏ ဒေသမျိုးရင်းများရှားပါးလာခြင်း၊ ပြည်တွင်းစားသုံးမှု လိုအပ်ချက်မြင့်မားလာခြင်း၊ ပြည်ပမှမျိုးစိတ်အသစ်များတင်သွင်းလာ၍ ဒေသရင်းမျိုးစိတ်များနှင့် မျိုးစပ်ပြီး ကပြားမျိုးစိတ်များ ဖြစ်သွားခြင်း၊ တောရိုင်းတိရစ္ဆာန်များကို တရားမဝင်ဖမ်းဆီးရောင်းချခြင်း စသည့်အမျိုးမျိုးသော အကြောင်းများကြောင့် အချို့မျိုးစိတ်များမှာ ရှားပါးလာပြီး မျိုးသုဉ်းမည့်အန္တရာယ်နှင့် ရင်ဆိုင်လာကြရသည်။

### အင်းလေးကန်နှင့် ငါးဖိန်းငါးမျိုးစိတ်



ငါးဖိန်းငါးမျိုးစိတ်
*Cyprinus intha* (Annandale–1918)။

အင်းလေးကန်နှင့် ပတ်ဝန်းကျင်ရေပြင်များတွင် ဇီဝမျိုးစုံမျိုးကွဲများဖြစ်သည့် ဆောင်းခိုငှက်များ၊ ရှားပါးငှက်မျိုးစိတ်များ၊ ဒေသတိုင်းရင်းငါးမျိုးစိတ်များဖြင့် ဂေဟစနစ်ပြည့်စုံစွာ တည်ရှိပါသည်။ ငါးကြင်းအုပ်စုဝင် ငါးဖိန်းငါးမျိုးစိတ်မှာ ရှမ်းပြည်နယ်တောင်ပိုင်းရှိ အမျိုးမျိုးသော ရေပြင်များတွင် နေထိုင်ကျက်စားသည့် ငါးမျိုးစိတ်ဖြစ်ပြီး သံလွင်မြစ်ဝှမ်းနှင့်မဲခေါင်မြစ်ဝှမ်းတို့တွင်လည်း နေထိုင်ကျက်စားကြသည်။ အင်းသားတိုင်းရင်းသားများ အဓိကစားသုံးသည့် ငါးဖိန်းငါး၏အသားမှာ ထူ၍ချိုမြိန်သည့် အရသာရှိပါသည်။ ယခင်က အင်းလေးကန်အတွင်း ငါးဖိန်းငါးမျိုးစိတ် ပေါများခဲ့စဉ်က ငါးဖိန်းငါးကို ငါးထမင်းနယ်နှင့် ငါးဒုက္ခဟင်းလျာများအဖြစ် ပြင်ဆင်ချက်ပြုတ်စားသောက်ကြသည်။ ယခုအခါ ငါးဖိန်းငါးမျိုးစိတ်အရေအတွက်မှာ အင်းလေးကန်ဒေသပတ်ဝန်းကျင်ရှိ ရေပြင်များတွင် တစ်နှစ်ထက်တစ်နှစ် လျော့နည်းလာသဖြင့် ၂၄-၂-၂၀၁၁ ရက်၌ International Union for Conservation of Nature (IUCN)က နောက်ဆုံးအကဲဖြတ်ခဲ့ပြီး Red list of Threatened species တွင် မျိုးသုဉ်းပျောက်ကွယ်မည့်စာရင်း သတ်မှတ်ချက်အရ သဘာဝတွင် ဆုံးရှုံးနိုင်ခြေမြင့်မားသည့် အန္တရာယ်နှင့်ရင်ဆိုင်နေရသော စာရင်းဝင် ငါးမျိုးစိတ် (Endangered–EN) အဆင့်သတ်မှတ်၍ စာရင်းသွင်းထားပါသည်။

ငါးဖိန်းငါးမျိုးစိတ်ရှားပါးလာမှုနှင့်ပတ်သက်၍ သုတေသနပြု လေ့လာသူအများစုအနေဖြင့် အင်းလေးကန်ရေပြင်ရှိ ကျွန်းမျောစိုက်ခင်းများမှ ဓာတ်မြေသြဇာအသုံးပြုမှုများပြားခြင်းနှင့် အင်းလေးကန်ပတ်ဝန်းကျင်ရှိ စိုက်ပျိုးမြေများမှ ရေများဝင်ရောက်ခြင်းတို့ကြောင့် ကန်အတွင်းရေအာဟာရဓာတ်ပိုလျှံလာရာမှ ရေထုညစ်ညမ်းလာခြင်း၊ ပေါက်ပွားနှုန်းမြန်သည့် ဗေဒါပင်မျိုးစိတ် (Eichhornia crassipes)သည် အင်းလေးကန်၏ ရေဧရိယာအနှံ့အပြားပေါက်ရောက်ခြင်းကြောင့် ငါးများနေထိုင်ရန် ပတ်ဝန်းကျင်အား အခြားငါးမျိုးစိတ်များနှင့် အပြိုင်အဆိုင်ရယူရန် ကြိုးစားရသည့်အပြင် ယခုအခါ ငါးဖမ်းဆီးလုပ်ကိုင်မှု ပိုမိုများပြားလာသည်နှင့်အမျှ ငါးအထိအမိများသည့် ငါးဖမ်းကိရိယာများနှင့် အင်ဂျင်တပ်ငါးဖမ်းလှေများ အသုံးပြုလာခြင်းစသည်တို့ကြောင့်ဟု ကောက်ချက်ချကြသည်။ ငါးဖိန်းငါးမျိုးစိတ် ရှားပါးလာရခြင်းသည် ငါးအလွန်အကျွံဖမ်းဆီးခြင်း၊ ငါးဖိန်းငါးနေထိုင်ရာ ပတ်ဝန်းကျင်တွင် ငါးမြစ်ချင်း၊ မြက်စားငါးကြင်းကဲ့သို့သော ငါးများနေရာယူလာခြင်း၊ ငါးကြင်းအုပ်စုဝင်ငါးများနှင့် မျိုးစပ်သွားခြင်းတို့သည် အဓိကအချက်ဖြစ်ကြောင်း သုတေသနပြုလေ့လာချက်များအရ တွေ့ရှိရပါသည်။

### ငါးဖိန်းငါးမျိုးစိတ်သုတေသန

စာရေးသူ၏ ငါးဖိန်းငါးမျိုးစိတ်အား သုတေသနပြုလေ့လာခြင်းဆိုင်ရာ ပါရဂူဘွဲ့ကျမ်းပြုစုရန် ၂၀၁၈ ခုနှစ်မှစ၍ ငါးဖိန်းငါးရရှိနိုင်သောနေရာများအား ဒေသခံများထံမေးမြန်းစုံစမ်းပြီး အင်းလေးကန်နှင့် ၄၉ မိုင်ခန့် (၇၈ ဒသမ ၉ကီလိုမီတာ)အကွာအဝေးတွင်ရှိသော စံကားအင်းနေရာအား သုတေသနပြုလုပ်ရန် နယ်ပယ်အဖြစ် ရွေးချယ်ခဲ့ပါသည်။ စံကားအင်းမှာ ကျွန်းမျောစိုက်ခင်းနည်းပါးခြင်း၊ ရေချဉ်ဖန်နှုန်းလုံလောက်စွာရှိခြင်း၊ ရေတွင်ပျော်ဝင်သော အောက်ဆီဂျင်ပမာဏ သင့်တင့်ခြင်းစသည့်အချက်များကြောင့် ငါးဖိန်းငါးများ အတော်အသင့် နေထိုင်ကျက်စားလျက်ရှိသည်။ စာရေးသူ၏ သုတေသနနှစ်နှစ်တာကာလဖြစ်သည့် ၂၀၁၉ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အတွင်း စံကားအင်းသို့ ငါးကြိမ် ကွင်းဆင်းသုတေသနပြုသွားရောက်ခဲ့စဉ် သုတေသနပြုရန် နမူနာအဖြစ် ငါးဖိန်းကောင်ရေအရွယ်စုံ အကောင် ၆၀ စုဆောင်းရရှိခဲ့ပါသည်။ ရှေ့ဆက်သုတေသနလုပ်ငန်းစဉ်များအတွက် ထပ်မံသွားရောက်ခဲ့စဉ် စံကားအင်း ရေခန်းခြောက်ချိန်နှင့်ကြုံခဲ့ရခြင်း၊ ဘက်ထရီရှော့တိုက်ငါးဖမ်းဆီးမှုများကြောင့် လိုအပ်သည့် ပမာဏရရှိခဲ့ခြင်းမရှိပါ။ သုတေသနဆောင်ရွက်သည့်အချိန်ကာလအတွင်းရရှိခဲ့သော ငါးများ၏အရွယ်အစားမှာ အရွယ်ရောက်ပြီး အငယ်ဆုံး ငါးလက်မမှ ခုနစ်လက်မအတွင်းရှိပြီး တစ်ပိဿာမှ တစ်ပိဿာခွဲခန့်ရှိသော ငါးဖိန်းကောင်ရေ ငါးကောင်သာရရှိခဲ့ကြောင်း တွေ့ရှိရပါသည်။ အရွယ်အစားငယ်အများစု ဖမ်းဆီးရမိသည့်အတွက် ဥကောင်းစွာဥချနိုင်သည့် မျိုးငါးအရေအတွက် အသင့်အတင့် ကျန်ရှိနေသေးသည်ဟု သုတေသနရလဒ်များအရ သုံးသပ်ရပါသည်။ ရွှေဝါငါးကြင်းမျိုးစိတ်နှင့် ဒေသမျိုးရင်း ငါးဖိန်းငါးမျိုးစိတ်များ မျိုးစပ်ပြီး ကပြားမျိုးစိတ်(Hybrid) များဖြစ်သွားသည်ဟုယူဆရသည့် ငါးမျိုးအားဖမ်းဆီး၍ ငါးဖိန်းငါးဟု ပြောဆိုရောင်းချလျက်ရှိသည်ကို ငါးဖိန်းငါးနှင့် ရွှေဝါငါးကြင်း၏ ပြင်ပသွင်ပြင်လက္ခဏာများကို နှိုင်းယှဉ်ချက်အရ လေ့လာတွေ့ရှိရပါသည်။ သုတေသနဆောင်ရွက်ပြီး နှိုင်းယှဉ်လေ့လာချက်အရ နိုင်ငံခြားမှတင်သွင်းလာသော ရွှေဝါငါးကြင်းမျိုးစိတ်နှင့် ဒေသမျိုးရင်းငါးဖိန်းငါးမျိုးစိတ်များ မျိုးစပ်ပြီး ကပြားမျိုးစိတ် (Hybrid)ဖြစ်သွားခြင်းကြောင့် ဒေသမျိုးရင်းငါးဖိန်းမျိုးစိတ်ရှားပါးလာသည်ဟု လေ့လာသုံးသပ်ရသဖြင့် ဒေသမျိုးရင်းဖြစ်သည့် ငါးဖိန်းငါးမျိုးစိတ်၊ ရွှေဝါငါးကြင်းငါးမျိုးစိတ်နှင့် ကပြားမျိုးစိတ်ဟုယူဆသည့် ငါးများ၏မျိုးဗီဇများ၏ DNA ကိုစစ်ဆေး၍ အဖြေထုတ်နိုင်ရန် ဆက်လက်သုတေသနပြုလုပ်လျက်ရှိပါသည်။ ငါးဖိန်းမျိုးစိတ်များသည် ရေအရည်အသွေးကောင်းမွန်သည့် စံကားအင်းရေပြင်သို့ ပြောင်းရွှေ့ကျက်စားနေထိုင်လျက် ရှိကြသည်။ ဒေသခံများနှစ်ခြိုက်စွာ စားသုံးမှုရှိခြင်းကြောင့် ဈေးကောင်းရရှိသည့် ငါးဖိန်းငါးများ ရရှိနိုင်သည့် စံကားအင်းအတွင်း ငါးဖမ်းဆီးသူများက ဘက်ထရီရှော့တိုက်၍ ဖမ်းဆီးလာကြသည်။ သုတေသနအတွက်လိုအပ်သော ငါးဖိန်းငါးမျိုးစိတ်နမူနာ ရရှိနိုင်ရန် ကွင်းဆင်းသွားရောက်သည့် အကြိမ်တိုင်းတွင် ဘက်ထရီရှော့တိုက် ငါးဖမ်းဆီးသူများထံမှ ဝယ်ယူခဲ့ရသည်။ အင်းလေးကန်တည်ရှိရာ ညောင်ရွှေမြို့နယ်အတွင်း ကျေးရွာအုပ်စု ၄၃ အုပ်စု၊ ကျေးရွာပေါင်း ၄၄၅ ရွာတွင်

**စာမျက်နှာ ၁၉ သို့**

> **အင်းလေးကန်စိမ်းလန်းစိုပြည်ရေး ထိန်းသိမ်းစောင့်ရှောက်မှု လုပ်ငန်းစဉ်များတွင် ရေအရည်အသွေးကောင်းမွန်ပြီး ငါးဖိန်းငါးများ နှစ်သက်သည့် ရေပြင်များအား လေ့လာရွေးချယ်၍ အဆိုပါရေပြင်များအား ငါးမဖမ်းရနေရာ သတ်မှတ်ပေးခြင်း၊ အင်းလေးကန်ပတ်ဝန်းကျင်တွင် ဘက်ထရီရှော့တိုက် ငါးဖမ်းဆီးမှုအား သတိပေးဆိုင်းဘုတ်များဖြင့်တားမြစ်၍ ထိရောက်စွာ အရေးယူမှုများပြုလုပ်ခြင်းဖြင့် ငါးဖိန်းငါးမျိုးများ ပြန်လည်ပေါများလာနိုင်**




စကားအင်းပတ်ဝန်းကျင်တွင် ဘက်ထရီရှော့တိုက်ငါးဖမ်းဆီးနည်းဖြင့် ငါးဖမ်းဆီးနေသည်ကို တွေ့ရစဉ်။



# အစိုးရနည်းပညာအထက်တန်းကျောင်း(ဘားအံ) တတိယအကြိမ်မြောက် အောင်လက်မှတ်ပေးအပ်

**ဘားအံ ဇန်နဝါရီ ၈**

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန အစိုးရနည်းပညာ အထက်တန်းကျောင်း(ဘားအံ)၏ တတိယအကြိမ်မြောက် အောင်လက်မှတ်ပေးအပ်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၈ ရက် နံနက် ၁၀ နာရီက အဆိုပါ ကျောင်းနှစ်ထပ်ဆောင်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အောင်လက်မှတ်ပေးအပ်ပွဲတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ်(ကိုယ်စား) ပြည်နယ်သယံဇာတရေးရာဝန်ကြီး ဦးဇော်ဝင်း တက်ရောက်အမှာစကား ပြောကြားသည်။

ထို့နောက် အစိုးရနည်းပညာအထက်တန်းကျောင်း(ဘားအံ) ကျောင်းအုပ်ကြီးဒေါက်တာနန်းမိုးမိုးကြည် အမှူးပြုသော စီမံခန့်ခွဲရေးအဖွဲ့နှင့် ပညာရေးအဖွဲ့ဝင်များက အောင်လက်မှတ်ပေးအပ်မည့် စင်မြင့်ထက်တွင်နေရာယူကြပြီး လိုအပ်သည့် ကတိခံဝန်ချက်များရယူကာ ၂၀၁၉-၂၀၂၀ ခုနှစ်၌ အဆောက်အဦနည်းပညာသင်တန်း၊ အီလက်ထရွန်နစ်နည်းပညာသင်တန်း၊ လျှပ်စစ်နည်းပညာသင်တန်း၊ မော်တော်ယာဉ်နည်းပညာသင်တန်းတို့တွင် အောင်မြင်ခဲ့သူ ၃၃ ဦး၊ ၂၀၂၁-၂၀၂၂ ခုနှစ်၌ အဆောက်အဦနည်းပညာသင်တန်း၊ အီလက်ထရွန်နစ်နည်းပညာသင်တန်း၊ လျှပ်စစ်နည်းပညာသင်တန်းတို့တွင် အောင်မြင်ခဲ့သူ ၁၅ ဦး၊ အဝေးရောက်အောင်လက်မှတ်ရယူသူ ခုနစ်ဦး စုစုပေါင်း ၅၅ ဦးတို့အား အောင်လက်မှတ်များကို အပ်နှင်းသည်။

ယင်းနောက် အစိုးရနည်းပညာအထက်တန်းကျောင်း(ဘားအံ) ကျောင်းအုပ်ကြီးက အပ်နှင်းပြီးသော အောင်လက်မှတ်ရသူများစာရင်းကို လက်မှတ်ရေးထိုးပြီး မိန့်ခွန်းပြောကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့၌ လူသုံးကုန်နှင့် အလှကုန်ထုတ်လုပ်မှုနည်းပညာ သင်တန်းဆင်းပွဲအခမ်းအနား ကျင်းပ

**ဟိုပုံး ဇန်နဝါရီ ၈**

ရှမ်းပြည်နယ် (တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့တွင် ရှမ်းပြည်နယ်ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေးလုပ်ငန်းကော်မတီနှင့် ရှမ်းပြည်နယ်အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် လူသုံးကုန်နှင့် အလှကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းဆင်းပွဲကို ဇန်နဝါရီ ၇ ရက်က နောင်တောင်းပရဟိတတပ်ဦးဘုန်းတော်ကြီးသင် ပညာရေးကျောင်းတွင် ပြုလုပ်ခဲ့သည်။




အခမ်းအနားတွင် ရှမ်းပြည်နယ်ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေးလုပ်ငန်းကော်မတီ၊ အတွင်းရေးမှူး၊ ရှမ်းပြည်နယ် အလုပ်သမားညွှန်ကြားရေး ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်ခင်မာအေးက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးတင်ထူးမောင်က သင်တန်းတွင် ပထမဆုရရှိသော သင်တန်းသူကိုလည်းကောင်း၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့အဖွဲ့ဝင် ဒုတိယဗိုလ်မှူးကြီးညီညီတင်က သင်တန်းတွင် ဒုတိယဆုရရှိသော သင်တန်းသူကိုလည်းကောင်း၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်ညီလာကျော်က သင်တန်းတွင် တတိယဆုရရှိသော သင်တန်းသူများကိုလည်းကောင်း၊ ရှမ်းပြည်နယ်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခိုင်ခိုင်သိန်းက သင်တန်းသူများကို သင်တန်းဆင်း လက်မှတ်များကိုလည်းကောင်း ပေးအပ်ခဲ့ကြသည်။ အဆိုပါ သင်တန်းကို ဇန်နဝါရီ ၂ ရက်မှ ၇ ရက်အထိ သင်တန်းသူ ၂၀ ဦးဖြင့် စာတွေ့၊ လက်တွေ့ ဖွင့်လှစ်သင်ကြားပေးခဲ့ပြီး သင်တန်းသူများ ပြုလုပ်ထားသည့် လူသုံးကုန်နှင့် အလှကုန်တို့ကို တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**ပအိုဝ်းဒေသ(ပြန်/ဆက်)**

# ပန်းတောင်းမြို့နယ်၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှု

**ပန်းတောင်း ဇန်နဝါရီ ၈**

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ်၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းအောင် ဦးဆောင်သော အဖွဲ့သည် ဇန်နဝါရီ ၇ ရက် နံနက်ပိုင်းက ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးရာတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းအောင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်သူရနှင့် မြို့နယ်ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါ၍ပန်းတောင်းမြို့နယ်အတွင်း ရွှေဘုံသာကျေးရွာအုပ်စု ဖိုးဦးတောင်စေတီတော်မြတ်သို့ ရောက်ရှိကာ ဓာတ်လှေကားဆောက်လုပ်မည့်မြေနေရာအား ကြည့်ရှုစစ်ဆေး၍ ရွှေဘုံသာစေတီတော်မြတ်ကြီးသို့ ရောက်ရှိကာ စေတီတော်မြတ်ကြီး၏ တန်ဆောင်း၊ မျက်နှာကြက်များ ပြုပြင်မွမ်းမံနေမှုအား ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ဆက်လက်၍ သူရဲတန်း ကျေးရွာအုပ်စုရှိ သူရဲတန်းမြစ်ရေတင်လုပ်ငန်း၏ စတင်ရေပေးနေမှုကိုလည်းကောင်း၊ ထုံးဘိုကျေးရွာအုပ်စုရှိ ထုံးဘိုမြစ်ရေတင်လုပ်ငန်းကိုလည်းကောင်း၊ ထုံးဘိုကမ်းပါးထိန်းကိုလည်းကောင်း၊ မြောင်ကျေးရွာအုပ်စုရှိထုံးဘို - တဲကြီးကုန်း- မြောင်ဖျားလမ်း ကွန်ကရစ်ခင်းခြင်းကို လည်းကောင်းကြည့်ရှုစစ်ဆေးကာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းအောင်က လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



❍ စာမျက်နှာ ၁၈ မှ

ဘက်ထရီရှော့တိုက် ငါးဖမ်းဆီးလုပ်ကိုင်သူ (၈၀ ရာခိုင်နှုန်း) ခန့်လုပ်ကိုင်လျက်ရှိပြီး ၂၀၀၇ ခုနှစ်အတွင်း ဘက်ထရီရှော့တိုက် ငါးဖမ်းဆီးသူ ခုနစ်ဦးကိုသာ ဖမ်းဆီးအရေးယူမှုရှိခဲ့ကြောင်း အင်းပေါခုံကျေးရွာ၏ ကျေးရွာအုပ်ချုပ်ရေးမှူးထံမှ အထောက်အထားများအရ သိရှိခဲ့ရသည်။ ဘက်ထရီရှော့တိုက်ငါးဖမ်းဆီးခြင်းသည် အရင်းအနှီးများစွာ ကုန်ကျမှုမရှိဘဲ အချိန်တိုအတွင်း ငါးရရှိမှုများခြင်းကြောင့် လုပ်ကိုင်ကြခြင်းဖြစ်သည်။ သဘာဝနည်းဖြင့် ငါးဖမ်းဆီးလုပ်ကိုင်ကြသော ရေလုပ်သားများအနေဖြင့် ငါးဖမ်းဆီးနိုင်ခြင်းမရှိတော့သည့်အတွက် ဘက်ထရီရှော့တိုက်ငါးဖမ်းဆီးခြင်းအား ပပျောက်လိုသည့် ဆန္ဒရှိကြကြောင်း လေ့လာသိရှိခဲ့ရသည်။




ဘက်ထရီရှော့တိုက်ရာတွင်အသုံးပြုသည့် ပစ္စည်းများ။

အင်းလေးကန်သည် ဖောင်တော်ဦးဘုရား၏ တန်ခိုးကြီးထင်ရှားမှုနှင့်အတူ အင်းသားလူမျိုးများ၏ တန်ဖိုးထားစားသောက်ကြသော အရသာကောင်းမွန်သည့် ငါးဖိန်းငါးမျိုးစိတ်သည်လည်း အထင်ကရဖြစ်သည့်အားလျော်စွာ အင်းလေးကန်စိမ်းလန်းစိုပြည်ရေး ထိန်းသိမ်းစောင့်ရှောက်မှု လုပ်ငန်းစဉ်များတွင် ငါးဖိန်းငါးမျိုးစိတ်ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းများ ထည့်သွင်းဆောင်ရွက်ခြင်းသည် အရေးကြီးသောလုပ်ငန်းစဉ်တစ်ခု ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အင်းလေးကန်စိမ်းလန်းစိုပြည်ရေးထိန်းသိမ်းစောင့်ရှောက်မှု လုပ်ငန်းစဉ်များတွင် ရေအရည်အသွေးကောင်းမွန်ပြီး ငါးဖိန်းငါးများနှစ်သက်သည့် ရေပြင်များအား လေ့လာရွေးချယ်၍ အဆိုပါရေပြင်များအား ငါးမဖမ်းရနေရာ သတ်မှတ်ပေးခြင်း၊ အင်းလေးကန်ပတ်ဝန်းကျင်တွင် ဘက်ထရီရှော့တိုက် ငါးဖမ်းဆီးမှုအား သတိပေးဆိုင်းဘုတ်များဖြင့်တားမြစ်၍ ထိရောက်စွာအရေးယူမှုများ ပြုလုပ်ခြင်းဖြင့် ငါးဖိန်းငါးမျိုးများ ပြန်လည်ပေါ်များလာနိုင်ပါကြောင်း သုတေသနပြုလေ့လာချက်များအား အခြေခံ၍ရေးသားဖော်ပြရင်း မြန်မာနိုင်ငံအတွင်းရှိ ဒေသမျိုးရင်းငါးမျိုးစိတ်များ၏ မျိုးဗီဇများ ထိန်းသိမ်းစောင့်ရှောက်ထားနိုင်ရန် သုတေသနပြုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

**ရည်ညွှန်းကိုးကား**

**Vidthayanon, C. 2011. *Cyprinus intha.* The IUCN Red List of Threatened Species 2011:e.T180896A7654388. https://dx.doi.org/ 10.2305/ IUCN.UK.20111. RLTS. T180896A7654388.en. Accessed on 29 August 2022.**

**(http://www.dof-myanmar-fic.org/Multimedia/ Posters/ 30.% 20 Endangered % 20species% 20in% 20Inle% 20Lake)**

ပုံပြင်

# ကြက်သီးမထသော လုလင်

မင်းယုဝေ

တစ်ရံရောအခါ လူတစ်ယောက်တွင် သားနှစ်ယောက် ရှိလေသည်။ ထိုသားနှစ်ယောက်တွင် သားကြီးသည် လိမ္မာပါးနပ်၍ အရာရာကို ပြုလုပ်နိုင်စွမ်းရှိ၏။ သားငယ်မူကား ထိုသို့မဟုတ်။ ထုံထိုင်း၍ ဘာမျှ မသိ၊ ဘာမျှ မလုပ်ကိုင်တတ်ပေ။ လူအများက သားငယ်သည် ဖခင်အတွက်ကျေးဇူးမပြုနိုင်သည့်အပြင် ဝန်ထုပ်ဝန်ပိုးသဖွယ်သာဖြစ်သည်ဟူ၍ ဆိုကြ၏။

ထို့ကြောင့်လည်း ဖခင်သည် တစ်စုံတစ်ရာ အရေးကိစ္စရှိပါက သားငယ်ကို မခိုင်း၊ သားကြီးကိုသာ ခိုင်းလေ့ရှိသည်။ သားကြီးကလည်း ဖခင်ခိုင်းသည်တို့ကို ဆောင်ရွက်ပေးလေ့ရှိသည်။ သို့သော် ညအချိန်များ၌ ဖခင်ကသားကြီးဖြစ်သူကို ဘုရားရှိခိုးကျောင်းသို့သော်လည်းကောင်း၊ အခြားလူသူမရှိရာနေရာ တစ်ခုခုသို့သော်လည်းကောင်း စေခိုင်းလျှင်မူ သားကြီးသည် ငြင်းပယ်တတ်သည်။

"ဖခင်၊ ထိုနေရာသို့ ညအချိန်၌ သားမောင် မသွားဝံ့ပါ၊ ကြက်သီးထလှပါသည်"

ဆောင်းရာသီညများတွင် လူအများသည် မီးလင်းဖိုဘေး၌ ထိုင်လျက် ထူးဆန်းအံ့ဩဖွယ်ကောင်းသောပုံများကို ပြောတတ်ကြသည်။ သို့ပြောရာမှ ကြောက်ရွံ့ထိတ်လန့်ဖွယ်အခန်းသို့ ရောက်လျှင် နားထောင်သူအချို့က "အို.. ကြက်သီးထပါဘိ" ဟူ၍ ပြောဆိုတတ်သည်။ ဤတွင် ထောင့်တစ်ထောင့်၌ ထိုင်လျက် ပုံနားထောင်နေသော သားငယ်က..

"ကြက်သီးထသည်ဟု သူတို့မကြာခဏပြောကြသည်။ ကြက်သီးထသည်ဆိုသည်မှာ မည်သို့နေပါသနည်း။ ကျွန်ုပ် လုံးဝမသိပါတကား"ဟူ၍ တစ်ကိုယ်တည်း ညည်းတွားပြောဆိုတတ်လေသည်။

တစ်နေ့တွင် ဖခင်သည်သားငယ်အားခေါ်လျက်...

"သားငယ်၊ သင်သည် သန်မာထွားကျိုင်းသော်လည်း ဘာကိုမှ ဖြစ်မြောက်အောင် မလုပ်ကိုင်တတ်ပါ။ သင့်အစ်ကိုမူ အရာများစွာကိုတတ်သိ၍ ကောင်းစွာလုပ်ကိုင်နိုင်သည်။ သင်သည် သင့်အစ်ကိုကို အားကျသင့်သည်။ သင်၏သက်မွေးဝမ်းကျောင်းမှုအတွက် တစ်စုံတစ်ရာ သင်ယူလုပ်ကိုင်သင့်သည်ကို စဉ်းစားမိပါသလော" ဟူ၍ ပြစ်တင်ပြောဆို၏။ သားငယ်က...

"ဖခင်၊ သားမောင်သည် အတတ်ပညာကို မသင်လိုမဟုတ်ပါ။ တစ်ခုခုကို သင်ယူလိုပါသည်။ အထူးသဖြင့် သားမောင်သည် ကြက်သီးမထဖူးသဖြင့် ကြက်သီးထတတ်လာအောင် အထူးသင်ယူလိုပါသည်" ဟု ပြန်လည်ပြောဆို၏။

ထိုအခါ သားကြီးက..

"ညီငယ်သည် ထုံထိုင်းလွန်းလှသဖြင့် ဘာမှတတ်မြောက်လိမ့်မည် မဟုတ်ပါ" ဟူ၍ ဝင်ရောက်နှိမ့်ချပြောင်လှောင်ပြောဆို၏။ ဖခင်က

"အို... သားငယ်၊ ကြက်သီးထသည်ကို လေ့လာသင်ယူ၍ ဘာအကျိုးထူးမည်နည်း။ ကြက်သီးထတတ်ရုံမျှဖြင့် သင်သည် ဝမ်းဝနိုင်မည်လော၊ ကြီးပွားနိုင်မည်လော"ဟူ၍ ပြစ်တင်ပြောဆို၏။

ထိုအခိုက်ဘုရားရှိခိုးကျောင်းမှ ကျောင်းစောင့်တစ်ဦးသည် ဖခင်ထံအလည်အပတ်ရောက်ရှိလာရာ ဖခင်ကသူ့အား သားငယ်အကြောင်းကို ညည်းတွားပြောဆို၏။

"ကျွန်ုပ်က သူ့အား ဝမ်းရေးအတွက် တစ်စုံတစ်ခုသော အတတ်ပညာကို သင်ကြားရန် တိုက်တွန်းခဲ့သည်။ သူကမူ ကြက်သီးထတတ်ရန် သင်ကြားလိုသည်ဟု ပြောနေသည်"ဟူ၍ ဖခင်က စိတ်ပျက်စွာဖြင့်ပြောပြ၏။

ထိုအခါ ကျောင်းစောင့်က

"အို..အဆွေ၊ သည်ကိစ္စအတွက် မပူပါနှင့်၊ သင့်သားငယ်ကို ကျွန်ုပ်နောက်သို့သာ ထည့်လိုက်ပါ။ ကြက်သီးထလာအောင် ကျွန်ုပ်ဆောင်ရွက်ပေးပါမည်"ဟု ဆို၏။ ဖခင်လည်း ဝမ်းမြောက်ဝမ်းသာပင် သားငယ်ကို ကျောင်းစောင့်နောက်သို့ ထည့်လိုက်လေသည်။ ကျောင်းစောင့်လည်း သားငယ်ကို အိမ်သို့ခေါ်ဆောင်သွားကာ ဘုရားရှိခိုးကျောင်းမှ ခေါင်းလောင်းတီးရသောအလုပ်ကို လုပ်ကိုင်စေ၏။ သို့လုပ်ကိုင်စေရာမှ နှစ်ရက်ခန့်ကြာသော် ကျောင်းအစောင့်သည် သားငယ်အား ညဉ့်သန်းခေါင်ယံအချိန်တွင်နှိုးကာ ခေါင်းလောင်းစင်သို့ သွားရောက်၍ ခေါင်းလောင်းထိုးစေသည်။

ကျောင်းစောင့်က...

"ကြက်သီးမထဖူးသော လုလင်၊ မကြာမီ ကြက်သီးထသည်ကို ကြုံတွေ့တော့မည်"ဟူ၍ တစ်ကိုယ်တည်းပြောဆို၏။ ထို့နောက် ဝတ်ရုံအဖြူကြီးကိုခြုံကာ ခေါင်းလောင်းစင်ရှိရာသို့ အလျင်အမြန်သွားရောက်ခဲ့လေသည်။

မကြာမီ သားငယ်ဖြစ်သောလုလင်သည် ခေါင်းလောင်းထိုးရန်အတွက် ခေါင်းလောင်းစင်အမြင့်သို့တက်သွား၏။ ထိုအခါ လှေကားတစ်ဝက်၌ ဖြူဖြူသဏ္ဌာန်တစ်ခုကို မထင်မရှားတွေ့ရသည်။ ဤတွင် လုလင်က...

"မည်သူနည်း"ဟု လှမ်းမေးလိုက်၏။ ဖြူဖြူသဏ္ဌာန်က ပြန်မဖြေ၊ စကားလည်းမပြော၊ လှုပ်လည်းမလှုပ်။

လုလင်က...

"အသင် မည်သူနည်း၊ ကျွန်ုပ် မေးနေသည်ကို ဖြေပါ။ အကယ်၍ မဖြေလိုလျှင်လည်း လမ်းဖယ်ပေးပါ။ ညအချိန်မတော် သည်နေရာသို့ သင်ဘာလာလုပ်သနည်း"ဟု ထပ်မံမေးမြန်း၏။

စင်စစ်ထိုဖြူဖြူသဏ္ဌာန်ကား အခြားမဟုတ်၊ ကျောင်းစောင့်ပင်တည်း။ လုလင်ထိတ်လန့်၍ ကြက်သီးထစေရန်အတွက် သူသည် တစ္ဆေ၊ သရဲ ဟန်ဆောင်ကာ ခြောက်လှန့်ခြင်းဖြစ်ပေသည်။ ထို့ကြောင့် သူသည် လုလင်မေးသည်ကို မည်သို့မျှမဖြေ၊ မတုန်မလှုပ်ငြိမ်သက်၍သာနေ၏။ ထို့ကြောင့် လုလင်က ထပ်မံ မေးပြန်၏။

"အို...ကျွန်ုပ်ကို နှောင့်ယှက်သူ သင်မည်သူဖြစ်သနည်း။ သင်သည် လူသားစင်စစ်ဖြစ်ပါက ကျွန်ုပ်မေးသည်ကို ဖြေပါ။ ကျွန်ုပ်စကားကို နာယူပါ။ သို့မဟုတ်ပါက သင့်ကို ကျွန်ုပ်လက်သီးဖြင့် အလဲထိုးရပါလိမ့်မည်"

ကျောင်းစောင့်ကစကားမပြန်၊ လှေကားအလယ်၌ ရပ်မြဲရပ်နေ၏။ ဤတွင် လုလင်သည် ရုတ်တရက် ချဉ်းကပ်သွားကာ ကျောင်းစောင့်ကို သန်မာသော လက်သီးကြီးဖြင့် တစ်ချက်တည်းထိုးချလိုက်လေသည်။ သူသည် မြေပေါ်သို့ ရောက်သော် လဲကျကာ သတိမေ့နေလေသည်။


လုလင်သည် အေးဆေးစွာပင် ခေါင်းလောင်းစင်ပေါ်သို့တက်ကာ ခေါင်းလောင်းကို ထိုးသည်။ ထို့နောက် အေးဆေးစွာပင် မိမိနေရာသို့ပြန်၍အိပ်လေသည်။

ထိုအချိန်တွင်ကျောင်းစောင့်၏ မိန်းမသည် ယောကျ်ားဖြစ်သူကို စောင့်မျှော်လျက်ရှိသည်။ အချိန်အတန်ကြာသည့်တိုင် ယောကျ်ားဖြစ်သူ ပေါ်မလာသောအခါ စိတ်ပူလာသည်။ ထို့ကြောင့် လုလင်အိပ်နေသည်ကို သွားရောက်နှိုးကာ သူ့ယောကျ်ားကို မြင်မိပါသလောဟုမေးမြန်း၏။ လုလင်က

"ကျောင်းစောင့်ကိုမူ ကျွန်ုပ်မမြင်မိပါ။ သို့ရာတွင် စောစောပိုင်းက ခေါင်းလောင်းသွားထိုးရာတွင် လှေကားပေါ်၌ ဖြူဖြူသဏ္ဌာန်တစ်ခုနှင့် ရင်ဆိုင်တွေ့ရသဖြင့် မည်သူ မည်ဝါဖြစ်သည်ကို မေးမြန်းကြည့်ရာ အဖြေလည်း မပေး၊ လမ်းလည်း ဖယ်မပေး၊ ထို့ကြောင့် ကျွန်ုပ်လက်သီးဖြင့် ထိုးချခဲ့ပါသည်"ဟု ပြန်ပြော၏။ (ဆက်လက်ဖော်ပြပါမည်)

ဆရာကြီးမင်းယုဝေ၏ လက်ရွေးစင်ပုံပြင် ပေါင်းချုပ်စာအုပ်မှ ပုံပြင်ကို စာရေးသူမိသားစု၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။

ဆရာကြီးသန်းကြွယ်၏ ကာတွန်းလက်ရာများကို မူရင်းအတိုင်း ဖော်ပြပါသည်။




(ဆက်လက်ဖော်ပြပါမည်)

ကဗျာ

## ရွှေချိုးဖြူရယ် ကူပါတော့

✻ ကူကူးသံချို
မြိုင်ညိုတောဝ၊ အိပ်တန်းထ၍
ကြည်မြသံအေး၊ ရင့်ရှုကြွေးသည်
ပျိုလေးခင်သူ၊ ရွှေချိုးဖြူငဲ့။

✻ အရုဏ်ကျူးသည့်
ရှေ့ဦးရောင်ခြည်၊ လဲ့လဲ့ကြည်ဝယ်
တွန်မြည်ငြိမ့်လေး၊ သင်၏တေးသည်
ချိုအေးလှသည် ထင်ပါငဲ့။

✻ လင်းလုပြီပေါ့၊ ပျိုမေကြော့ငဲ့
ထလော့မြန်ပင်၊ မြတ်ဘုန်းရှင်ဝယ်
ဆွမ်းတင်ရေချမ်း၊ ကပ်လှူပန်းနှင့်
ဝါလျှမ်းဆီမီး၊ ထိန်ထိန်ညီးကို
ညှိပြီးပူဇော်ပါဦးတဲ့။

✻ အမျှပေးသည့်
လေးလေးတွဲ့တွဲ့၊ သံအေးနွဲ့နှင့်
ပဲ့တင်တုံ့ပြန်၊ သာစုသံသည်
ထက်မိုးယံသို့ ဖောက်မည်ထင့်။

✻ လွန်ငြိမ်းချမ်းသည့်
မြတ်နန်းဗိမာန်၊ ပြည်နိဗ္ဗာန်သို့
ရောက်ရန်အကြောင်း၊ ဆုခြွေတောင်းခဲ့။

✻ အနေ့နေ့လျှင်
ချမ်းမြေ့အထူး၊ စိတ်ညွတ်နူးဖြင့်
ရှိဦးနှိမ်ခြွေ၊ မြတ်စိန္တေဝယ်
ပျိုမေပန်ကြားခဲ့ပါ၏။

✻ ဤယနေ့သော်
နှင်းငွေ့ဝေစီ၊ မှုန်ရီရီနှင့်
ရောင်နီမပျို့၊ မြူခြေညို့တည့်
ဆို့ဆို့ဆိုင်းဆိုင်း၊ ရှုလေတိုင်းသည်
ဝေမှိုင်းအုံ့ပြီ ထင်ပါငဲ့။

✻ သဉ္ဇာမြင့်မှ၊ နားစွင့်ပါလည်း
သံသာချိုမြ၊ မကြားရတည့်။
မှန်ပြတင်းမှ၊ အလင်းရှာလည်း
ဘယ်မှာတွေ့ပ၊ မမြင်ရတည့်။

✻ ဩော်- ချိုးမကူ၍
မပြုမလင်း၊ ရောင်နီဝင်းသည်
မြူတွင်းပုန်းကာ နေရော့သား။

✻ နေမထွက်၍
စိတ်ပျက်ငြူစူ၊ ရွှေချိုးဖြူသည်
မကူ ဆိတ်ဆိတ်နေရော့လား။

✻ ရှိပါစေတော့
အဖြေတိကျ၊ မသိရလည်း
မေကထပ်ကာ၊ မမေးပါငဲ့။

✻ လွန်ငြိမ်းချမ်းသည့်
မြနန်းနိဗ္ဗာန်၊ ဆုယူပန်ဖို့
သင့်သံချိုချို၊ တေးလိုလိုကို
သည်ပျိုကြားချင်ပါသေးငဲ့။

ငွေတာရီ

ဆရာမငွေတာရီ၏ ငွေတာရီကဗျာပေါင်းချုပ်မှကဗျာကို စာရေးသူမိသားစု၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။

လူမှု ၁၀

## လူငယ်များသိသင့်သော ထူးချွန်ထင်ရှားပုဂ္ဂိုလ်များ

### လူမည်းခေါင်းဆောင် မာတင်လူသာကင်းဂျူနီယာ

မောင်မောင်မြင့်သိန်း (စက်မှုတက္ကသိုလ်)

ကမ္ဘာ့သမိုင်းတွင် လူမှုအခွင့်အရေးအတွက် တောင်းဆိုတိုက်ပွဲဝင်ခဲ့သော လူမည်းခေါင်းဆောင်မှာ မာတင်လူသာကင်းဂျူနီယာဖြစ်သည်။ သူသည် အမေရိကန်ပြည်ထောင်စုရှိ လူမည်းများအနက် လူထုထောက်ခံမှုအရရှိဆုံးနှင့် အထင်ရှားဆုံးခေါင်းဆောင်ဖြစ်သည်။မာတင်လူသာကင်းဂျူနီယာကို လူသိများစေသောအချက်ကား ၁၉၆၃ ခုနှစ် ဩဂုတ်လ ၂၈ ရက်နေ့တွင် ပြောကြားခဲ့သော "ကျွန်တော့်မှာအိပ်မက်တစ်ခုရှိတယ်"(I have a dream) ဆိုသော မိန့်ခွန်းပင်ဖြစ်သည်။ ယင်းသည် အမေရိကန်ပြည်ထောင်စုတွင် လူဖြူ လူမည်းခွဲခြားမှုကို ပြောင်းလဲသွားစေသော မာတင်လူသာကင်းဂျူနီယာပြောကြားခဲ့သည့် မိန့်ခွန်းဖြစ်သည်။ ယင်းမိန့်ခွန်းသည် အမေရိကန်ပြည်တွင်းစစ်အတွင်း တောင်ပိုင်းနှင့် မြောက်ပိုင်းကျေးကျွန်စနစ်ဖျက်သိမ်းပေးရေးတိုက်ပွဲအပြီး မြောက်ပိုင်းက အနိုင်ရကာ သမ္မတလင်ကွန်းပြောကြားခဲ့သော ဂတ်တီးစဘတ်မိန့်ခွန်းကဲ့သို့ ကမ္ဘာကျော်ထင်ရှားသည်။

မာတင်လူသာကင်းဂျူနီယာ၏ ဘဝစာမျက်နှာများက ထူးခြားလှသည်။ သူ့ကို ၁၉၂၉ ခုနှစ် ဇန်နဝါရီလ ၁၅ ရက်နေ့တွင် အမေရိကန်ပြည်ထောင်စု ဂျော်ဂျီယာပြည်နယ် အတ္တလန္တာ၌ မွေးဖွားခဲ့သည်။ သူငယ်စဉ်ကာလတွင် ဘာသာရေးသိပ္ပံကျောင်း၌ တက်ရောက်သင်ကြားခဲ့သည်။ သူသည် အသက် (၁၉) နှစ်တွင် နှစ်ခြင်းခရစ်ယာန်ကျောင်း၏ ဘုန်းတော်ကြီးဖြစ်ခဲ့သည်။ ထိုနှစ်မှာပင် နှစ်ခြင်းခရစ်ယာန်ပါရဂူဘွဲ့ကိုရရှိခဲ့သည်။ အသားအရောင်ခွဲခြားမှုနှင့် လူမျိုးခွဲခြားမှုဖြစ်ပွားနေသော အမေရိကန်ပြည်ထောင်စုတွင် သူသည် အခွင့်အရေးတောင်းဆိုသော လူမည်းခေါင်းဆောင်တစ်ဦးဖြစ်ခဲ့သည်။ ထိုကာလတွင် အမေရိကမှလူမည်းများကို ကျွန်များအဖြစ် အမေရိကန်သို့ရောင်းချခဲ့ကြသည်။ လူဖြူများက ကျွန်များကို ကုန်ပစ္စည်းများသဖွယ် ဝယ်ယူကာ ခိုင်းစေခဲ့ကြသည်။ လူမည်းများသည် အိမ်မွေးကြောင်လေး၊ ခွေးလေးများလောက် အခွင့်အရေးမရရှိခဲ့ကြချေ။ ဤသည်မှာ အလွန်ရုပ်ဆိုးသော လူတန်းစားခွဲခြားမှုကြီးပင်ဖြစ်သည်။ ထိုစဉ်က ဖမ်းဆီးလာသော ကျွန်ယောကျ်ား၊ ကျွန်မိန်းမအားလုံးကို သံခြေကျင်းတချင်ချင်ဖြင့် ဈေးထဲရောင်းချကြသည်။ လူဖြူများက လိုချင်သူကို ဈေးဆစ်ဝယ်ယူကြပြီး အိမ်တွင်းရှိအလုပ်အားလုံးကို ခိုင်းကြသည်။ ပြန်ပြောသောကျွန်များကို သတ်ပစ်ခွင့်ရှိသည်။ ဤသို့ဖြင့် ကျေးကျွန်စနစ်သည် အမေရိကန် ပြည်ထောင်စု အရင်းရှင်စနစ်အောက်တွင် အလွန်ဆိုးရွားခဲ့သည်။ ထို့ကြောင့် အမေရိကန်နိုင်ငံရေးသမားများက ကျွန်စနစ်ကိုတိုက်ပွဲဝင်ခဲ့ကြသည်။ ဤတွင် ကျွန်စနစ်ကို အပြတ်အသတ်တိုက်ခိုက်သူများတွင် သမ္မတအေဘရာဟင်လင်ကွန်းလည်း ပါဝင်သည်။

အမေရိကန်ပြည်တွင်းစစ်ကြီးဖြစ်ပွားသောအခါ တောင်ပိုင်းသားများက ကျွန်စနစ်ကို မဖျက်သိမ်းလိုကြချေ။ လူဖြူများက ဝယ်ယူထားသောကျွန်လင်မယားမှမွေးသည့် ကလေး၊ မြေး၊ မြစ်အားလုံးကို လူဖြူများက ပိုင်ဆိုင်ကြသည်။ လူဖြူ လူမည်းအသားအရောင်ခွဲခြားမှုနှင့်အတူ လူဖြူ လူမည်းတိုက်ပွဲဖြစ်ခဲ့သည်။ ကျွန်စနစ်ဖျက်သိမ်းရေးကို ကွန်ဂရက်လွှတ်တော်တွင် ပြဋ္ဌာန်းလိုက်သောအခါ ပြည်တွင်းစစ်ဖြစ်ပွားခဲ့သည်။ နောက်ဆုံးတွင် ကျွန်စနစ်ဖျက်သိမ်းလိုသော မြောက်ပိုင်းသားများက အနိုင်ရရှိခဲ့သည်။ ကျွန်စနစ်ဖျက်သိမ်းရေးနှင့် အသားအရောင်ခွဲခြားခြင်းစနစ်ပယ်ဖျက်ရေးကို ဥပဒေတွင် သတ်မှတ်ခဲ့သည်။ သို့သော် အသားအရောင်ခွဲခြားရေးသည် လုံးဝပယ်ပျက်သွားခြင်းမရှိချေ။ လူမည်းများကို အတန်းအစားခွဲခြားသတ်မှတ်ကြသည်။ ကျွန်အဖြစ် မသတ်မှတ်ကြတော့ချေ။ သို့သော် လူဖြူနှင့် လူမည်းခတ်လှေကား အတူစီးခွင့်မရချေ။ လူမည်းဆိုင်၊ လူဖြူဆိုင်ဟု ခွဲခြားကာ လူဖြူများထိုင်သောဆိုင်များတွင် လူမည်းများ ထိုင်ခွင့်မရှိချေ။ ထိုင်လျှင် ပြစ်ဒဏ်ပေးသည်။

မာတင်လူသာကင်းဂျူနီယာ၏ "ကျွန်တော့်မှာအိပ်မက်တစ်ခုရှိတယ်" မိန့်ခွန်းကို ဝါရှင်တန်ဒီစီရှိ လင်ကွန်း အမှတ်တရကျောက်ရုပ်ရှေ့တွင် ပြောကြားခဲ့ခြင်းဖြစ်သည်။ ထိုမိန့်ခွန်း၏သက်တမ်းသည် နှစ် (၅၀) ကျော်ခဲ့ပြီးဖြစ်သော်လည်း ယနေ့အထိ ကမ္ဘာ့ပြည်သူများ အမှတ်ရနေဆဲဖြစ်သည်။ ယခုအခါ အမေရိကန်ပြည်ထောင်စုတွင် အသားအရောင်ခွဲခြားခြင်းမရှိတော့ချေ။ မာတင်လူသာကင်း၏ အိပ်မက်သည် အမေရိကန်ပြည်ထောင်စုတွင် ယခုအခါ ထိုက်သင့်သောအိပ်မက်၏ အကျိုးဆက်များခံစားနေရပြီဖြစ်သည်။ မာတင်လူသာကင်းသည် လူမှုအခွင့်အရေးအတွက် တောင်းဆိုတိုက်ပွဲဝင်ရင်း ၁၉၆၈ ခုနှစ် ဧပြီလ ၄ ရက်နေ့တွင် လုပ်ကြံသတ်ဖြတ်ခြင်းခံခဲ့ရသည်။ ။

## ရှေးခေတ်သုခုမအနုလက်ရာများနှင့် နှစ်ပေါင်း ၁၀၀ ကျော်ကြာ မပျက်မယွင်းတည်ရှိနေသော စကုမြို့မှ သုံးထပ်ရုပ်စုံကျောင်း

သုံးထပ်ရုပ်စုံကျောင်းသည် စကုမြို့တွင်ရှိ၍ ထူးချွန်ပြောင်မြောက်လှသော ရှေးခေတ်သုခုမအနုလက်ရာများနှင့် နှစ်ပေါင်း ၁၀၀ ကျော်ကြာ မပျက်မယွင်းတည်ရှိနေသော ရုပ်စုံကျောင်းတစ်ကျောင်းဖြစ်သည်။

ထို စကုမြို့မှ သုံးထပ်ရုပ်စုံကျောင်းကို ကျောင်းဒါယကာ စကုမြို့ဝန်မင်းကြီး ဦးဆိုင်၊ ဝန်မင်းကတော် ဒေါ်ငွေ (သား) မြို့အုပ်မင်း ဦးသိုက်၊ မြို့အုပ်မင်းကတော် မရိုး (သမီး) မဝက်တို့က သက္ကရာဇ် ၁၂၆၆ ခုနှစ် နယုန်လပြည့်ကျော် ၆ ရက်နေ့တွင် သုံးထပ်ရုပ်စုံကျောင်းအပြင် မှန်ကင်းရုပ်စုံကျောင်းနှင့် ကန်ဦးဘုန်းတော်ကြီးကျောင်းတို့ကိုပါ ဆောက်လုပ်လှူဒါန်းခဲ့ကြသည်။



ရုပ်စုံကျောင်းတွင် တိုင်လုံးပေါင်း ၁၇၂ တိုင်ရှိကာ အလျား ၁၃၆ ပေ၊ အနံ ၇၂ ပေဖြင့် ဆောက်လုပ်ခဲ့ပြီး ကျောင်းအပြင်ဘက် တိုင်တစ်တိုင်ချင်းစီ၏ တိုင်ဖုံးများတွင် ရှေးခေတ် နန်းတွင်းဓာတ်တော်များဖြစ်သော စူဠပဒုမဇာတ်တော်၊ ဥတေနဇာတ်တော်နှင့် မမယ်ဥ ဓာတ်ရုပ်များကို ကောက်နုတ်၍ လက်ရာပြောင်မြောက်စွာ သရုပ်ဖော်ထုဆစ်ထားသော ပန်းပုရုပ်ပုံများမှာ ကျောင်းနှင့် လွန်စွာပနံသင့်လှသည်။

ဇေယျာထက်(မင်းဘူး)

မြန်မာနိုင်ငံတွင် များပြားလှသော ဘုန်းတော်ကြီးကျောင်းများအနက် ဗုဒ္ဓဖြစ်စဉ် ၅၅၀ နိပါတ်တော်များနှင့် ဓမ္မပဒကျမ်းများမှ ဇာတ်ဝတ္ထုများကို သရုပ်ဖော် ထုလုပ်ထားပြီး သစ်သားပန်းပုရုပ်များဖြင့် အလှဆင်ထားသောကျောင်းများကို ရုပ်စုံကျောင်းများဟု ခေါ်ကြသည်။ ယင်းရုပ်စုံကျောင်းများအနက် မန္တလေး ရွှေအင်ပင်ရုပ်စုံကျောင်း၊ စစ်ကိုင်းရုပ်စုံကျောင်း၊ စလင်းရုပ်စုံကျောင်း၊ စလေမြို့ရှိ ရုပ်စုံကျောင်းများအပြင် မကွေးတိုင်းဒေသကြီး မင်းဘူး (စကု) မြို့နယ်မှ မှန်ကင်းရုပ်စုံကျောင်းနှင့် သုံးထပ်ရုပ်စုံကျောင်းများမှာ အထင်ရှားဆုံးဖြစ်ကြသည်။

# ဓာတ်ခွဲနမူနာစုစုပေါင်း ၃၉၇၄ ခု စစ်ဆေးပြီးစီး၊ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် လေးဦး တွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၈-၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၇-၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၈-၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၃,၉၇၄) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၄) ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၁) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၈၄၉,၃၉၃) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၆၃၃,၇၁၇) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၈) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၀၈,၃၅၄) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၀) ဦး ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၇-၁-၂၀၂၂) ရက်နေ့အထိ အသက် (၁၈) နှစ်နှင့်အထက် လူဦးရေစုစုပေါင်း (၃၀,၈၅၆,၅၅၄) ဦး နှင့် အသက် (၁၈) နှစ်အောက် လူဦးရေစုစုပေါင်း (၆,၈၀၁,၀၃၃) ဦး တို့အား ထိုးနှံထားရှိပြီး ဖြစ်ပါသည်။

**ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပြီးစီးမှု**
**(၇-၁-၂၀၂၂ ရက်နေ့အထိ)**

| | |
|---|---|
| အသက် (၁၈) နှစ်နှင့်အထက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၃၀,၈၅၆,၅၅၄ |
| အသက် (၁၈) နှစ်အောက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၆,၈၀၁,၀၃၃ |

ယခုအခါ ကမ္ဘာ့နိုင်ငံအချို့နှင့် အိမ်နီးချင်းနိုင်ငံအချို့တွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု ပြန်လည်မြင့်တက်နေသည့်အတွက် မြန်မာနိုင်ငံတွင်လည်း ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု၊ ရောဂါနောက်ဆက်တွဲပြင်းထန်မှုနှင့် သေဆုံးမှုတို့ကို ကာကွယ်နိုင်ရန်နှင့် လျှော့ချနိုင်ရန်တို့အတွက် ပြည်သူလူထုအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအား အကြိမ်ပြည့် ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆)လပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို မပျက်မကွက်ခံယူကြရန် လိုအပ်ပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေးထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် (New Normal)နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့်-

- အသက် (၅)နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆)လပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ မပျက်မကွက်ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့်သက်ဆိုင်သော နေရာများ၌ ရှိနေစဉ် ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ ရှိနေစဉ် လေဝင်/လေထွက်ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ (သို့မဟုတ်) အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀)ကြာ မကြာခဏ ဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့် အုပ်၍ ချောင်းဆိုး၊ နှာချေခြင်းစသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# မိုးနဲမြို့နယ်၌ စစ်ကြောင်းကြီး ငါးကြောင်းဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ညှိနှိုင်းဆောင်ရွက်

**မိုးနဲ ဇန်နဝါရီ ၈**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ် အုပ်ချုပ်ရေးမှူးဦးဆောင်မှုဖြင့် ပြည်သူများလက်ရှိဖြစ်ပေါ်နေသော အခြေအနေအမှန်များ၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်း၊ တရားဥပဒေစိုးမိုးရေးလုပ်ငန်း ဆောင်ရွက်နေမှုများကို ပြည်သူများသိရှိစေရန်အတွက် ဌာနဆိုင်ရာများပါဝင်သော စစ်ကြောင်းကြီး ငါးကြောင်းဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ခြင်းကို နားခံကျေးရွာအုပ်စု ပန်အူကျေးရွာ ဘုန်းတော်ကြီး



ကျောင်း၌ ဇန်နဝါရီ ၆ ရက် နံနက် ၉ နာရီက ဆောင်ရွက်ခဲ့သည်။

တွေ့ဆုံပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းမြင့်က မိမိတို့ရပ်ရွာဒေသ၊ နယ်မြေဒေသလုံခြုံရေး၊ အေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဆောင်ရွက်ပေးလျက်ရှိသော လုပ်ငန်းများနှင့်စပ်လျဉ်း၍ အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းအောင်က မူးယစ်ဆေးဝါးကင်းစင်ရေး၊ ယာဉ်အန္တရာယ်ကင်းရှင်းရေး၊ မှုခင်းကျဆင်းရေးနှင့်စပ်လျဉ်း၍လည်းကောင်း၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာန၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနစသည့်ဌာနများမှ ဌာနဆိုင်ရာအကြီးအကဲများက မိမိတို့ဌာနအလိုက် ဆောင်ရွက်ပေးလျက်ရှိသော လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ကျေးရွာနေပြည်သူများ၏ မေးမြန်းတင်ပြချက်များအပေါ် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ သက်ဆိုင်ရာဌာန တာဝန်ရှိသူများက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# နန်းယွန်းမြို့နယ်၌ အရှည်ပေ ၃၆၀ ရှိ နောင်ကုလုသံမဏိကြိုးတံတား ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီး

**နန်းယွန်း ဇန်နဝါရီ ၈**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေ ကျပ် သန်း ၁၁၂ ဒသမ ၃၅၀ ဖြင့် ဆောင်ရွက်ခဲ့သော စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်းယွန်းမြို့နယ် နမ္မလစ်-နောင်ကုလု-နားလုံလမ်း ၁၆/၀ မိုင်ပေါ်တွင်တည်ရှိသည့် ပေ ၃၆၀ အရှည်ရှိ နောင်ကုလုသံမဏိကြိုးတံတား ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းကို ၂၀၂၂ ခုနှစ် ဇူလိုင် ၁ ရက်တွင်လုပ်ငန်းများစတင်ဆောင်ရွက်ခဲ့ရာ ယခုအချိန်တွင်လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါလမ်းပေါ်တွင် မြေသားလမ်း ၁၆ မိုင်၊ လမ်းတာချဲ့ခြင်း ၁၆ မိုင်၊ လူကူးကြိုးတံတား တစ်စင်းနှင့် Box Culvert ၃၆ စင်းတို့ကို တည်ဆောက်ပေးခဲ့ပြီးဖြစ်သောကြောင့် ဒေသခံများ၏ လမ်းပန်းဆက်သွယ်ရေး၊ ပညာရေးနှင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအထောက်အကူပြုလျက်ရှိကြောင်း သိရသည်။

**ငွေကြယ်**

# လွိုင်ကော်မြို့၌ သန့်ရှင်းလတ်ဆတ်သည့် အသား၊ ငါးများစားသုံးနိုင်ရေး ကွင်းဆင်းစစ်ဆေး

**လွိုင်ကော် ဇန်နဝါရီ ၈**

ပြည်နယ် စားသုံးသူရေးရာဦးစီးဌာန၊ ခရိုင်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေး ငါးလုပ်ငန်းဦးစီးဌာန၊ လွိုင်ကော်မြို့နယ် အထွေထွေအုပ်ချုပ်ရေး၊ FDA၊ မြို့နယ်ရဲတပ်ဖွဲ့တို့ပါဝင်သည့် အဖွဲ့သည် စားသုံးသူတို့၏ ဘေးဥပဒ်အန္တရာယ်ကင်းရှင်းရေး၊ ကျန်းမာရေး၊ စိတ်ကျေနပ်မှုရရှိစေရေး



တို့အတွက် အသား၊ ငါးများ သန့်ရှင်း လတ်ဆတ်မှု ရှိ၊ မရှိ ကို ယမန်နေ့ နံနက် ၈ နာရီတွင် လွိုင်ကော်မြို့ သီရိမင်္ဂလာဈေးအတွင်းရှိ ဈေးဆိုင်များအား ကွင်းဆင်း စစ်ဆေးခဲ့ကြသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ပြည်နယ်စားသုံးသူရေးရာဦးစီးဌာနနှင့် တာဝန်ရှိသူများက အသား၊ ငါး၊ ကြက်ဥနှင့်ဘဲဥ အရောင်းဆိုင် ၂၆ ဆိုင်ကို စားသုံးသူများ လုံခြုံစိတ်ချမှုရှိစေရေး အသိပညာပေး စစ်ဆေးခဲ့ပြီး သန့်ရှင်းလတ်ဆတ်မှုမရှိသော အသားများကို မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရသည်။

**ကိုဇင်(လွိုင်ကော်)**

■

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ အောင်လင်း၏ အရိုင်းစံပယ် အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့၊ ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့တို့တွင် ဖော်ပြပေးသွားမည် ဖြစ်ပါသည်။




၆-၁-၂၀၁၂ ရက်မှအဆက်

ကိုဘခက် သေတ္တာတစ်ခုလုံးကို မွှေနှောက်၍ ရှာမိသည်။ ခတ်ပုံရှင် နန်းသိဂီနှင့် သက်ဆိုင်သော စာရွက်စာတမ်းတို့ကိုကား တစ်ခုမှ မတွေ့ရတော့ချေ။

သည်တော့မှလည်း 'မ' က စိတ်ကို လျှော့လိုက်သည်။ ကိုဘခက်၏ ပစ္စည်းများကို နေရာတကျ ပြန်ထားလိုက်သည်။

'မ' သည် တစ်နေကုန် ခတ်ပုံရှင် မိန်းကလေး၏ မျက်နှာပြင်ကိုသာ မြင်ယောင်နေသည်။

သည်အကြောင်းကိုသာ တလည်လည် တွေးမိသည်။ လုပ်စရာရှိသည်တို့ကို လုပ်နေရသော်လည်း ဘာကိုမျှ စိတ်မဝင်စားနိုင်ချေ။ ကိုဘခက်နှင့် အတိတ်မှ မြုပ်ကွက်ကလေးများကိုသာ ပြန်၍တွေးရင်း စိတ်ကူးနှင့် ဖော်၍ကြည့်နေမိသည်။ စိတ်မှန်းနှင့် ဖော်ရသည်မှာလည်း ဘာတစ်ခုမှ မရေရာလှချေ။

နောက်ဆုံး၌ သည်အကြောင်းကို မေ့ပျောက်လိုက်ရန်သာ ကြိုးစားရတော့သည်။

ကိုဘခက်ကိုမေးလျှင်လည်း သိစေလိုလျှင်ကောင်း၏။ မသိစေလိုခဲ့သော် နှစ်ဦးစလုံး စိတ်ဆင်းရဲမည်။ ထို့ကြောင့်လည်း သည်အကြောင်းနှင့် ပတ်သက်၍ 'မ'က ကိုဘခက်ကိုလည်း မေးရန် စိတ်မကူးတော့ချေ။

ကိုယ့်စိတ်တွင်း၌သာ ကျိတ်၍ဖျောက်ဖျက်ထားရန် ဆုံးဖြတ်ထားလိုက်သည်။

ကိုဘခက်ပြန်လာတော့လည်း ခါတိုင်းလို ဟန်မပျက် နေလိုက်သည်။

မည်မျှပင် ဟန်ဆောင်၍နေသော်လည်း ညပိုင်းရောက်တော့ 'မ' သည် တစ်ယောက်တည်း အိပ်ရာထဲသို့ဝင်၍ လှဲနေမိသည်။ စိတ်က အလိုလိုငယ်နေမိသည်။

ကိုဘခက်ကမူ 'မ' အဖြစ်ကို ရိပ်မိပုံမရချေ။ ခါတိုင်းလိုပင် စားပွဲတွင် စာအုပ်ကို ဖတ်လိုက်၊ တယောကိုစမ်းလိုက်နှင့် ရှိတော့သည်။ ကိုဘခက် အိပ်ရာဝင်သည့်အချိန်တွင် 'မ' မှာ အိပ်၍ပင် ပျော်နေလေပြီ။

ကိုဘခက်က 'မ' ၏ပါးပြင်နှစ်ဖက်ကို အသာနမ်းလိုက်သည်။ သည်တော့မှလည်း 'မ' မှာ ကိုဘခက်ထံမှ ထွက်သက်နွေးနွေးကလေးကို ထိတွေ့လိုက်သဖြင့် အိပ်ရာမှ နိုးတော့သည်။

'မ' သည် မျက်လွှာကိုအသာပင့်၍ ကိုဘခက်ကိုကြည့်ရင်း မပွင့်တပွင့် ပြုံးလိုက်သည်။

"'မ' ကနေ့ ထူးခြားတယ်။ ခါတိုင်းလို ကိုယ့်စာရေးစားပွဲမှာတောင် လာပြီး မထိုင်တော့ဘူး။ တစ်ခါတည်း အိပ်ရာဝင်တော့တာပဲ"

ဟုတ်ပေသည်။

ခါတိုင်း 'မ' သည် ကိုဘခက် တယောထိုးနေလျှင် စည်းလိုက်၍ပေးတတ်သည်။

စာရေးနေလျှင် အနားမှာ ထိုင်၍စောင့်နေတတ်သည်။

ကော်ဖီ၊ ရေနွေး၊ ဆေးပေါ့လိပ် စသည်တို့ကို အသင့်ချ၍ပေးတတ်သည်။

ကိုဘခက် အလုပ်နားသည့်အချိန်တွင် ဂီတ၊ စာပေ၊ ရုပ်ရှင် စသည့်အကြောင်းများကို ဆွေးနွေးတတ်ကြသည်။

ကနေ့ညတော့ 'မ' သည် အိပ်ရာထဲသို့ အစောကြီး ဝင်ခဲ့သည်။ ဤသည်ကို ကိုဘခက်က ရိပ်မိ၍ မေးလိုက်ခြင်းဖြစ်သည်။ 'မ' က ကိုဘခက်၏လက်မောင်းကို အသာ ဆုပ်နယ်ပေးလိုက်ရင်း မျက်နှာကို အရွှင်ကြည်ဆုံးထား၍ ပြုံးလိုက်သည်။

"ဘာမှမထူးခြားပါဘူးမောင်။ ခေါင်းနည်းနည်းကိုက်သလိုလိုရှိတာနဲ့ အိပ်ရာထဲဝင်ပြီး လှဲနေတာပါ"

'မ' က စကားလွှဲ၍ဖြေသော်လည်း ကိုဘခက်က 'မ' စကားကို ယုံကြည်ပုံမရချေ။

အဓိပ္ပာယ်ပါပါဖြင့် 'မ' ကိုသာ ပြုံး၍ကြည့်နေသည်။

ပြီးမှ 'မ' ၏လည်တိုင်ကြော့ကြော့ကလေးကို လက်ဖျားကလေးဖြင့် အသာပွတ်လိုက်သည်။

"ကိုယ်နားလည်ပါတယ် 'မ' ရာ၊ 'မ' ကိုယ့်ကို စိတ်ဆိုးချင်ဆိုးမယ်၊ အထင်လွဲချင်လွဲမယ်။ ဒါကို ကိုယ်ရှင်းပြပ့ါမယ်။ 'မ' စိတ်မကောင်းဖြစ်မှာတော့ ကိုယ်စိုးရိမ်တယ်"

ကိုဘခက်ပြောပုံမှာ သိမ်မွေ့လှသည်။ 'မ' အပေါ်တွင် ဖြူစင်သောကရုဏာစေတနာဖြင့် ပြောလိုက်ကြောင်းသိသောအခါ 'မ' ရင်ထဲတွင် ဆောင်းလေ အငွေ့ခံရသလို ခိုက်ခိုက်တုန်အောင် အေးမြ၍ သွားတော့သည်။

"'မ' ဘာမှမဖြစ်ပါဘူးမောင်။ မောင့်ကို အထင်လွဲဖို့၊ စိတ်ဆိုးဖို့၊ နောက်ဆုံး မုန်းသွားဖို့ဆိုတာ 'မ' နှလုံးသားထဲမှာ သေသည်အထိ ရှာလို့ရမယ် မဟုတ်ပါဘူး"

"'မ' စိတ်ထဲမှာ ဘယ်လိုမှ မအောက်မေ့ပေမယ့် ကိုယ့်မှာ ဒီကိစ္စနဲ့ပတ်သက်ပြီး ဖွင့်ပြောဖို့ တာဝန်ရှိတယ်။ ပြောဖို့ဆုံးဖြတ်ထားတယ်။ ကနေ့တော့ စာအုပ်တစ်အုပ်ကို လိုချင်တာနဲ့ သေတ္တာကိုဖွင့်လိုက်တော့မှ သော့မခတ်မှန်းသိတယ်။ ကိုယ့်သေတ္တာကိုလည်း 'မ' ကိုယ်တိုင်ရှင်းထားတာလည်း တွေ့ရတယ်။ နန်းသိဂီခတ်ပုံကို 'မ' တွေ့သွားပြီဆိုတာကို ကိုယ်သိတာပေါ့"

"နေပါဦး ... 'မ' ပြောပါရစေဦး။ ဒီကိစ္စနဲ့ပတ်သက်ပြီး မလိမ်ပါဘူး။ ခတ်ပုံကိုတွေ့တော့ 'မ' စိတ်ထဲမှာ ဘယ်လိုမှ မထင်သေးပါဘူး။ ကျောဘက်က စာတွေ့မှ 'မ' ရင်ထဲမှာ လှုပ်ရှားမိတယ်။ လှုပ်ရှားတာကတော့ အမျိုးမျိုးပဲမောင်။ သန့်ရှင်းတဲ့ သဘောလည်း ပါတယ်။ မသန့်ရှင်းတဲ့သဘောလည်း ပါတယ်။ မသန့်ရှင်းတဲ့သဘောဆိုတာကတော့ တခြား ယုတ်ယုတ်မာမာတော့ မဟုတ်ပါဘူး။ ကိုယ်ချစ်ရတဲ့သူမှာ ကိုယ့်အရင် ချစ်ခဲ့ရသူတစ်ယောက် ရှိပါသေးလား ဆိုတာတွေးပြီး တွန့်တိုတဲ့စိတ်ကလေး ပေါ်မိတာ အမှန်ပါပဲမောင်။ ဒါဟာလည်း လျှပ်တစ်ပြက်အတွင်းမှာ ပေါ်လာတဲ့ စိတ်ယုတ်စိတ်မိုက်ပါမောင်။ ဒီစိတ်ကို ခဏနဲ့ ဖျောက်လို့ရပါတယ်။ 'မ' ဖျောက်လို့မရတာက မောင့်ဘဝ သစ်ရွက်ခြောက်လို လွင့်လာအောင် ဘယ်လိုများတိုက်ခိုက်လိုက်သလဲဆိုတာ 'မ' သိချင်လာတယ်။ ဒါပေမဲ့ မောင်စိတ်မကောင်းမှာစိုးလို့ 'မ' မောင့်ကို မမေးတော့ဘူးလို့ ဆုံးဖြတ်လိုက်တယ်။ ခုလည်း 'မ' သံသယရှင်းအောင်အတွက်တော့ဖြင့် မပြောပါနဲ့မောင်။ အဟောင်းတွေဟာ အသစ်ဖြစ်ပြီး မောင်စိတ်ညစ်မှာ 'မ' စိုးရိမ်တယ်"

ကိုဘခက်သည် 'မ' ကိုယ်လုံးကို ပွေ့ထူလိုက်ပြီးလျှင် ခုတင်ခေါင်းရင်းတွင် မှီ၍ထိုင်လိုက်သည်။

'မ' က ကိုဘခက်၏ ပေါင်ပေါ်မှီ၍ ကိုဘခက်၏ဒူးပေါ်တွင် ခေါင်းကလေးကို အသာမှေးတင်၍ ထားလိုက်သည်။

"ခု မောင်ဖြေလို့ရပါတယ်။ မီးလောင်ပြင်ကလာတဲ့သူဟာ အေးမြတဲ့ စမ်းရေအိုင်ကို တွေ့ရလို့ လန်းဆန်းရသလို ခြောက်ခန်းနေတဲ့ ကိုယ့်ဘဝမှာ စမ်းရေလိုအေးမြစေတဲ့ 'မ' ကို တွေ့ရလို့ မောင်ဖြေလို့ရပါတယ်။ အိမ်က ထွက်လာကတည်းက ကိုယ့်ဘဝကိုယ် ဆုံးဖြတ်ပြီးသား။ လမ်းဘေးမှာပဲ လျှောက်မယ်၊ ကိုယ့်ခြေဖဝါးဟာ ဆူးနဲ့မီးကို ကျော်နင်းနိုင်ရမယ်။ ကိုယ့်မျက်လုံးဟာ အမှောင်ထဲကရှိတဲ့အရာကို မြင်နိုင်စွမ်းရှိရမယ်ဆိုတဲ့ ဆုံးဖြတ်ချက်နဲ့ ထွက်လာတာပဲ။ ကိုယ့်မှာရှိတဲ့ ဂုဏ်နဲ့ အဆောင်အယောင်ကို ကိုယ့်ပတ်ဝန်းကျင်မှာပဲ မြှုပ်နှံခဲ့တယ်။"

"ဒီလို စွန့်လွှတ်လိုက်တာကတော့ ကိုယ်က သတ္တိကောင်းလွန်းလို့ မဟုတ်ဘူး။ ဒီအရာတွေကို ကိုယ်နာကြည်းလွန်းလို့ပဲ။ ကိုယ်အချစ်ဆုံး၊ အမြတ်နိုးဆုံး မိန်းကလေးတစ်ယောက်ကို ရှင်ကွဲကွဲအောင်ခွဲပြီး သေကွဲကွဲအောင် သတ်ပစ်လိုက်တဲ့ တရားခံဟာ တခြားမဟုတ်ဘူး။ ငွေတို့၊ ဂုဏ်တို့၊ အဆောင်အယောင်တို့ ဆိုတဲ့ အရာတွေပဲ။ ဂုဏ်နဲ့ အဆောင်အယောင်ဆိုတာ လူ့ဘောင်မှာ မေတ္တာမိုးခေါင်စေတဲ့ အရာတွေပဲ"

ကိုဘခက်၏အသံမှာ နာကြည်းသည့် စိတ်ကြောင့် ပြောရင်း မာကျော၍လာသည်။

မေးရိုးကြီးများ တင်းမာ၍လာသည်။ မျက်လုံးများက တောက်ပြောင်၍လာသည်။

'မ' က ကိုဘခက်၏လက်တစ်ဖက်ကို ဆုပ်နယ်၍ နှစ်သိမ့်လိုက်သည်။

"နန်းသိဂီဆိုတာ နာမည်မကြီးသေးတဲ့ အငြိမ့်မင်းသမီးကလေးပဲ 'မ' ရေ။ လူကုံထံတွေအနေနဲ့တော့ ဖက်ခွက်နဲ့ စားရတဲ့ ဖက်ခွက်စားမကလေးပေါ့။ မန္တလေးမှာ ဂီတပညာကို လေ့လာရင်းနဲ့ သွားတွေ့တာပဲ။ သူ့အငြိမ့်မှာ ကိုယ်က ပတ္တလားတီးတယ်။ သူနဲ့ကိုယ်နဲ့ ရုံးမှာ လက်ထပ်ပြီးလို့ သုံးရက်လောက်လည်း ရရော သူ့ကို ကိုယ် မတွေ့ရတော့ဘူး။ သတင်းကြားတဲ့ နေရာအနှံ့ မြို့အနှံ့ သူ့ကို ကိုယ်လိုက်ရှာတယ်။ သူ့ကိုတော့ မတွေ့ရတော့ဘူး။ နောက်ဆုံး သူ့ကို မြှုပ်နှံတဲ့မြေပုံပဲ တွေ့ရတော့တယ်။ ကိုယ့်ဘဝမှာ ပထမဆုံးအကြိမ် အချစ်အတွက် စွန့်လွှတ်ရဲတဲ့သတ္တိတွေကို သိရလေ နှမြောလို့မဆုံးလေပဲ။ ကိုယ့်အိမ်က သူ့ကို ငွေတစ်သောင်းပေးပြီး ကိုယ့်ကို စွန့်ပြီး ထွက်သွားဖို့ အကျပ်ကိုင်တယ်။ 'မ' ကိုယ်တိုင် စဉ်းစားကြည့်စမ်း၊ ချစ်သူနဲ့ငွေကို ဘယ်အရာ စွန့်လွှတ်မလဲဆိုတဲ့ နေရာမှာ ချစ်သူရော၊ ငွေရော၊ နောက်ဆုံး အသက်ကိုပါ စွန့်လွှတ်သွားတဲ့ မိန်းမတစ်ယောက်ကို ကိုယ် မမြတ်နိုးဘဲနေနိုင်ပ့ါမလား။ ကိုယ့်ကို စွန့်လွှတ်တဲ့အကြောင်းကတော့ အချစ်လွန်တတ်တဲ့ မိန်းမရိုးတိုင်း ထားတတ်တဲ့ သဘောမျိုးပါပဲ။ ဘဝချင်း ကွာခြားတယ်။ သူ့ကြောင့် ကိုယ့်ကို မနစ်နာစေချင်ဘူး။"

"အနစ်နာခံချင်းခံရ သူပဲအနစ်နာခံပြီး ကိုယ့်ဘဝမနိမ့်ကျအောင် ကာကွယ်ပေးမယ်ဆိုတဲ့ သဘောပဲ။ ဒါပေမဲ့ သူဖြစ်စေချင်သလို ကိုယ် ဘယ်ဖြစ်မလဲ။"

"ကိုယ်ဖြစ်စေချင်တာက သူနဲ့ဘဝတူ အနုပညာနယ်ပယ်မှာ လက်တွဲရုန်းကန်မယ်လို့ မျှော်မှန်းထားတယ်။ သူမရှိတဲ့နောက်ပိုင်း ကိုယ့်ရည်မှန်းချက်တစ်ခုလုံးဟာ ဆုံးရှုံးသွားရတာပဲ။"

"အိမ်က ကိုယ့်ကို ဂီတဝိုင်းထဲက ဆယ်ယူပြီး ငွေပုံပေါ်မှာ ထိုင်စေချင်တယ်။ ဂုဏ်နဲ့ အဆောင်အယောင်ကြားထဲမှ ကြွားဝင့်စေချင်တယ်။"

"နန်းသိဂီလို မိန်းမသားတစ်ယောက်တောင် စွန့်လွှတ်ရဲသေးရင် ကိုယ်က ဘာလို့ မစွန့်လွှတ်ရဲရမလဲ။ ကိုယ်လည်း တယောတစ်လက်နဲ့ တစ်ခါတည်း လွင့်တော့တာပဲ။"


"ကိုယ့်ဘဝကို အဆုံးရှုံးခံတဲ့အထိ စွန့်လွှတ်ခဲ့တာတော့ ကိုယ့်ရဲ့အနုပညာရည်မှန်းချက်ကြောင့်။ ပြီးတော့လည်း ဒီလိုလုပ်တာဟာ ဘာမှအကျိုးမထူးဘူးလို့ပဲ ယူဆတယ်။ ရှမ်းပြည်နယ်ရောက်တော့ ကိုယ့်စိတ်ကို ပြန်ထိန်းဖို့ သတိရတယ်။ **ဆက်လက်ဖော်ပြပါမည်။**

"ခတ်ပုံကိုတွေ့တော့ 'မ' စိတ်ထဲမှာ ဘယ်လိုမှ မထင်သေးပါဘူး။ ကျောဘက်က စာတွေ့မှ 'မ' ရင်ထဲမှာ လှုပ်ရှားမိတယ်။ လှုပ်ရှားတာကတော့ အမျိုးမျိုးပဲမောင်။ သန့်ရှင်းတဲ့သဘောလည်း ပါတယ်။ မသန့်ရှင်းတဲ့သဘောလည်း ပါတယ်။ မသန့်ရှင်းတဲ့သဘောဆိုတာကတော့ တခြားယုတ်ယုတ်မာမာတော့ မဟုတ်ပါဘူး။ ကိုယ်ချစ်ရတဲ့သူမှာ ကိုယ့်အရင် ချစ်ခဲ့ရသူတစ်ယောက် ရှိပါသေးလားဆိုတာတွေးပြီး တွန့်တိုတဲ့စိတ်ကလေး ပေါ်မိတာအမှန်ပါပဲ မောင်။ ဒါဟာလည်း လျှပ်တစ်ပြက်အတွင်းမှာ ပေါ်လာတဲ့ စိတ်ယုတ်စိတ်မိုက်ပါ မောင်။ ဒီစိတ်ကို ခဏနဲ့ ဖျောက်လို့ရပါတယ်။ 'မ' ဖျောက်လို့မရတာက မောင့်ဘဝ သစ်ရွက်ခြောက်လို လွင့်လာအောင် ဘယ်လိုများ တိုက်ခိုက်လိုက်သလဲဆိုတာ 'မ' သိချင်လာတယ်။"

ဆရာအောင်လင်း၏ "အရိုင်းစံပယ်" စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။ **စာတည်း**

# ရန်ကုန်-ပုသိမ် အဝေးပြေးလမ်းမကြီး

**ခရမ်းစိုးမြင့်**



ရန်ကုန်-ပုသိမ် အဝေးပြေးလမ်းမကြီးတစ်နေရာကို တွေ့ရစဉ်။

ရန်ကုန် - ပုသိမ် အဝေးပြေးကားလမ်းမကြီးသည် ရန်ကုန်မှ ပုသိမ်အထိ တိုက်ရိုက် ၁၁၃ မိုင် ၂ ဖာလုံ ရှည်လျားစွာ ဖောက်လုပ်ထားသော်လည်း ရန်ကုန် - ပုသိမ်လမ်း မိုင်တိုင်အမှတ် (၄၁ မိုင် ၃ ဖာလုံ) ရှိ ရောဝတီမြစ်ကူးတံတားကြီး ဗိုလ်မြတ်ထွန်းတံတားမှတစ်ဆင့် ဟသ်ာတ၊ မြောင်းမြ၊ လပွတ္တာနှင့် ဝါးခယ်မသို့လည်းကောင်း၊ မိုင်တိုင်အမှတ် (၃၃)မှတစ်ဆင့် မအူပင်မြို့သို့လည်းကောင်း သွားလာ၍ရသောလမ်းမကြီးဖြစ်ပြီး ရန်ကုန်မြို့မှ ဗိုလ်မြတ်ထွန်းတံတားအထိ တစ်နေ့ဖြတ်သန်းသွားလာ မောင်းနှင်နေသော ယာဉ်အစီးရေ ၃၈၀၀ နှင့် ဗိုလ်မြတ်ထွန်းတံတားမှ ပုသိမ်အထိ တစ်နေ့ယာဉ်စီးရေ ၂၇၀၀ သွားလာမောင်းနှင်လျက်ရှိသည်ဟု သိရသည်။

ရန်ကုန်မှ ဗိုလ်မြတ်ထွန်းတံတားအထိအပိုင်းသည် ယာဉ်သွားလာမှုများပြားသောကြောင့် အရေးကြီးသောလမ်းပိုင်းဖြစ်သည့်အတွက် မူလ ၂၄ ပေအကျယ် ကတ္တရာလမ်းမှ ပေ ၃၀ အကျယ် ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိသည်။ ရန်ကုန်-ပုသိမ် အမှတ်(၅)အဝေးပြေးလမ်းမကြီး နှစ်လမ်းသွား ၂၄ ပေအကျယ်မှလေးလမ်းသွား ပေ ၃၀ အကျယ် ၄၈ ပေ ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ရာတွင် ပြည်ထောင်စုအစိုးရခွင့်ပြုရန်ပုံငွေကျပ် ၂၉၀၀၀ သန်း အကုန်ခံသုံးစွဲ၍ လမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် (တည်ဆောက်ရေး)၊ အင်ဂျင်နီယာချုပ်(မြို့ပြ) (တည်ဆောက်ရေး)တို့နှင့် ရောဝတီတိုင်းဒေသကြီး လမ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး(မြို့ပြ)တို့က ဦးဆောင်၍ လမ်းအထူးအဖွဲ့(၁၄)မှ ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)၊ လမ်းအထူးအဖွဲ့(၂၀)မှ ဒုတိယညွှန်ကြားရေးမှူး (မြို့ပြ)၊ ပုသိမ်ခရိုင်မှ လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)၊ မအူပင်ခရိုင်မှ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)တို့က တာဝန်ယူဆောင်ရွက်ခဲ့ကြသည်။

ရောဝတီတိုင်းဒေသကြီးသည် အလောင်းမင်းတရားကြီး၏ တတိယမြန်မာနိုင်ငံတော်တွင်လည်း ရာမညတိုင်းအတွင်း ပါဝင်ခဲ့သည်ဟု သိရသည်။ ဗြိတိသျှကိုလိုနီခေတ်၌ "ပဲခူးတိုင်း"ဟု သတ်မှတ်ဖွဲ့စည်းသောအခါ ဟံသာဝတီခရိုင်၊ ဟသ်ာတခရိုင်နှင့် ပုသိမ်ခရိုင်ဟူ၍ ခရိုင်သုံးခု ရှိခဲ့ရာ ဟသ်ာတခရိုင်နှင့် ပုသိမ်ခရိုင်တို့သည် ယနေ့ ရောဝတီတိုင်းဒေသကြီး၏ နယ်ပယ်များဖြစ်နေကြပြီ ဖြစ်သည်။ ထို့အပြင် ရောဝတီတိုင်းဒေသကြီးသည် ခေတ်တည်သမိုင်းဝင် မြန်မာဘုရင်နန်းစိုက်ခြင်းမရှိခဲ့သော်လည်း ဂေါတမဘုရားရှင်သက်တော်ထင်ရှားရှိစဉ်က တပုဿနှင့် ဘလ္လိကကုန်သည် ညီနောင်နှစ်ဦးတို့ ဘုရားရှင်၏ ဆံတော်မြတ်ကို မဇ္ဈိမဒေသမှ ဒဂုံသို့ပင့်ဆောင်ရာတွင် မော်တင်စွန်းအရပ်သို့ ရောက်ရှိခဲ့ကြစဉ် ဇေယျသေနနဂါးမင်းက ဆံတော်နှစ်ဆူကို ဆောင်ယူ၍ မော်တင်စွန်းစေတီတော်ကို ဌာပနာပြုတည်ထားခြင်း၊ ပုဂံပြည့်ရှင်အလောင်းစည်သူမင်းကြီး ရေကြောင်းခရီးဖြင့် ပြည်တွင်း ပြည်ပသို့ တိုင်းခန်းလှည့်လည်ရာတွင် ပုသိမ်ဆိပ်ကမ်းကို တစ်ထောက်အနားစခန်းပြု၍ သွားလာကြွချီခဲ့ခြင်း၊ ရဟန္တာအရှင်မြတ်များ၊ သာသနာပြုပုဂ္ဂိုလ်များ၊ သီဟိုဠ်နှင့် မဇ္ဈိမဒေသသို့ကြွချီရာတွင်လည်းကောင်း၊ ဓာတ်တော်မွေတော်များကို မြန်မာပြည်တွင်းသို့ ပင့်ဆောင်လာကြရာတွင် လည်းကောင်း၊ ပုသိမ်မြို့နှင့်ပုသိမ်ဆိပ်ကမ်းဒေသသည် ဝင်ထွက်ပြုရာ တံခါးသဖွယ်တစ်ထောက်နား ထပ်ဆင့်ဖြန့်ဖြူး ခရီးဆက်ရာ အချက်အချာဖြစ်ခြင်းများအပြင် ပုဂံခေတ်ထက်စောသော ရှေးဟောင်းမြို့ပြယဉ်ကျေးမှုရနိုင်သည့်အခြေအနေများ တွေ့ရှိရသဖြင့် သုတေသနပြုလုပ်နေရသည်အထိ ထူးခြားသောသမိုင်းဝိသေသများ ကြွယ်ဝလျက်ရှိသည်။ ဤသည်ကား ရောဝတီတိုင်းဒေသကြီး၏ သမိုင်းနောက်ခံဖြစ်၏။

**ယနေ့ ရောဝတီ**

မြန်မာနိုင်ငံတော်ကြီး လွတ်လပ်ရေးရရှိပြီးနောက် နှစ်(၅၀)နီးပါးအထိ ရောဝတီတိုင်းဒေသကြီးသည် ပုံမှန်အနေအထားများနှင့် ရပ်တည်နေခဲ့ပေသည်။ မြစ်ချောင်းအင်းအိုင်ပေါများပြီး လူဦးရေထူထပ်သိပ်သည်းသော တိုင်းဒေသကြီးတစ်ခုဖြစ်သည့် အားလျော်စွာ ရေလမ်းခရီးကိုသာ အဓိကထား၍ သွားလာကူးသန်းနေကြရခြင်း၊ မိရိုးဖလာစီးပွားရေးလုပ်ငန်းဖြစ်သော စိုက်ပျိုးရေးနှင့် ရေလုပ်ငန်းများကို လုပ်ကိုင်ကြလျက် ဆန်စပါး၊ လယ်ယာထွက်ကုန်၊ သစ်တောထွက်ကုန်နှင့် ရေထွက်ကုန်ပစ္စည်းများကို ရောင်းဝယ်ဖောက်ကားနေကြသည်။ ထို့ကြောင့် ရောဝတီတိုင်းဒေသကြီးသည် နိုင်ငံတော်၏စပါးကျီဟု တင်စားရလောက်သည်အထိ ဘွဲ့ကိုပိုင်ပိုင်နိုင်နိုင်ရရှိခဲ့သည်။ ပြည်တွင်းသာမက ပြည်ပသို့ပါ တင်ပို့နိုင်သော ဆန်စပါး၊ ကျွန်းသစ်နှင့် သား၊ ငါး၊ ပုစွန်တို့ကလည်း လှိုင်လှိုင်ထွက်ရှိပေးကြသည်။ ဤသည်တို့မှာ နိုင်ငံတော်တွင် ကြီးမားသော စီးပွားအင်အားတစ်ခု ဖြစ်၍နေပေသည်။



ပုသိမ်မြို့မှ ခေတ်မီတံတားကြီးတစ်စင်းကို တွေ့ရစဉ်။

> "မြန်မာနိုင်ငံတော်ကြီး လွတ်လပ်ရေးရရှိပြီးနောက် နှစ်(၅၀)နီးပါးအထိ ရောဝတီတိုင်းဒေသကြီးသည် ပုံမှန်အနေအထားများနှင့် ရပ်တည်နေခဲ့ပေသည်။ မြစ်ချောင်းအင်းအိုင်ပေါများပြီး လူဦးရေထူထပ်သိပ်သည်းသော တိုင်းဒေသကြီး တစ်ခုဖြစ်သည့်အားလျော်စွာ ရေလမ်းခရီးကိုသာ အဓိကထား၍ သွားလာကူးသန်း နေကြရခြင်း၊ မိရိုးဖလာစီးပွားရေးလုပ်ငန်းဖြစ်သော စိုက်ပျိုးရေးနှင့် ရေလုပ်ငန်း များကို လုပ်ကိုင်ကြလျက် ဆန်စပါး၊ လယ်ယာထွက်ကုန်၊ သစ်တောထွက်ကုန်နှင့် ရေထွက်ကုန်ပစ္စည်းများကို ရောင်းဝယ်ဖောက်ကားနေကြသည်။ ထို့ကြောင့် ရောဝတီတိုင်းဒေသကြီးသည် နိုင်ငံတော်၏ စပါးကျီဟု တင်စားရလောက်သည်အထိ ဘွဲ့ကိုပိုင်ပိုင်နိုင်နိုင်ရရှိခဲ့"

တိုင်းရေတွင် သိသာထူးကဲသောပြောင်းလဲတိုးတက်မှုအချို့ ယခင်ကပေါ်ပေါက်ခဲ့ဖူးပေသည်။ သာဓကအားဖြင့် ပုသိမ်-မုံရွာ-ရေဦးလမ်းမကြီး စတင်ဖောက်လုပ်ခြင်းနှင့် ရေနံမြေသစ်များ ရှာဖွေတွေ့ရှိခြင်းတို့ဖြစ်သည်။ ဤစီမံကိန်းကြီးများသည် ဒေသအတွင်း နေထိုင်သူများအဖို့ အထူးအားတက်ဖွယ်ဖြစ်ခဲ့ရသည်။ ၁၉၆၄ ခုနှစ်ဝန်းကျင်က ရောဝတီမြစ်ဝကျွန်းပေါ်ဒေသတွင် "ရွှေမည်းကို မြေထဲက တူးဖော်နိုင်ပြီ" ဟူသောအသံဖြင့် မြန်အောင်ရေနံမြေ၊ ရွှေပြည်သာရေနံမြေများကို ဖော်ထုတ်နိုင်ခဲ့ခြင်း၊ ၎င်းအပြင် ရန်ကုန်မြို့မှ အနောက်သို့ တိုးထွက်လာသော အမှတ်(၅) အဝေးပြေးလမ်းမကြီးခေါ်သည့် ရန်ကုန်-ပုသိမ်ကားလမ်းနှင့် စီမံကိန်းဝင်တံတားကြီးများ၊ မြစ်ချောင်းအင်းအိုင်များ၊ အလျားလိုက်နှင့် ကန့်လန့်ဖြတ်လမ်းကွန်ရက်များ၊ ဤလမ်းများကြောင့် ယခုအခါ ရောဝတီတိုင်းဒေသကြီးကို ကားနှင့်ပတ်၍ရနေပြီ ဖြစ်သည်။

ယခုထပ်၍ ရန်ကုန်-ပုသိမ်အဝေးပြေးလမ်းမကြီးကို ရောဝတီတိုင်းလမ်းဦးစီးက လေးလမ်းသွား ၄၈ ပေ အဆင့်မြှင့်တင်ပေးလိုက်ပြန်သဖြင့် ၎င်းအဝေးပြေးလမ်းမကြီးကိုအသုံးပြု၍ ဆက်စပ်ပေါ်ထွန်းလာသော စီမံကိန်းဝင်တံတားကြီးများပေါ်မှ ဖြတ်ကျော်၍ ရခိုင်အထိ ခရီးပေါက်ကြတော့မည်ဖြစ်သည်။

ရန်ကုန်-ပုသိမ်လမ်း၏ အစဖြစ်သောမိုင်(၀/၀)မှ (၅/၄)အထိအား ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ ဆောင်ရွက်လျက်ရှိပြီး မိုင်(၅/၄)မှ (၇/၄)အထိ အပိုင်းအား Oriental Highways Co.,Ltd မှ ၄၈ ပေအကျယ် ကွန်ကရစ်လမ်းအဖြစ်နှင့် မိုင်(၇/၄)မှ (၁၇/၄)အထိ အပိုင်းအား ရောဝတီတိုင်းဒေသကြီး လမ်းဦးစီးဌာနမှ ပေ ၃၀ အကျယ် ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

လမ်းဦးစီးဌာနအနေဖြင့် ဒု-ညွှန်ကြားရေးမှူးချုပ် (တည်ဆောက်ရေး)နှင့် အင်ဂျင်နီယာချုပ် (မြို့ပြ) (တည်ဆောက်ရေး)တို့ဦးဆောင်၍ညွှန်ကြားရေးမှူး(မြို့ပြ)(တည်ဆောက်ရေး) တစ်ဦး၊ အရည်အသွေးထိန်းသိမ်းရေးဌာနမှ ညွှန်ကြားရေးမှူးတစ်ဦး၊ စက်မှုဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးတစ်ဦးတို့အား လုပ်ငန်းအကောင်အထည်ဖော် အဆင်ပြေချောမွေ့စေရန် တာဝန်ပေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အချုပ်အားဖြင့်တင်ပြရလျှင် ယနေ့ ရောဝတီတိုင်းဒေသကြီးသည် မိရိုးဖလာစိုက်ပျိုးရေးလုပ်ငန်းကို ဆောင်ရွက်နေရာမှ အရှိန်အဟုန်မြှင့်တင်ပေးလိုက်သော ရေလှောင်တမံကြီးများ၊ ရေထိန်းတံခါးများနှင့် မြစ်ရေတင်စီမံကိန်းများ၊ ၎င်းတို့၏အကျိုးဆက်ဖြစ်သော မိုးစပါး၊ နွေစပါးအထွက်နှုန်းများ၏ ကျေနပ်အားရဖွယ် ကိန်းဂဏန်းများ၊ သီးခြားတက္ကသိုလ်ကြီးများ၊ ဒီဂရီကောလိပ်များ၊ အဏ္ဏဝါသိပ္ပံ သုတေသန ဓာတ်ခွဲခန်းများ၊ ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံများ၊ မိုက်ခရိုဝေ့ဖ်စခန်းများ၊ ပြည်တွင်း ဂြိုဟ်တုဆက်သွယ်ရေးစခန်းနှင့် ပြည်ပရေအောက်ကေဘယ်လ်စခန်းများ၊ ဝမ်းမြောက်ဖွယ်ပေါ်ထွက်လာသော အပန်းဖြေရာငွေဆောင်၊ ချောင်းသာ စသည့်သဘာဝကမ်းခြေအလှများနှင့် နိုင်ငံတကာအဆင့်မီ ဟိုတယ်ကြီးများ စသည့်တိုးတက်မှုတို့နှင့်အတူ ယခုအဆင့်မြှင့်တင်ပေးလိုက်သော အမှတ်(၅) လေးလမ်းသွား ရန်ကုန်-ပုသိမ်အဝေးပြေးလမ်းမကြီးသည် ရောဝတီတိုင်းဒေသကြီးတစ်ခုလုံးအတွက် ထာဝရအကျိုးပြုမည့် လမ်းမကြီးအဖြစ် ရပ်တည်လျက်ရှိကြောင်း သိရသည်။ ။

# ၂၀၂၆ ခုနှစ်အထိ ပြင်သစ်အသင်း နည်းပြအဖြစ် ဆက်ရှိနေဦးမယ့် ဒက်ချမ့်

ပြင်သစ်အသင်းနည်းပြ ဒီဒီယာဒက်ချမ့်ဟာ ၂၀၂၆ ခုနှစ် ဇွန်လအထိ ပြင်သစ် အသင်းနည်းပြအဖြစ် ဆက်ရှိနေဖို့ သက်တမ်းတိုးစာချုပ်ချုပ်ဆိုခဲ့ပြီး ပြင်သစ်နည်းပြ တစ်ဦးအနေနဲ့ ကမ္ဘာ့ဖလားပြိုင်ပွဲကို လေးကြိမ်မြောက်အထိ တာဝန်ယူကိုင်တွယ်ဖို့ မျှော်လင့်ထားတာဖြစ်ပါတယ်။

ပြင်သစ်အသင်းနည်းပြ ဒက်ချမ့်ဟာ ရုရှားနိုင်ငံမှာ ကျင်းပခဲ့တဲ့ ၂၀၁၈ ကမ္ဘာ့ဖလား ပြိုင်ပွဲမှာ ကမ္ဘာ့ဖလားချန်ပီယံဖြစ်ခဲ့ပြီး ကာတာနိုင်ငံမှာ ကျင်းပခဲ့တဲ့ ၂၀၂၂ ခုနှစ် ကမ္ဘာ့ ဖလားပြိုင်ပွဲမှာလည်း ပြင်သစ်အသင်းကို နောက်ဆုံးဗိုလ်လုပွဲအထိ တက်လှမ်းနိုင် အောင် စွမ်းဆောင်ပေးခဲ့ကာ ဗိုလ်လုပွဲမှာ အာဂျင်တီးနားအသင်းကို ရှုံးနိမ့်ခဲ့တာ ဖြစ်ပါတယ်။

အသက် ၅၄ နှစ်အရွယ်ရှိ ချယ်လ်ဆီးအသင်းကွင်းလယ်ကစားသမားဟောင်း ဒက်ချမ့်ဟာ ပြင်သစ်နိုင်ငံလက်ရွေးစင်အသင်းကို ၂၀၁၂ ခုနှစ်ကတည်းက တာဝန်ယူ ကိုင်တွယ်ခဲ့တာဖြစ်ပြီး ပြင်သစ်အသင်းကို ဘရာဇီးနိုင်ငံမှာ ကျင်းပခဲ့တဲ့ ၂၀၁၄ ကမ္ဘာ့ ဖလားပြိုင်ပွဲမှာ ကွာတားဖိုင်နယ်နဲ့ ယူရို ၂၀၁၆ ပြိုင်ပွဲမှာ နောက်ဆုံးဗိုလ်လုပွဲအထိ တက်လှမ်းနိုင်အောင် စွမ်းဆောင်ပေးခဲ့သူဖြစ်ပါတယ်။

နည်းပြ ဒက်ချမ့်ဟာ ပြင်သစ်အသင်းနည်းပြဘဝမှာ ပွဲစဉ်စုစုပေါင်း ၁၃၉ ပွဲ တာဝန်ယူကိုင်တွယ်ခဲ့ရာမှာ ၈၉ ပွဲနိုင်၊ ၂၈ ပွဲသရေရလဒ်ထွက်ပေါ်ခဲ့ပြီး ၂၂ ပွဲ ရှုံးပွဲကြုံခဲ့ တာဖြစ်ပါတယ်။ ၁၉၉၈ ခုနှစ်က ပြင်သစ်အသင်းကို ကစားသမားဘဝနဲ့ ကမ္ဘာ့ဖလား ချန်ပီယံဆုဖလားရယူပေးနိုင်ခဲ့တဲ့ ဒက်ချမ့်ဟာ ၂၀၂၀ ခုနှစ်အတွင်းက ပြင်သစ်အသင်း နည်းပြဘဝနဲ့ နေးရှင်းလိဂ်ကို ရယူပေးနိုင်ခဲ့သူဖြစ်ပါတယ်။






# ရှစ်ပွဲဆက်တိုက်နိုင်ပွဲရရှိမှုနဲ့အတူ ဂျူဗင်တပ်အသင်း စီးရီးအေအမှတ်ပေးဇယား ဒုတိယနေရာ တက်လှမ်း

အီတလီစီးရီးအေကလပ် ဂျူဗင်တပ်အသင်းဟာ ဇန်နဝါရီ ၇ ရက်ညပိုင်းက အူဒီးနီးစ်အသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့တဲ့ အီတလီစီးရီးအေပွဲစဉ်(၁၇)မှာ ဧည့်သည်အဖြစ်လာရောက် ကစားခဲ့တဲ့ အူဒီးနီးစ်အသင်းကို တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရရှိခဲ့တာ ကြောင့် အီတလီစီးရီးအေ အမှတ်ပေးဇယားရဲ့ ဒုတိယနေရာကို တက်လှမ်းခွင့်ရရှိခဲ့ပြီဖြစ်ပါတယ်။

အဲဒီပွဲစဉ်မှာ ဂျူဗင်တပ်အသင်းအတွက် တစ်လုံးတည်း သော အနိုင်ဂိုးကို ဒုတိယပိုင်းပွဲကစားချိန် ၈၆ မိနစ်မှာ ဘရာဇီး ကြယ်ပွင့်ဒန်နီလိုက သွင်းယူပေးခဲ့တာဖြစ်ပြီး ဒန်နီလိုရဲ့ သွင်းဂိုး ဟာ အခုဘောလုံးရာသီမှာ ဂျူဗင်တပ်အသင်းအတွက် ပထမဆုံး သွင်းယူပေးခဲ့တဲ့ သွင်းဂိုးလည်း ဖြစ်ပါတယ်။

ဂျူဗင်တပ်အသင်းဟာ အူဒီးနီးစ်အသင်းကို အနိုင်ရရှိခဲ့တာ ကြောင့် စီးရီးအေပွဲစဉ် ၁၇ ပွဲကစားပြီးချိန်မှာ ရမှတ် ၃၇ မှတ်ရရှိ ခဲ့ပြီး အမှတ်ပေးဇယားထိပ်ဆုံးက နာပိုလီအသင်း ပွဲစဉ် ၁၇ ပွဲ မကစားရသေးချိန်မှာ နာပိုလီအသင်းနဲ့ လေးမှတ်ကွာဟနေတာ ဖြစ်ပါတယ်။

အူဒီးနီးစ်အသင်းကတော့ ဂျူဗင်တပ်အသင်းကို ရှုံးနိမ့်ခဲ့ တာကြောင့် အီတလီစီးရီးအေပွဲစဉ် ၁၇ ပွဲကစားပြီးချိန်မှာ ရမှတ် ၂၅ မှတ်နဲ့ အမှတ်ပေးဇယား အဆင့်(၈)နေရာမှာ ရပ်တည်နေ တာလည်း ဖြစ်ပါတယ်။

ဂျူဗင်တပ်အသင်းနဲ့အတူ ဇန်နဝါရီ ၇ ရက် ညပိုင်းမှာ ယှဉ်ပြိုင်ကစားခဲ့တဲ့ အခြားသော အီတလီစီးရီးအေပွဲစဉ်တွေမှာ ဖီအိုရင်တီးနားအသင်းက ဆာဆူအိုလိုအသင်းကို နှစ်ဂိုး-တစ်ဂိုး နဲ့ အနိုင်ရရှိခဲ့ပြီး မွန်ဇာအသင်းနဲ့ အင်တာမီလန်အသင်းတို့ပွဲစဉ် မှာတော့ တစ်ဖက်နှစ်ဂိုးစီ သရေရလဒ် ထွက်ပေါ်ခဲ့တာ ဖြစ်ပါ တယ်။

# အဲဗာတန်ကွင်းလယ်ကစားသမား အိုင်ဝိုဘီ သီတင်းသုံးပတ်ကြာ အနားယူရမည်

အဲဗာတန်အသင်းရဲ့ အားထားရတဲ့ ကွင်းလယ်ကစားသမား အိုင်ဝိုဘီဟာ ဇန်နဝါရီ ၆ ရက်က မန်ယူအသင်းကို ရှုံးနိမ့်ခဲ့တဲ့ အက်ဖ်အေ ဖလားတတိယအဆင့်ပွဲစဉ်မှာ ခြေချင်းဝတ်ဒဏ်ရာ ရရှိခဲ့တာကြောင့် သီတင်းသုံးပတ်ကြာ အနားယူရမှာဖြစ်တယ်လို့ သိရပါတယ်။

မန်ယူအသင်းနဲ့ အဲဗာတန်အသင်းတို့ပွဲစဉ်မှာ အဲဗာတန်အသင်းဟာ မန်ယူအသင်းကို အိုးထရက်ဖို့ဒ်၌ သုံးဂိုး-တစ်ဂိုးနဲ့ ရှုံးနိမ့်ခဲ့တာလည်း ဖြစ်ပါတယ်။ အဲဗာတန်အသင်းဟာ ပရီမီယာလိဂ်ပြိုင်ပွဲမှာလည်း ရလဒ်ကောင်းမရရှိခဲ့တာကြောင့် လက်ရှိအချိန်မှာ ပရီမီယာလိဂ်ပွဲစဉ် ၁၈ ပွဲကစားပြီးချိန်မှာ ရမှတ် ၁၅ မှတ်သာရရှိထားကာ ပရီမီယာလိဂ် အမှတ်ပေးဇယားရဲ့ အဆင့် ၁၈ နေရာမှာ ရပ်တည်နေတာ ဖြစ်ပါတယ်။




**ငွေကြယ် - ရေးသားသည်**

# ဗီလာရီးယဲလ်ကို ရှုံးနိမ့်ခဲ့မှုကြောင့် ရီးယဲလ်မက်ဒရစ်အသင်း စပိန်လာလီဂါအမှတ်ပေးဇယားဦးဆောင်ခွင့်နဲ့ လွဲခဲ့ရ

ရီးယဲလ်မက်ဒရစ်အသင်းဟာ ဇန်နဝါရီ ၇ ရက် ညပိုင်းက ဗီလာရီးယဲလ်အသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့တဲ့ စပိန်လာလီဂါပွဲစဉ်မှာ ဗီလာရီးယဲလ်အသင်းကို ရှုံးနိမ့်ခဲ့ရတာကြောင့် စပိန်လာလီဂါ အမှတ်ပေးဇယားကို ဦးဆောင် နိုင်မယ့်အခွင့်အရေးနဲ့ လွဲခဲ့ရပြီဖြစ်ပါတယ်။

ရီးယဲလ်မက်ဒရစ်အသင်းဟာ ဗီလာ ရီးယဲလ်အသင်းကို နှစ်ဂိုး-တစ်ဂိုးနဲ့ ရှုံးနိမ့်ခဲ့ တာဖြစ်ပြီး ဗီလာရီးယဲလ်အသင်းအတွက် သွင်းဂိုး နှစ်ဂိုးကို ပွဲကစားချိန် ၄၇ မိနစ်မှာ ပီနိုနဲ့ ၆၃ မိနစ်မှာ မိုရီနို(ပင်နယ်တီ)တို့က သွင်းယူပေးခဲ့ကာ ရီးယဲလ်မက်ဒရစ်အသင်း အတွက် ချေပဂိုးတစ်ဂိုးကိုတော့ ပွဲကစားချိန် မိနစ် ၆၀ မှာ တိုက်စစ်မှူး ဘင်ဇီမာက ပင်နယ်တီကနေ သွင်းယူပေးခဲ့တာဖြစ်ပါတယ်။





ဗီလာရီးယဲလ်အသင်းဟာ ရီးယဲလ်မက်ဒရစ် အသင်းကို အနိုင်ရရှိခဲ့တာကြောင့် ၂၀၁၈ ခုနှစ် ဇန်နဝါရီလနောက်ပိုင်း ရီးယဲလ်မက်ဒရစ် အသင်းကို ပထမဆုံးအကြိမ် နိုင်ပွဲရရှိခဲ့ခြင်း လည်း ဖြစ်ပါတယ်။ ရီးယဲလ်မက်ဒရစ်အသင်း ဟာ ဗီလာရီးယဲလ်အသင်းကို အနိုင်ရရှိခဲ့တာ ကြောင့် လာလီဂါပွဲစဉ် ၁၆ ပွဲကစားပြီးချိန်မှာ ရမှတ် ၃၈ မှတ်ရရှိခဲ့ကာ အမှတ်ပေးဇယားထိပ် က ဘာစီလိုနာအသင်းနဲ့ ရမှတ်တူ ဂိုးကွာခြား ချက်နဲ့ အမှတ်ပေးဇယား ဒုတိယနေရာမှာ ရပ်တည်နေတာ ဖြစ်ပါတယ်။

ဗီလာရီးယဲလ်အသင်းကတော့ ရီးယဲလ် မက်ဒရစ်အသင်းကို ရှုံးနိမ့်ခဲ့လို့ စပိန်လာလီဂါ အမှတ်ပေးဇယားရဲ့ အဆင့် ၅ နေရာမှာ ရပ်တည်နေတာ ဖြစ်ပါတယ်။ ဇန်နဝါရီ ၇ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ အခြားသော လာလီဂါပွဲစဉ်တွေမှာတော့ မာယော့ကာ အသင်းက ဗယ်လာဒိုးလစ်အသင်းကို တစ်ဂိုး- ဂိုးမရှိနဲ့ အနိုင်ရရှိခဲ့ပြီး အက်စ်ပန်ညိုအသင်းနဲ့ ဂျီရိုနာအသင်းတို့ပွဲစဉ်မှာတော့ တစ်ဖက် နှစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့တာ ဖြစ်ပါ တယ်။

# ခါတစ်ခေါက် လာရောက်လည်ပတ်စေချင် စစ်ကိုင်းတစ်ခွင်

ဒေါက်တာ တင်မာမာဦး (စစ်ကိုင်း)



စစ်ကိုင်းတိုင်းဒေသကြီးရှိ မင်းကွန်းပုထိုးတော်ကြီးအား တွေ့ရစဉ်။

စစ်ကိုင်းတိုင်းဒေသကြီးသည် သာသနာထွန်းကားရာနယ်မြေတစ်ခုဖြစ်ပြီး မြန်မာနိုင်ငံရှိ ထင်ရှားကျော်ကြားသောဘုရားများ ကိန်းဝပ်ရာဒေသလည်းဖြစ်သည်။ စစ်ကိုင်းတိုင်းဒေသကြီး၏ ထူးခြားသောယဉ်ကျေးမှုများကို ကမ္ဘာတစ်ဝန်းရှိ ဧည့်သည်များ လာရောက်လေ့လာနိုင်သည်။ သမိုင်းဝင်နေရာများဖြင့်လှပသော စစ်ကိုင်းတိုင်းဒေသကြီးသည် တန်ဖိုးမဖြတ်နိုင်သည့် သမိုင်းအမွေအနှစ်များနှင့်အတူ ရှေးဟောင်းအဆောက်အအုံများလည်း များစွာရှိသည်။

### ရာပေါင်းများစွာသောဘုရားများကို ပုံသဏ္ဍာန်အမျိုးမျိုးဖြင့် ဖူးတွေ့မြင်နိုင်

စစ်ကိုင်းဟုဆိုကြလျှင် စစ်ကိုင်းတောင်၊ မင်းဝံတောင်နှင့် မင်းကွန်းဒေသများသည်လည်း ခွဲခြား၍မရသောအရာများဖြစ်သည်။ စစ်ကိုင်းတောင်ပေါ်တွင် ရာပေါင်းများစွာသောဘုရားများကို ပုံသဏ္ဍာန်အမျိုးမျိုးဖြင့် ဖူးတွေ့မြင်နိုင်သည်။ စစ်ကိုင်းတောင်နှင့် မင်းကွန်းဒေသများသည် တရားအားထုတ်ရာစခန်းများဖြင့်လည်း လူသိများလှသည်။ ဧရာဝတီမြစ်နှင့်အပြိုင်တည်ရှိနေသော စစ်ကိုင်းတောင်ရိုးပေါ်ရှိ ဘုန်းတော်ကြီးကျောင်းများနှင့် ဘုရားစေတီပုထိုးများ၏ ခံ့ညားလှပသောရှုခင်းများသည်လည်း လာရောက်လည်ပတ်သည့် ဧည့်သည်များအား ဆွဲဆောင်မှုတစ်ခု ဖြစ်သည်။

ဇေယျာရွှေမြေသို့ လာရောက်လည်ပတ်သည့် ဧည့်သည်များအနေဖြင့် ရွှေရောင်လွှမ်းနေသော ဘုရားများ၏ အံ့မခန်းဖွယ်ရာမြင်ကွင်းများကို စစ်ကိုင်းတစ်ဝိုက်တွင် ဖူးတွေ့နိုင်သလို တိုင်းဒေသကြီးအတွင်းရှိ နာမည်ကြီးဘုရားတစ်ဆူဖြစ်သော မင်းကွန်းပုထိုးတော်ကြီးကို လေ့လာနိုင်ရန်အတွက် မင်းကွန်းသို့လည်း ခရီးဆက်နိုင်သည်။

သမိုင်းမှတ်တမ်းများအရ မင်းကွန်းပုထိုးတော်ကြီးအား ၁၁၅၂ ခုနှစ်တွင် စတင်အုတ်မြစ်ချဆောက်လုပ်ခဲ့ပြီး အမြင့် ၁၆၂ ပေရှိ၍ ဌာပနာတိုက်ပေါင်း ၂၀ တိုက်တွင် ဘုရား၊ ရဟန္တာတို့၏ခါတ်တော်မွေတော်များ၊ နှစ်ကျိပ်ရှစ်ဆူသော ဘုရားရှင်တို့၏ ရွှေ ငွေရုပ်တုများ၊ ဗုဒ္ဓဝင်ရွှေ ငွေရုပ်တုများ၊ ကုန်းဘောင်မင်းဆက်ဘုရင်များနှင့် ဆွေတော်မျိုးတော်များ၏ရွှေရုပ်တုများကို ထည့်သွင်းပူဇော်ထားရှိကြောင်းသိရသည်။

မင်းကွန်းပုထိုးတော်ကြီးအား ဖူးမြော်ကြည်ညိုပြီးပါက အနီးရှိဘုံခုနစ်ဆင့်ဝန်းရံထားသော မြသိန်းတန်စေတီ၏ ခမ်းနားမှုများကိုလည်း တွေ့နိုင်သည်။ အဆိုပါ မြသိန်းတန်စေတီတော်မြတ်ကြီးမှာ မင်းကွန်းခေါင်းလောင်းတော်ကြီး၏ မြောက်ဘက် ကိုက် ၅၀၀ ခန့်အကွာတွင် တည်ရှိ၍ ၁၁၆၃ ခုနှစ်တွင် ဘကြီးတော်ဘုရား တည်ထားကိုးကွယ်ခဲ့သည်။

### မင်းကွန်းဒေသ၏အလှအပကို ကြည့်ရှုခံစားနိုင်

ဘုရားအတွင်းနှင့်တန်ဆောင်းများတွင် ဗုဒ္ဓဘာသာဝင်တို့၏ ဒဏ္ဍာရီလာ မာရတောင်တန်းများနှင့် စူဠာမဏိဘုရားပုံတို့ကို ပုံဖော်ရေးဆွဲထားခြင်းသည် အခြားသောမြန်မာဘုရားများနှင့်မတူဘဲ ကွဲပြားနေသည်။ ဉာဏ်တော်အမြင့်မှာ ၃၂ ပေမြင့်မားပြီး စေတီတော်တည်ဆောက်ပုံ ဆန်းကြယ်ခြင်းနှင့် စေတီတော်ပေါ်မှ မင်းကွန်းဒေသ၏အလှအပကို ကြည့်ရှုခံစားနိုင်သဖြင့် ပြည်တွင်း၊ ပြည်ပ ဘုရားဖူးခရီးသွားဧည့်သည်များ လာရောက်လည်ပတ်လေ့ရှိသည်။

မြသိန်းတန်ဘုရားသည် ၁၈၃၈ ခုနှစ်တွင် ငလျင်ဒဏ်ကြောင့် ပျက်စီးသွားသော်လည်း ၁၈၇၄ ခုနှစ်တွင် မင်းတုန်းမင်းတရားကြီးသည် နဂိုမူလအတိုင်း ပြန်လည်မွမ်းမံခဲ့သည်။

စစ်ကိုင်းနှင့်အတူ နာမည်ကြီးသည်က စစ်ကိုင်းပြတ်ရွေ့ (Sagaing Fault) ဖြစ်သည်။ အဆိုပါစစ်ကိုင်းပြတ်ရွေ့သည် မြန်မာနိုင်ငံတောင်ဘက်သို့ ရွေ့လျားနေသော India Plate နှင့် Eurasian Plate တို့နှစ်ခု တွေ့ဆက်မှုကြောင့် ဖြစ်ပေါ်နေသော ပြတ်ရွေ့တစ်ခုဖြစ်သည်။ အဆိုပါ စစ်ကိုင်းပြတ်ရွေ့သည် အဆိုးရွားဆုံးငလျင်ကြောကြီးတစ်ခုဖြစ်ပြီး မြန်မာနိုင်ငံမြောက်ဖျားပိုင်း ကချင်ပြည်နယ် ပူတာအိုအနီးမှစတင်ကာ စစ်ကိုင်း ဂန့်ဂေါတောင်တန်း၏ အနောက်ဘက်ခြမ်း ပဲခူးရိုးမအရှေ့ခြမ်းအားဖြတ်၍ မုတ္တမပင်လယ်ကွေ့အထိတည်ရှိနေသည့် အလျား ၁၂၀၀ ကီလိုမီတာအထက်ရှိသည့် ပြတ်ရွေ့ကြောကြီးတစ်ခုဖြစ်သည်။ ပညာရှင်များ၏ လေ့လာသုံးသပ်ချက်များအရ စစ်ကိုင်းပြတ်ရွေ့၏ သက်တမ်းသည် နှစ်ပေါင်း ၁၀ သန်းခန့်ရှိနေပြီး ပျမ်းမျှအားဖြင့် နှစ်စဉ် ၁၈ မှ ၂၀ မီလီမီတာခန့် ရွေ့လျားနေကာ တစ်နှစ်ထက်တစ်နှစ် ငလျင်လှုပ်ခတ်မှုများ ပိုမိုစိတ်လာကြောင်း သိရှိရသည်။

> **စစ်ကိုင်းဟုဆိုကြလျှင် စစ်ကိုင်းတောင်၊ မင်းဝံတောင်နှင့် မင်းကွန်းဒေသများသည်လည်း ခွဲခြား၍မရသောအရာများဖြစ်သည်။ စစ်ကိုင်းတောင်ပေါ်တွင် ရာပေါင်းများစွာသောဘုရားများကို ပုံသဏ္ဍာန်အမျိုးမျိုးဖြင့် ဖူးတွေ့မြင်နိုင်သည်။ စစ်ကိုင်းတောင်နှင့် မင်းကွန်းဒေသများသည် တရားအားထုတ်ရာစခန်းများဖြင့်လည်း လူသိများလှသည်။ ဧရာဝတီမြစ်နှင့် အပြိုင်တည်ရှိနေသော စစ်ကိုင်းတောင်ရိုးပေါ်ရှိ ဘုန်းတော်ကြီးကျောင်းများနှင့် ဘုရားစေတီပုထိုးများ၏ ခံ့ညားလှပသောရှုခင်းများသည်လည်း လာရောက်လည်ပတ်သည့် ဧည့်သည်များအား ဆွဲဆောင်မှုတစ်ခုဖြစ်**

### လှုပ်ခတ်နိုင်သည့် ငလျင်ကြောကြီးများ

မြန်မာနိုင်ငံသည် စစ်ကိုင်းပြတ်ရွေ့၊ ကျောက်ကြမ်းပြတ်ရွေ့၊ ကုလားတန်ပြတ်ရွေ့၊ ကဘော်ပြတ်ရွေ့ စသည့်ပြတ်ရွေ့ကြောကြီးများပေါ်တွင် တည်ရှိနေပြီး ယင်းငလျင်ကြောကြီးများသည် အင်အားရစ်(ခ်) တာစကေး ခြောက်နှင့်အထက် လှုပ်ခတ်နိုင်သည့် ငလျင်ကြောကြီးများဖြစ်သည်။

ထို့အပြင် စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့အနီး တောင်မြောက်တန်းလျက်ရှိသည့် ကဘော်ပြတ်ရွေ့၊ ပြင်ဦးလွင်အနီးမှစတင်ပြီး တောင်ကြီးမြို့အနီး တောင်မြောက်တန်းလျက် တည်ရှိနေသည့် ကျောက်ကြမ်းပြတ်ရွေ့၊ ရှမ်းပြည်နယ်မြောက်ပိုင်း အရှေ့အနောက်တန်းလျက် တည်ရှိနေသည့် မိုးမိတ်ပြတ်ရွေ့ စသည့်ငလျင်ကြောကြီးများအပြင် ငလျင်ပြတ်ရွေ့အသေး ၄၀ ခန့်ရှိကြောင်း ပညာရှင်များ၏ဖော်ပြချက်များအရ ငလျင်ဒဏ်အား အချိန်မရွေးခံစားရနိုင်သည်။ မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာပေါ်တွင် မြေငလျင်အန္တရာယ်အကြီးမားဆုံးနိုင်ငံများစာရင်းတွင် ပါဝင်ကြောင်း သိရှိရသည်။

သို့ဖြစ်ရာ ၂၀၂၂ ခုနှစ် ဒီဇင်ဘာလ ၁၅ ရက် နံနက် ၃ နာရီ ၁၆ မိနစ်တွင် တံတားဦးမြို့၏ အရှေ့ဘက်လေးမိုင်ခန့်အကွာ၊ မြောက်လတ္တီတွဒ် ၂၁ ဒသမ ၈၁ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒသမ ဝ၃ ဒီဂရီ၊ အနက် ၆၃ ကီလိုမီတာကို ဗဟိုပြုပြီး အင်အားရစ်(ခ်) တာစကေး ၅ ဒသမ ၂ အဆင့်ရှိ မြေငလျင်တစ်ခုလှုပ်ခပ်ခဲ့ပြီး အဆိုပါငလျင်ကြောင့် ရှေးဟောင်းအဆောက်အအုံများ၏ ထိခိုက်ပျက်စီးမှုအခြေအနေများအား ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ ကွင်းဆင်းစစ်ဆေးခဲ့ရာ စစ်ကိုင်းတိုင်းဒေသကြီး မင်းကွန်းဒေသအတွင်းရှိ မြသိန်းတန်စေတီ၏ စိန်ဖူးတော်နှင့် ငှက်မြတ်နားတော် ပြုတ်ကျခြင်း၊ အဝင်မုခ်ဦးနှင့် သီတာခုနစ်တန် တောင်ဘက်တို့၏နံရံများ အနည်းငယ်ကွာကျခြင်း၊ တောင်ဘက်ရှိ ခြင်္သေ့ကြီး၏လက်မောင်းရင်း ယခင်ပွဲထားသောနေရာမှာ ထပ်မံ၍ အုတ်များပွဲ့ကျခြင်း၊ မင်းကွန်းပုထိုးတော်ကြီး အနည်းငယ်အက်ကွဲခြင်း၊ စက်တော်ရာဘုရားမြောက်ဘက် အပေါ်ပိုင်းအက်ကွဲခြင်းနှင့် အင်္ဂတေပွဲ့ကျခြင်းတို့သာ ဖြစ်ပွားခဲ့ကြောင်း သိရှိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့်လည်း ဒီဇင်ဘာလ ၂၂ ရက်နေ့ တွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့်အဖွဲ့က မင်းကွန်းတောင်ရိုးရှိ စေတီပုထိုးများ ပြန်လည်ပြုပြင်မွမ်းမံနေမှုများအား လိုက်လံစစ်ဆေးခဲ့ရာ ရှေးဟောင်းသုတေသနပညာရှင်များက မင်းကွန်းဒေသတွင် အဆိုပါငလျင်ကြောင့် ပျက်စီးမှုများအနေဖြင့် အနည်းငယ်သာရှိကြောင်း၊ ကြီးမားသည့် ပျက်စီးမှုများမရှိကြောင်းတင်ပြခဲ့ရာ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် မင်းကွန်းတောင်ရိုးမှ ဘုရားစေတီများအပါအဝင် ပျက်စီးမှုများအား ပြန်လည်ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကို သက်ဆိုင်ရာဌာနများမှ အမြန်ဆုံးဆောင်ရွက်လျက်ရှိသည်။

### ခရီးသွားဇုန် ခြောက်ဇုန်

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ခရီးသွားလုပ်ငန်းများ ဟန်ချက်ညီညီဖွံ့ဖြိုးတိုးတက်စေရန်အတွက် ခရီးသွားဇုန်ခြောက်ဇုန် ဖော်ထုတ်ထားရှိပြီးဖြစ်ရာ စစ်ကိုင်း၊ မင်းကွန်းဒေသသည်လည်း ခရီးသွားဧည့်သည်များအနေဖြင့် သွားရောက်လည်ပတ်ဗဟုသုတရှာမှီးနိုင်သည့် ဘုရားဖူးခရီးစဉ်များ၊ အခြားလည်ပတ်ရန် ခရီးစဉ်ဒေသများနှင့် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ တည်ရှိသဖြင့် ပြည်တွင်း၊ ပြည်ပ ခရီးသွားဧည့်သည်များအနေဖြင့် လာရောက်လည်ပတ် ဘုရားဖူးကုသိုလ်ယူနိုင်ကြပါရန် နှိုးဆော်ရေးသားလိုက်ရပါသည်။ ။



စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော် မြသိန်းတန်စေတီပြင်ဆင်မှုများအား ကွင်းဆင်းစစ်ဆေးနေသည်ကို တွေ့ရစဉ်။

◎ ကျောဖုံးမှ

ဤစီမံကိန်းကို တောင်သူများအနေဖြင့် သွင်းအားစုများ ထည့်သွင်းအသုံးပြုခြင်းဖြင့် တစ်ဧက အထွက်နှုန်း ပိုမိုကောင်းမွန်လာစေရန်၊ ဈေးနှုန်းနှင့် ဈေးကွက်သေချာပြီး တောင်သူများ ဝင်ငွေပိုမိုရရှိစေခြင်းဖြင့် နိုင်ငံ့စီးပွား တိုးတက်မြင့်မားလာစေရန်၊ စီမံကိန်းတွင် ပါဝင်သောအစုအဖွဲ့အားလုံး အကျိုးအမြတ်ကိုယ်စီရရှိစေရန်၊ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုပေါ်ပေါက်လာစေရန်၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ ပြည်ပဈေးကွက်များသို့ ပိုမိုချိတ်ဆက်မှုရရှိစေရန်နှင့် စိုက်ပျိုးရေးကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်သည့် အလေ့အကျင့်ကောင်းများ ပိုမိုရရှိလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်သည်။

၂၀၂၂-၂၀၂၃ ခုနှစ် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် နွေစပါးစိုက်ပျိုးထုတ်လုပ်ရန် ရန်ကုန်တိုင်းဒေသကြီးအတွင်း မူလ ဧက ၄၀၀၀၀ လျာထားပြီး ဇန်နဝါရီ ၅ ရက်အထိ ကုမ္ပဏီသုံးခုနှင့် မြို့နယ်ပေါင်း ကိုးမြို့နယ်၌ ၂၈၉၉၅ ဧကတွင် တောင်သူ ၁၁၄၃ ဦးဖြင့် မြို့နယ်အဆင့် စာချုပ်များချုပ်ဆိုခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ပဲတီစိမ်းသီးနှံစိုက်ပျိုးမှုတွင် မူလက ဧက ၂၀၀၀၀၀ လျာထားပြီး ကုမ္ပဏီ ၁၄ ခု၊ သမအသင်း နှစ်သင်းနှင့် မြို့နယ် ခုနစ်ခုမှ တောင်သူ ၁၂၂၅၉ ဦးတို့ဖြင့် ၁၂၁၇၅၀ ဒသမ ၁၇ ဧက စိုက်ပျိုးရန် အဆိုပြုခဲ့ရာ ဇန်နဝါရီ ၅ ရက်အထိ ကျောက်တန်းမြို့နယ်၌ တောင်သူ ၁၄၄ ဦးဖြင့် ၇၁၇ ဧက စိုက်ပျိုးရန် မြို့နယ်အဆင့် စာချုပ်ချုပ်ဆိုထားပြီး ကျန်စိုက်ဧကများအတွက် စာချုပ်များ ဆက်လက်ချုပ်ဆိုလျက်ရှိသည်။

နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်မှာကြားချက်ဖြစ်သော နိုင်ငံ၏စီးပွားရေးအခြေအနေကောင်းများ ဖန်တီးနိုင်မှသာလျှင် နိုင်ငံဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်နိုင်မည်ဟူသော မူဝါဒနှင့်အညီ လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်ရန် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေထူထောင်၍ တောင်သူတို့၏ တစ်ဦးချင်း ဝင်ငွေတိုးတက်လာစေရန် ဤစီမံကိန်းကို တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် လမ်းညွှန်မှုနှင့်အညီ ဆောင်ရွက်လျက်ရှိသည်။

"တောင်သူတွေစိုက်ပျိုးတဲ့သီးနှံမှာ သွင်းအားစုတွေထည့်ဖို့အတွက် နိုင်ငံတော်က ရန်ပုံငွေဆောင်ရွက်ပေးတာ ဖြစ်ပါတယ်။ သီးနှံအထွက်နှုန်းတိုးတက်မှုနဲ့ အရည်အသွေးကောင်းမွန်မှုကို အထောက်အကူဖြစ်စေပြီး တစ်ဧကအထွက်နှုန်းလည်း မြင့်မားလာမှာပါ။ ထွက်ရှိတဲ့သီးနှံကိုလည်း ကာလပေါက်ဈေးအတိုင်းရရှိမှာဖြစ်တဲ့အတွက် တောင်သူတွေ ဝင်ငွေပိုမိုရရှိပြီး နိုင်ငံ့စီးပွားတိုးတက်မြင့်မားရေးကိုလည်း အထောက်အကူ ဖြစ်စေပါတယ်။ ဒီစီမံကိန်းမှာ ပါဝင်တဲ့သွင်းအားစုကုမ္ပဏီနဲ့တောင်သူတွေ၊ ဝယ်ယူကြိတ်ခွဲတဲ့အစုအဖွဲ့အားလုံး အကျိုးအမြတ်ရရှိတဲ့အပြင် အလုပ်အကိုင် အခွင့်အလမ်းတွေလည်း ရရှိစေပါတယ်။ ပုဂ္ဂလိကလုပ်ငန်းရှင်များလည်း ပြည်ပဈေးကွက်ကို ပိုပြီးချိတ်ဆက်ဆောင်ရွက်နိုင်တဲ့အပြင် ပူးပေါင်းဆောင်ရွက်တဲ့ အလေ့အကျင့်ကောင်းတွေ ရရှိမှုဟာ နိုင်ငံအတွက်လည်း အထောက်အကူဖြစ်စေပါတယ်"ဟု ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမြင့်ဆွေက ပြောသည်။

နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း နွေစပါးနှင့် ပဲတီစိမ်းစိုက်ပျိုးရေးစီမံကိန်းတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၊ ပဲနှမ်းအသင်း၊ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနနှင့် သွင်းအားစုကုမ္ပဏီတို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် နွေစပါး ၂၈၉၉၅ ဧကနှင့် ပဲတီစိမ်း ၁၂၁၇၅၀ ဒသမ ၁၇ ဧက စိုက်ပျိုးသွားမည်ဖြစ်ရာ နွေစပါးကို ၂၀၂၂ ခုနှစ် ဒီဇင်ဘာလဆန်းနှင့် ပဲတီစိမ်းကို နိုဝင်ဘာလမှစ၍ စိုက်ပျိုးခဲ့ပြီး တောင်သူတို့အတွက် သွင်းအားစုများရရှိရန် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ လွှဲပြောင်းပေးချေသော လုပ်ငန်းစဉ်များကိုလည်း ဆက်လက်လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

**ညိမ်းသူ(သတင်းစဉ်)၊ ဓာတ်ပုံ – ကနူး**



ရန်ကုန်တိုင်းဒေသကြီးအတွင်း ပြီးခဲ့သည့်နှစ် နွေစပါး အောင်မြင်ဖြစ်ထွန်းမှုကို တွေ့ရစဉ်။

❖ **AFF Cup မှ**

မြန်မာစံတော်ချိန် ည ၇ နာရီတွင် ဗီယက်နမ်နိုင်ငံ ဟန်နွိုင်းမြို့ရှိ မိုင်ဒင်းကွင်း၌ ဗီယက်နမ်အသင်းနှင့် အင်ဒိုနီးရှားအသင်း၊ ဇန်နဝါရီ ၁၀ ရက် မြန်မာစံတော်ချိန် ည ၇ နာရီတွင် ထိုင်းနိုင်ငံရှိ Thammasat ကွင်း၌ လက်ရှိချန်ပီယံ ထိုင်းအသင်းနှင့် မလေးရှားအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ဇန်နဝါရီ ၆ ရက်နှင့် ၇ ရက်တို့က ကျင်းပသည့် ပထမအကျော့ပွဲစဉ်များတွင် အင်ဒိုနီးရှားအသင်းနှင့် ဗီယက်နမ်အသင်းတို့ ဂိုးမရှိသရေကျပြီး မလေးရှားအသင်းက ထိုင်းအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ယင်းအသင်းများတွင် အိမ်ကွင်း၌ အနိုင်ကစားနိုင်ခဲ့သည့် မလေးရှားအသင်းက အခွင့်အရေးပိုသာနေသော်လည်း လက်ရှိချန်ပီယံ ထိုင်းအသင်းအနေဖြင့် အိမ်ကွင်းတွင် နှစ်ဂိုးနှင့်အထက် ပြန်လည်အနိုင်ကစားနိုင်ပါက ဗိုလ်လုပွဲတက်ရောက်ခွင့်ရမည်ဖြစ်သည်။ ခြေစွမ်းပိုင်းကွာခြားမှုမရှိသည့် ဗီယက်နမ်နှင့် အင်ဒိုနီးရှားအသင်းတို့၏ ဒုတိယအကျော့မှာ ပြိုင်ဆိုင်မှုပြင်းထန်ဖွယ်ရှိနေပြီး ပြိုင်ပွဲတစ်လျှောက် ပေးဂိုးလုံးဝမရှိသေးသည့် ဗီယက်နမ်အသင်း၏ အိမ်ကွင်းစွမ်းဆောင်ရည်ကို စောင့်ကြည့်ရမည်ဖြစ်သည်။

ဆီမီးဖိုင်နယ်ရောက် လေးသင်းတွင် အင်ဒိုနီးရှားမှလွဲ၍ ကျန်အသင်းများမှာ ချန်ပီယံဆုရရှိဖူးပြီး ထိုင်းအသင်းက ခြောက်ကြိမ်၊ ဗီယက်နမ်အသင်းက နှစ်ကြိမ်၊ မလေးရှားအသင်းက တစ်ကြိမ် ဗိုလ်စွဲထားခြင်းဖြစ်ကာ အင်ဒိုနီးရှားအသင်းမှာမူ အမြင့်ဆုံး ဒုတိယဆုရရှိထားသည်။

**သတင်း – ကိုညီလေး၊ ဓာတ်ပုံ – AFF**

○ **မြန်မာနောက်ခံလူမှ**

မလေးရှားစူပါလိဂ်ကလပ် ပီနန်းအသင်းသည် ရာသီသစ်အတွက် ပြင်ဆင်မှုများစွာ ပြုလုပ်လျက်ရှိပြီး ခံစစ်ပိုင်းအတွက် ဇော်မင်းထွန်းကို ခေါ်ယူခဲ့ခြင်းဖြစ်သည်။ ဇော်မင်းထွန်းသည် ၂၀၁၉ ရာသီတွင် ထိုင်းလိဂ်-၁ ကလပ် ချောင်ဘူရီအသင်း၊ ၂၀၂၀-၂၀၂၁ ရာသီတွင် ထိုင်းလိဂ်-၁ ကလပ် ဆူခိုထိုင်းအသင်း၊ ၂၀၂၁-၂၀၂၂ ရာသီတွင် ထိုင်းလိဂ်-၂ ကလပ် Trat အသင်း၊ ၂၀၂၂-၂၀၂၃ ရာသီ ပထမအကျော့တွင် ထိုင်းလိဂ်-၁ ကလပ် ချောင်ဘူရီအသင်းတို့၌ ပါဝင်ကစားခဲ့ခြင်းဖြစ်သည်။

ဇော်မင်းထွန်းသည် မလေးရှားကလပ်သို့ ပြောင်းရွှေ့ခဲ့သဖြင့် လာမည့်ရာသီတွင် မလေးရှားစူပါလိဂ်၌ မြန်မာကစားသမားနှစ်ဦး ကစားမည်ဖြစ်ပြီး ဆီလန်ဂေါ်အသင်းတွင် တိုက်စစ်ကစားသမား ဟိန်းထက်အောင် ပါဝင်ကစားလျက်ရှိသည်။ **သတင်း – ကိုညီလေး၊ ဓာတ်ပုံ – ပီနန်းအသင်း**

# ဝမ်လုံကျေးရွာ၌ အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်း အခမဲ့ဖွင့်လှစ်

**ကျေးသီး ဇန်နဝါရီ ၈**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းရှူးခရိုင် ကျေးသီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အသက်မွေးဝမ်းကျောင်း အထောက်အကူပြု ဝါးအချောထည်ပြုလုပ်နည်းသင်တန်းဖွင့်ပွဲကို ဇန်နဝါရီ ၅ ရက်



နံနက်ပိုင်းက ဝမ်ချင်ကျေးရွာအုပ်စု ဝမ်လုံကျေးရွာ၌ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

ဦးစွာ ကျေးသီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအေးနိုင်က အမှာစကားပြောကြားသည်။

ဆက်လက်၍ သင်တန်းနည်းပြဆရာ ဦးကျော်ဇေယျက သင်တန်းတွင် သင်ကြားပို့ချမည့် ဘာသာရပ်များနှင့် သင်တန်းတက်ရောက်ရာတွင် လိုက်နာရမည့်စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသော ဌာနဆိုင်ရာတာဝန်ရှိသူများက သင်ထောက်ကူပစ္စည်းများကို သင်တန်းသား သင်တန်းသူများထံ လွှဲပြောင်းပေးအပ်ခဲ့သည်။

အဆိုပါ သင်တန်းကို ကျေးသီးမြို့နယ်အတွင်းရှိ ကျေးရွာ ကိုးရွာမှ သင်တန်းသား သင်တန်းသူ ၂၀ တက်ရောက်ကြပြီး သင်တန်းတွင် ပက်လက်ကုလားထိုင်၊ ပလိုင်းတောင်း၊ ဆန်ကော၊ စားပွဲ၊ ခမောက်၊ Tissue box၊ Phone stand၊တိုင်ကပ်နာရီ၊ မီးအိမ်၊ ဘောပင်ခွက် ပြုလုပ်နည်း စသည့် သင်ခန်းစာများကို ကျွမ်းကျင်ဆရာများက စာတွေ့၊ လက်တွေ့ ၁၅ ရက်ကြာ အခမဲ့သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။ ၂၂၂

# စလင်းမြို့နယ်၌ နွေစပါးစိုက်ပျိုးနိုင်ရန် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**စလင်း ဇန်နဝါရီ ၈**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ်တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာနက နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်နိုင်ရန်အတွက် နွေစပါးစိုက်ပျိုးဧက ၁၀၀၀ စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၆ ရက် နံနက် ၁၀ နာရီက စိုက်ပျိုးရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမဆောင်၌ ကျင်းပသည်။

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနေလင်းနိုင်က အဖွင့်အမှာစကားပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြင့်လင်းက ဆောင်ရွက်မည့် စီမံကိန်းနှင့်ပတ်သက်၍ ထပ်ဆင့်ရှင်းလင်း ဆွေးနွေးသည်။ ဆက်လက်၍ ကျေးရွာအုပ်ချုပ်ရေးမှူးများက စီမံကိန်းနှင့်ပတ်သက်ပြီး ဆောင်ရွက်ရမည့် အခက်အခဲ၊ စိုက်ပျိုးထားရှိမှုများကို ရှင်းလင်းတင်ပြသည်။

**ဆွေးနွေးညှိနှိုင်း**

အခမ်းအနားသို့ တက်ရောက်လာသော လုပ်ငန်းရှင်များ၊ တောင်သူများ၊ ဆန်စက်လုပ်ငန်းရှင်၊ ဆန်စပါးလုပ်ငန်းရှင်တို့က မိမိတို့ စိုက်ပျိုးထုတ်လုပ်ရမည့် မျိုးစပါးရရှိရေးများနှင့် စိုက်ပျိုးရေးလယ်ယာဖွံ့ဖြိုးရေးဘဏ်မန်နေဂျာ ဦးဆန်းမြတ်ထွန်းက ချေးငွေကိစ္စရပ်များကို ရှင်းလင်းပြောကြားရာ တက်ရောက်လာကြသည့် ဌာနဆိုင်ရာများက တစ်ဦးခြင်း ဆွေးနွေးညှိနှိုင်းခဲ့ကြပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနေလင်းနိုင်က နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်ရမည့် ကိစ္စရပ်များ၊ တောင်သူများနှင့် ကွင်းဆင်းတွေ့ဆုံရန်အတွက် ကြိုတင်ညှိနှိုင်း ဆောင်ရွက်ကြသည်။

အဆိုပါအခမ်းအနားသို့ သက်ဆိုင်ရာဌာနများနှင့်ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ တောင်သူများ၊ အခမ်းအနား တက်ရောက်ဆွေးနွေးသူ ၅၀ ဖြင့် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**


### ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ လူနေရပ်ကွက်အမှတ်-မြိုင်ဟေဝန်အိမ်ရာ၊ မြေတိုင်းရပ်ကွက်အမှတ်(၃၁/သမိုင်း)၊ မြေကွက်အမှတ်(၁၇)အရ မြေဧရိယာ(၀.၁၁၃)ဧက၊ (၄၉၂၂)စတုရန်းပေရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် ဒေါ်နန်းညီညီစံ[၁၂/ကမရ(နိုင်)၀၄၀၃၆၂]အမည်ပေါက်လျက်ရှိပြီး ၎င်းမှ သားဖြစ်သူ ဦးစိုင်းရန်နိုင်[၁၃/လလန(နိုင်)၀၀၀၁၃၂]ထံသို့ မိဘတို့၏ချစ်ခြင်းမေတ္တာစေတနာအရ မေတ္တာဖြင့်အပိုင်ပေးကမ်းခြင်း မှတ်ပုံတင်စာချုပ်ချုပ်ဆို၍ ပေးကမ်းမည်ဖြစ်ပါသည်။

အဆိုပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ပိုင်ဆိုင်သူ ဒေါ်နန်းညီညီစံမှ သားအရင်းဖြစ်သူ ဦးစိုင်းရန်နိုင်သို့ မေတ္တာဖြင့် အပိုင်ပေးကမ်းခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဆိုင်ရေးပိုင်ခွင့်ရှိသူ မည်သူမဆို ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းနေ့ရက်နောက်ပိုင်းတွင် မေတ္တာဖြင့် အပြီးအပိုင်ပေးကမ်းခြင်းမှတ်ပုံတင်စာချုပ်ကို ပြီးဆုံးအောင်ချုပ်ဆိုသွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နှင်းဝေအောင် တရားလွှတ်တော်ရှေ့နေ (စဉ်-၉၉၁၇)**
**LL.B, D.B.L, D.M.L, D.I.L(WIPO– Switzerland)**
**တိုက်အမှတ်(၂၀)၊ အခန်း(၂၀၁)၊ ပုလဲမွန်အိမ်ရာ၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၉၁၇၂၆၀၇၊ ၀၉-၄၄၈၀၂၅၈၃၇**



### အများသိစေရန် ကြော်ငြာခြင်း

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ ဗညားဒလလမ်း၊ အမှတ်(၃၆၂)၊ (၈)လွှာနေ ဒေါ်သဇင်ဦး[၁၂/တမန(နိုင်)၁၁၄၈၂၆]သည် ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ (က+ဂ)ရပ်ကွက်၊ ၁၅၇-လမ်း၊ အမှတ်(၁၁၉/က)၊ အကျယ်အဝန်း(၂၅ပေ x ၅၀ပေ)၊ မြူနီစံပယ်အခွန်အမှတ်(၁၃၂/၆၃၄) ဖြင့်ရှိသည့် မြေကွက်၏အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အရပ်စာချုပ်အဆက်စပ်များနှင့် ပိုင်ဆိုင်ကြောင်းတင်ပြ၍ ကာလတန်ဖိုးတစ်ရပ်ဖြင့် ရောင်းချရန်အဆိုပြုရာတွင် ကျွန်ုပ်၏မိတ်ဆွေ ဦးဇော်မြင့်[၁၂/ပဘတ(နိုင်)၀၀၁၇၄၄]မှလည်း ဝယ်ယူရန် သဘောတူညီပါသဖြင့် (၁၈-၁၂-၂၀၂၂)ရက်နေ့တွင် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါသဖြင့် မည်သူမဆို ကန့်ကွက်ရန်ရှိပါက (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားများ တင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက အရောင်းအဝယ် အပြီးသတ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမောင်မောင်အေး**
**အထက်တန်းရှေ့နေ၊ စဉ်-၁၉၁၂၁ (၃၀-၆-၂၀၀၄)**
**အမှတ်(၂၂၄၈/ခ)၊ ဇေယျဝတီ(၇)လမ်း၊ (၁၂)ရပ်ကွက်၊ သာကေတ၊ ရန်ကုန်မြို့။ Ph-09-43073318**


# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဦးထိပ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂× ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကသုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉.၀၀ | ၇၂၀ ဆူ | ၅၁၉ ဆူ | ၂၀၁ ဆူ |
| ၂။ | သာသနာ့ဗိမာန်တော်(သိမ်တော်ကြီး)(၂၈၀× ၂၀၅)ပေ | ၆၀၀၀၀ | ၁ လုံး | ၁၉၀၀၀ သိန်း | ၄၁၀၀၀ သိန်း |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅.၀၀ | ၁၈ ခု | ၁ ခု | ၁၇ ခု |
| ၄။ | High Mast မီးတိုင်(၂၀ မီတာ) ၁ တိုင်လျှင် | ၄၉၄.၀၀ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၅။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂.၀၀ | ၂၀၀ ခန်း | ၉ ခန်း | ၁၉၁ ခန်း |
| ၆။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁.၀၀ | ၄၅၅ ခန်း | ၆၉ ခန်း | ၃၈၆ ခန်း |
| ၇။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅.၀၀ | ၅၀ တိုင် | ၄၉ တိုင် | ၁ တိုင် |
| ၈။ | လမ်းမီးတိုင်(၉ မီတာ) ၁ တိုင်လျှင် | ၁၀.၀၀ | ၁၈၀ တိုင် | ၁၈၀ တိုင် | - |
| ၉။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇.၀၀ | ၆၅၂ ခု | ၁၂၆ ခု | ၅၂၆ ခု |
| ၁၀။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၄.၇၀ | ၂၁၁၉.၅၃ ကျင်း | ၆၈ ကျင်း | ၂၀၅၁.၅၃ ကျင်း |
| ၁၁။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၄.၁၀ | ၂၁၈.၁၄ ကျင်း | ၂၆ ကျင်း | ၁၉၂.၁၄ ကျင်း |
| ၁၂။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၃.၆၀ | ၅၉၁၀.၆၆ ကျင်း | ၂၃ ကျင်း | ၅၈၈၇.၆၆ ကျင်း |
| ၁၃။ | ကြွေပြား ၁ ကျင်းနှုန်း | ၂.၀၀ | ၁၇၃၆.၀၈ ကျင်း | ၃၀၄ ကျင်း | ၁၄၃၂.၀၈ ကျင်း |

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁၄။ | မုစလိန္ဒအိုင် | ၂၂၅၆၀.၀၀ | ၁ | ၅၃၂၈ သိန်း | ၁၇၂၃၂ သိန်း |
| | (က) မုစလိန္ဒအိုင်ရေကန်လုပ်ငန်း | ၆၇၁၀.၅၉ | ၁ | - | ၁ |
| | (ခ) မုစလိန္ဒအိုင်အဝင်မုခ်ဦးတည်ဆောက်ခြင်း | ၃၆၀၆.၃၆ | ၁ | - | ၁ |
| | (ဂ) မုစလိန္ဒအိုင်အတွင်းအပြင်ပတ်လမ်းရင်ပြင်ကွန်ကရစ်ခင်းလှေကားများပြုလုပ်ပေးခြင်း | | | | |
| | ၁။ အရှေ့ဘက်အပိုင်း(၃၇၉၉ စပေ) | ၁၇၁၁.၈၅ | ၁ | - | ၁ |
| | ၂။ အနောက်ဘက်အပိုင်း(၃၇၉၉ စပေ) | ၁၇၁၁.၈၅ | ၁ | - | ၁ |
| | ၃။ တောင်ဘက်ရင်ပြင်(၆၄၈၂ စပေ) | ၂၅၉၄.၂၆ | ၁ | - | ၁ |
| | ၄။ မြောက်ဘက်ရင်ပြင်(၅၅၅၂ စပေ) | ၂၂၃၆.၄၀ | ၁ | - | ၁ |
| | (ဃ) စကျင်ကျောက်ပြားခင်းခြင်း(၃၁၇.၆၅ ကျင်း) | ၄.၇၀ | ၃၁၇.၆၅ | - | ၃၁၇.၆၅ |
| | (င) ရေကန်ပတ်လည် ကနုတ်သံပန်းလက်ရန်းတပ်ဆင်ခြင်း | ၁၇.၀၀ | ၄၇ | - | ၄၇ |
| | (စ) အတွင်း/အပြင် မီးနှင့်အပြင်ရေဆက်သွယ်ခြင်း | | | | |
| | ၁။ အတွင်း/အပြင် မီးဆက်သွယ်ခြင်း | ၄၆၆.၁၂ | ၁ | - | ၁ |
| | ၂။ အပြင်ရေဆက်သွယ်ခြင်း | ၆၅၈.၃၄ | ၁ | - | ၁ |
| ၁၅။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ × ၁၇၆ ပေ) | ၁၉၃.၀၀ | ၈၂ ခု | - | ၈၂ ခု |
| ၁၆။ | ပိဋကသုံးပုံကျမ်းစာအုပ်များ(မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ မျက်နှာစီပါ)လှူဒါန်းနိုင်ရေး [၅၃ ကျမ်း(၄၀ အုပ်)]တစ်စုံလျှင် | ၁၂.၀၀ | ၅၀၀ စုံ | ၃၁၂ စုံ | ၁၈၈ စုံ |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅**

**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**

## (၂၅)နှစ်ပြည့် လွမ်းဆွတ်သတိရခြင်း

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဒုတိယဗိုလ်ချုပ်ကြီး စိန်အောင်(ငြိမ်း)

တုနှိုင်းမမီသော အနန္တကျေးဇူးရှင် ဖခင်ကြီး ကွယ်လွန်ခဲ့တာ ယနေ့ (၉-၁-၂၀၂၃)နေ့မှာ (၂၅)နှစ်တိတိ ပြည့်ခဲ့ပါပြီ။ ကြီးမားလှသော ဖေဖေရဲ့ ကျေးဇူးတရားများကို ယနေ့ထက်တိုင် တစ်နေ့မှ မေ့မရပါ။ ပေးဆပ်၍ မကုန်နိုင်တဲ့ ဖေဖေရဲ့အေးမြလှသော မေတ္တာတရား ကျေးဇူးများကို ရည်စူးပြီး နေ့စဉ်၊ လစဉ်၊ နှစ်စဉ် ပြုလုပ်ခဲ့သည့် အလှူဒါနများ၊ ယနေ့(၂၅)နှစ်ပြည့်မှာ နှင်းဆီကုန်းဘိုးဘွားရိပ်သာနှင့် သဃ်္ဃန်းကျွန်းရတနာပုံရိပ်ငြိမ်ဘုန်းတော်ကြီးသင် ပညာရေးကျောင်းတွင် ပြုလုပ်သည့် အလှူဒါန၊ ကောင်းမှုကုသိုလ်အစုစုများကို ဖေဖေ့အား အမျှပေးဝေပါသည်။ မြင့်မြတ်အေးချမ်းလှသော ဘုံဘဝမှာ သာစုခေါ်ပါ ဖေဖေ . . . . .

**ချစ်ဇနီး သီရိသုဓမ္မသိင်္ဂီဒေါ်ခင်သိန်းနှင့်**
**ချစ်သားသမီး၊ မြေးတစ်စု**

## ဦးမျိုးညွန့်
### စိုက်ပျိုးရေး(ဝယ်/ဖြန့်)(ငြိမ်း)
### အသက်(၈၄)နှစ်

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ ထန်းတပင်မြို့နယ်နေ (ဦးဘသိန်း-ဒေါ်လှရင်)တို့၏သား၊ ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်နေ (ဦးသိန်းဖေ-ဒေါ်သိန်းရင်)တို့၏သားသမက်၊ ဒေါ်ခင်ခင်ရီ၏ခင်ပွန်း၊ (ဦးစိန်လှမြင့်) -ဒေါ်ခင်စန်းကြည်၊ ဒေါ်သန်းသန်းဌေး-(ဦးလှမင်း)၊ ဦးအောင်ကြီး-ဒေါ်ဝင်းမေအောင်၊ ဦးဇော်မင်း-ဒေါ်မိုးမိုးစံတို့၏ ချစ်လှစွာသော မွေးသဖခင်၊ မြေး ငါးယောက်၊ မြစ်တစ်ယောက်တို့၏ ဘိုးဘိုးကြီးသည် ၇-၁-၂၀၂၃ (စနေနေ့) နံနက်၁၁:၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

**ကျန်ရစ်သူမိသားစု**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၉/A)၊ ဦးဘဝင်းလမ်း၊ မြေကွက်အမှတ်(၂၈၄)ဟုခေါ်တွင်သော (အလျား ၄၀ပေx အနံ၆၀ပေ)အကျယ်အဝန်းရှိ ဦးစိန်တင့်(CG-၀၄၀၁၈၂)အမည်ပေါက် နှစ်(၆၀) ဂရန်မြေကွက်၏ တရားဝင်မခွဲစိတ်ရသေးသော ခြေရင်းဘက်ခြမ်း၊ မြေကွက်အမှတ်(၂၈၁)နှင့်ကပ်လျက်ဘက်ခြမ်း (အလျား၂၀ပေxအနံ၆၀ပေ)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို အရပ်အရောင်းအဝယ်ကတိစာချုပ်အဆက်စပ်ဖြင့် လက်ရှိဝယ်ယူပိုင်ဆိုင်ထားသူ ဦးကျော်မြတ်သူ[၁၂/မရက(နိုင်)၁၃၉၉၄၀]မှ ဥပဒေနှင့်အညီ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုပြောဆိုလာရာ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင်လွှဲပြောင်း ဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ ၎င်းအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးမောင်မောင်ချစ်(စလင်း) LL.B** — **ဒေါ်မိုးယုနွယ်**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၇၄၇)** — **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၉၂၄)**
**Ph-09-954280932** — **LL.B, D.B.L, D.I.L, D.M.L**
**အမှတ်(၈၁)၊ တကောင်း(၅)လမ်း၊** — **WIPO(Switzerland)**
**(၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။** — **Ph:09-420080932, 09-977402677**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့နယ်၊ ဘုရားကုန်းကျေးရွာ၊ ဘုရားကုန်းမြို့ပြကွက်သစ်၊ အဆင့်(၂)၊ မြေကွက်အမှတ်-၁၄၁၈ နှင့် မြေကွက်အမှတ်-၁၄၃၆ တစ်ကွက်လျှင် (၄၀ပေx၆၀ပေ)၊ ပါမစ်မြေကွက် (၂)ကွက်အား မူလပါမစ်အမည်ပေါက် ဦးဟိန်းစည်အောင်ထံမှ ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး တရားဝင်ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြု ပြောဆိုသူ ဦးဇော်ဝမ်း [၇/ဇကန(နိုင်)၀၃၀၉၈၃]ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတချို့ပေးချေထားပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော ပိုင်ဆိုင်မှု မူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ ဤကြော်ငြာစာပါသည့်နေ့မှ(၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပြီး ကန့်ကွက်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသန်းထွန်းလွင်(အထက်တန်းရှေ့နေ)(စဉ်-၁၇၅၆၉/၁၉၈၉)**
**အမှတ်(၈)၊ ကျီးပင်လမ်း၊ မြို့သစ်အရှေ့ရပ်ကွက်၊ သန်လျင်မြို့။**
**ဖုန်း-၀၉-၅၁၀၇၀၈၃**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့နယ်၊ ဘုရားကုန်းကျေးရွာ၊ ဘုရားကုန်းမြို့ပြသစ်ကွက်၊ အဆင့်(၁)၊ မြေကွက်အမှတ်-၁၆၁၂ စလစ်ကွက်(ပါမစ်မြေအမျိုးအစား)(၄၀ပေx၆၀ပေ) မြေကွက်နှင့် နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား မူလစလစ်အမည်ပေါက်ပိုင်ရှင် ဦးဝင်းရွှေထံမှ ဆက်စပ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး တရားဝင်ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်ခင်မျိုးလှိုင် [၁၂/ဗဟန(နိုင်)၀၇၈၆၄၃] ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတ ချို့ပေးချေထားပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော ပိုင်ဆိုင်မှုမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ ဤကြော်ငြာစာပါသည့်နေ့မှ(၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပြီး ကန့်ကွက်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသန်းထွန်းလွင်(အထက်တန်းရှေ့နေ)(စဉ်-၁၇၅၆၉/၁၉၈၉)**
**အမှတ်(၈)၊ ကျီးပင်လမ်း၊ မြို့သစ်အရှေ့ရပ်ကွက်၊ သန်လျင်မြို့။**
**ဖုန်း-၀၉-၅၁၀၇၀၈၃**

## "အများသိစေရန် အသိပေးကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အောင်ချမ်းသာတိုးချဲ့(၂) ရပ်ကွက်၊ မြေကွက်အမှတ်(၁၁၆၃)ဟုခေါ်တွင်သော အကျယ်အဝန်း အလျား (၄၀)ပေ x အနံ(၆၀)ပေရှိသောအိမ်ခြံမြေနှင့် ၎င်းအိမ်ခြံမြေတွင် ဆောက်လုပ်ထားသည့်အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ရှိပိုင်ဆိုင်သော ဒေါ်ခင်မာအေး[၁၂/လမန(နိုင်)၁၁၁၃၀၆]မှ ရောင်းချလိုကြောင်း ကမ်းလှမ်းလာ၍ ကျွန်ုပ်၏မိတ်ဆွေ ဦးဆန်းဦး[၁၂/လကန(နိုင်)၁၅၃၈၈၇]မှ အရောင်းအဝယ်တန်ဖိုး၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ရာ အဆိုပါအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားမူရင်းများဖြင့် (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့် အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်လှိုင်သိန်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၇၂၂) (၂၆-၃-၂၀၁၄)**
**အမှတ်(၈)၊ K-4၊ (၇)လမ်း၊ ဘိုးလိန်းအောင်မင်္ဂလာရပ်ကွက်၊**
**တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၁၄၃၇၄၁**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂)၊ ဗိုလ်ဗစိုးလမ်း၊ မြေကွက်အမှတ်(၃၉၃)ဟုခေါ်တွင်သော (အလျား ၄၂/၄၄ပေx အနံ၆၁/၆၃ပေ)အကျယ်အဝန်းရှိ ဦးကျော်ဝင်း(ISN-၅၅၄၇၇၆)အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်၏ တရားဝင်မခွဲစိတ်ရသေးသော ခြေရင်းဘက်ခြမ်း၊ မြေကွက်အမှတ်(၃၉၂)နှင့်ကပ်လျက်ဘက်ခြမ်း ပေ(အလျား၂၀xအနံ၆၁/၆၃) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို အရပ်အရောင်းအဝယ်ကတိစာချုပ်ဖြင့် လက်ရှိဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်ခင်မိုးအေး [၁၂/ဒဂမ(နိုင်)၀၂၅၁၀၄]မှ ဥပဒေနှင့်အညီ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုပြောဆိုလာရာ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင်လွှဲပြောင်း ဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ ၎င်းအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးမောင်မောင်ချစ်(စလင်း) LL.B** — **ဒေါ်မိုးယုနွယ်**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၇၄၇)** — **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၉၂၄)**
**Ph-09-954280932** — **LL.B, D.B.L, D.I.L, D.M.L**
**အမှတ်(၈၁)၊ တကောင်း(၅)လမ်း၊** — **WIPO(Switzerland)**
**(၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။** — **Ph:09-420080932, 09-977402677**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ သာခုအနောက်ရပ်ကွက်၊ သာခုလမ်း၊ တိုက်အမှတ်(၃၆)၊ အခန်းအမှတ်(B-7)၊ (၇)လွှာ၊ (အလျား၆၀ပေx အနံ၁၆ပေ)အကျယ်အဝန်းရှိသည့် ကိုယ်ပိုင်မီတာ၊ ရေ၊ မီးအစုံပါ တိုက်ခန်းနှင့် အကျိုးခံစားခွင့် အရပ်ရပ်တို့ကို ပိုင်ဆိုင်သူ ဦးသန်းနိုင်[၁၀/ကထန(နိုင်)၀၉၄၇၅၇]ထံမှ ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန် စရန်ငွေပေးပြီး ဖြစ်ပါသည်။ အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့် နေ့မှ(၇)ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသန်းထွန်း(ဟသ်ာတ)(LL.B, D.B.L, D.A.Psy)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၁၃၀)**
**တိုက်(၇)၊ အခန်း(၄၀၂)၊ မဏိစန္ဒာလမ်းသွယ်(၂)၊ ကျန်စစ်မင်းအိမ်ရာ၊**
**လှိုင်သာယာအရှေ့ပိုင်းမြို့နယ်။ Ph-09-698846963, 09-443013523**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၉)ရပ်ကွက်၊ ကမ္ဘာအေးစုပေါင်းအိမ်ရာ၊ တိုက်အမှတ်(၄)၊ အခန်းအမှတ်(၅၀၂)၊ ပဉ္စမထပ်ဟုခေါ်တွင်သည့် အကျယ်(၂၅x၃၅)ပေရှိ တိုက်ခန်းအပါအဝင် ယင်းတိုက်ခန်းနှင့် ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ရှိပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဒေါ်တင်ရတနာထွဋ် [၁၂/ရပသ(နိုင်) ၀၉၉၂၁၈]ထံမှ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ယနေ့မှစ၍(၁၄) ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဝင်းအောင်(LL.B,D.M.L,D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၁၅၆)**
**ဖုန်း-၀၉-၄၂၁၁၂၃၃၇၁**

## ဝမ်းနည်းကြေကွဲခြင်း

ဦးဘကျော်၊ ဒေါ်ခင်ညွန့်တို့၏ တတိယသမီး ဒေါ်မူမူခင် (မဟာဂီတပညာရှင်) အသက်(၇၉)နှစ် ကွယ်လွန်ကြောင်းကြားသိရသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းရပါကြောင်း။

**ဦးမြင့်ကြည်(မြန်မာစာ)မိသားစု**


## သင့်
## သွေးဖြင့်
## အသက်ကယ်ပါ


## "ကန့်ကွက်နိုင်ပါသည်"

ရန်ကုန်တိုင်းဒေသကြီး ၊ မရမ်းကုန်းမြို့နယ် ၊ ဦးထွန်းငြိမ်းလမ်း၊ DIAMOND INYA PALACE CONDOMINIUM၊ Level-( 16 ), Room No.( 16-12 ), Room Type( B3-3 ), ဧရိယာ( ၁၅၀၃ ) စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းနှင့်တကွတပ်ဆင်ပါရှိသော အကျိုးခံစားခွင့်အရပ်ရပ်တို့အား တရားဝင်လက်ဝယ်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူများဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဦးပြည့်ဖြိုးအောင် ( ၁၃/တကန(ညဲ့)၀၀၁၅၉၇ )နှင့် ဒေါ်နှင်းလဲ့အောင်( ၁၂/လသန(ညဲ့)၀၀၁၅၁၆ )တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ သို့ပါ၍ အဆိုပါကွန်ဒိုတိုက်ခန်းနှင့်တိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍ဆိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြေညာချက်ပါသည့်နေ့မှစ၍( ၁၄ )ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်တို့ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်နေ့အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

| အထက်တန်းရှေ့နေ | တရားလွှတ်တော်ရှေ့နေများ | |
|---|---|---|
| ဒေါ်အင်ကြင်းမိုမို | ဒေါ်မိုးမိုးအေး | ဒေါ်တင်ဇာနည်နေဝင်း |
| (LL.B,D.B.L) | (LL.B,D.B.L,D.M.L,D.I.L)(စဉ် ၈၅၅၈) | (LL.B,D.I.L)(စဉ် ၉၅၇၃) |
| (စဉ် ၄၆၅၄၉) | WIPO,DL.101Switzerland | DL-101(WIPO)Geneva |

☎ -09799991090, 09799991095, 09775560071, 09775560072
တိုက်အမှတ်(၃၈)၊ အခန်းအမှတ်(၃၀၁)၊ ၃လွှာ၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃၀)၊ မြေကွက်အမှတ်(၁၃၄၂)ဟုခေါ်တွင်သော မြေဧရိယာ(အလျား၄၀ပေ x အနံ၆၀ပေ)ရှိ ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို ဦးလှမျိုးနိုင်[၈/မကန(နိုင်)၁၂၈၇၉၃]က တရားဝင်ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုလျက်ရောင်းချရန် ကမ်းလှမ်းသည်ကို ကျွန်ုပ်မိတ်ဆွေ ဒေါ်စုစုမွန်[၅/ခဥတ(နိုင်)၀၆၈၇၄၈]က အပြီးအပိုင်ဝယ်ယူရန် (၆-၁-၂၀၂၃)ရက်နေ့က နှစ်ဦးသဘောတူမြေကွက်အရောင်းအဝယ်စာချုပ်ချုပ်ဆို၍ ရောင်းဖိုးငွေအပြည့်အဝပေးချေကာဝယ်ယူ၍ မြေကွက်ကို အလွတ်လက်ရောက်ရရှိပြီးဖြစ်ရာ ယင်းမြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့နှင့်ပတ်သက်၍ ဒေါ်စုစုမွန်တစ်ဦးတည်းသာလျှင် လက်ဝယ်ပိုင်ဆိုင်ပြီး တရားဝင်စီမံခန့်ခွဲပိုင်ခွင့်ရှိပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်စုစုမွန်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်တင်မိုးမြတ်(LL.B, D.I.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၅၈၁/၁၈)**
**အမှတ်(၇/၃၁)၊ သတိပဋ္ဌာန်လမ်း၊ တညင်းကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၇၂၄၉၇၄၂၉**

## "စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့နယ်၊ မင်းကျောင်းကျေးရွာအုပ်စု၊ အမှတ်(၁၀)၊ သူဇာတိုးချဲ့ရပ်ကွက်၊ ဦးပိုင်အမှတ်-၁၀၀၉ᵉ/၄၊ မြေကွက်အမှတ်-၂၈၁၀၊ အကျယ်အဝန်း(၀.၀၆၀)ဧကရှိ ဦးတင်ထွန်းဦး အမည်ပေါက် နှစ်(၃၀) မြေပိုင်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား အရောင်းအဝယ်ပြုလုပ်ခြင်းကိုကန့်ကွက်နိုင်ပါကြောင်း"

အထက်ရည်ညွှန်းလိပ်စာပါ မြေကွက်နှင့်အကျိုးခံစားခွင့်အရပ်ရပ်ကို အမည်ပေါက်ထံမှ အရပ်ကတိဆက်စပ်စာချုပ်များဖြင့် ဝယ်ယူထားသူ ဦးထက်ဦးလှိုင် [၅/ရဘန(နိုင်)၁၅၂၃၃၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်အေးနန်းဝေ[၅/ခဥန(နိုင်)၀၈၇၉၁၈]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက တိကျခိုင်လုံသော အထောက်အထားစာရွက်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှ(၇) ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်အေးနန်းဝေ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝင်းဝင်းခိုင်(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၁၇)**
**အမှတ်(၂၃၈)၊ မာန်ပြေ(၆)လမ်းအရှေ့၊ ၃/ရပ်ကွက် သာကေတမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၃၀၆၅၉၃၉**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၇)ရပ်ကွက်၊ ကျောင်းကုန်း(၁)လမ်း၊ အမှတ်(၃၁)၊ တတိယထပ်(ဘီ)၊ အကျယ်ပေ(၁၂x ၅၀)ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းအတွင်းရှိ ရေ၊ မီးအကျိုးခံစားခွင့်အရပ်ရပ်တို့အား ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်ပိုးအိဖြူ [၎င်းကိုယ်စားညီမ ဒေါ်နှင်းဟေမာန်ထွန်း[၅/ဒပယ(နိုင်)၀၈၀၃၃၀]ထံက ကျွန်ုပ်မိတ်ဆွေ ဦးကိုကိုအောင် [၈/ဂဂန(နိုင်)၀၈၃၆၆၆]မှ ဝယ်ယူရန် (၈-၁-၂၀၂၃)နေ့က စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါတိုက်ခန်းနှင့် ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိသူများမှ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်မိတ်ဆွေထံသို့ဖြစ်စေ အထောက်အထားစာရွက်စာတမ်းမူရင်းများဖြင့် ကန့်ကွက်နိုင်ပါကြောင်း အသိပေးအပ်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ-**
**ဦးကိုကိုအောင်**
**[၈/ဂဂန(နိုင်)၀၈၃၆၆၆]**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မြသက်ဝေ**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၀၆၉) (၁၄-၂-၂၀၁၇)**
**အမှတ်(၈၂)၊ မာလာမြိုင်(၇)လမ်း၊ (၁၆)ရပ်ကွက်၊**
**လှိုင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၀၈၈၆၄၁**


## အပြင်ထွက်တိုင်း

## ပါးစပ်နှင့် နှာခေါင်းစည်း

## (MASK) ကို

## စနစ်တကျ မပျက်မကွက် တပ်ဆင်ပါ

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**
(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး
(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး
(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**
(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**
(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

**❖ နိုင်ငံတော်အစိုးရက လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်မှုအတွက် စိုက်ပျိုးရေပေးဝေမှုလုပ်ငန်းများကို စဉ်ဆက်မပြတ်ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိရာတွင် တောင်သူလယ်သမားများအနေဖြင့်လည်း "ပူးပေါင်းပါဝင်ဆည်မြောင်းစနစ်" ဆိုသည့် စကားရပ်နှင့်အညီ လယ်ယာကဏ္ဍနှင့် တောင်သူတို့၏ လူမှုစီးပွားဘဝမြှင့်တင်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းပါဝင်ဆောင်ရွက်ကြရန်လိုအပ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၂ခုနှစ်၊ ဩဂုတ်လ ၂၆ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပူးပေါင်းပါဝင်ဆည်မြောင်းစနစ်ဖြင့် လယ်ယာကဏ္ဍနှင့် တောင်သူတို့၏ လူမှုစီးပွားဘဝမြှင့်တင်ရေးဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

# ရန်ကုန်တိုင်းဒေသကြီးတွင် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် နွေစပါးနှင့် ပဲတီစိမ်းစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်

ရန်ကုန် ဇန်နဝါရီ ၈

ရန်ကုန်တိုင်းဒေသကြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်မှုနှင့်အညီ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် နွေစပါးနှင့် ပဲတီစိမ်းစီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

စာမျက်နှာ ၂၇ ကော်လံ ၁ သို့ ✪






# မြန်မာနောက်ခံလူ ဇော်မင်းထွန်း မလေးရှားကလပ်သို့ ပြောင်းရွှေ့

ရန်ကုန် ဇန်နဝါရီ ၈

မြန်မာနောက်ခံလူ ဇော်မင်းထွန်းသည် မလေးရှားကလပ် ပီနန်းအသင်းသို့ တစ်ရာသီစာချုပ်ဖြင့် ပြောင်းရွှေ့ကစားမည်ဖြစ်သည်။

**ပြောင်းရွှေ့ကစားခဲ့**

ဇော်မင်းထွန်းသည် ပြီးခဲ့သည့်နှစ်တွင် ထိုင်းလိဂ်-၁ ကလပ် ချောင်ဘူရီအသင်းသို့ ပြောင်းရွှေ့ကစားခဲ့သော်လည်း ပထမအကျော့အပြီးတွင် နှစ်ဦးသဘောတူလမ်းခွဲကာ မလေးရှားကလပ်သို့ ပြောင်းရွှေ့ခဲ့ခြင်းဖြစ်သည်။ ဇော်မင်းထွန်းသည် ၂၀၁၉ ခုနှစ်တွင် ပြည်ပကလပ်များသို့ စတင်ပြောင်းရွှေ့ခဲ့ပြီး ထိုင်းကလပ်များတွင်သာ ကစားခဲ့သော်လည်း ပထမဆုံးအကြိမ်အဖြစ် မလေးရှားကလပ်တွင် သွားရောက်ကစားခြင်းဖြစ်သည်။

စာမျက်နှာ ၂၇ ကော်လံ ၅ သို့ ◯

## AFF Cup ပြိုင်ပွဲ ဆီမီးဖိုင်နယ် ဒုတိယအကျော့ပွဲစဉ်များ ဇန်နဝါရီ ၉ ရက်နှင့် ၁၀ ရက်တို့တွင် ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၈

2022 AFF Cup ပြိုင်ပွဲ ဆီမီးဖိုင်နယ် ဒုတိယအကျော့ပွဲစဉ်များကို ဇန်နဝါရီ ၉ ရက်နှင့် ၁၀ ရက်တို့တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး ဗိုလ်လုပွဲတက်ရောက်ရေး အဆုံးအဖြတ် ခံယူရမည်ဖြစ်သည်။

**အခွင့်အရေးကိုယ်စီရှိနေ**

ပထမအကျော့ ပွဲစဉ်များတွင် ပြတ်သားသည့်ရလဒ် မထွက်ပေါ်သဖြင့် ဒုတိယအကျော့ နှစ်ပွဲစလုံး အရေးပါနေပြီး လေးသင်းစလုံး အခွင့်အရေးကိုယ်စီရှိနေခြင်းဖြစ်သည်။ ဆီမီးဖိုင်နယ် ဒုတိယအကျော့အဖြစ် ဇန်နဝါရီ ၉ ရက်

စာမျက်နှာ ၂၇ ကော်လံ ၁ သို့ ❖



အိမ်ကွင်းလက်ခံကစားရမည့် ဗီယက်နမ်အသင်း။

**ယနေ့ ဖတ်စရာ**

**တစ်ပိုင်တစ်နိုင် လက်မှုလုပ်ငန်းမှသည် စက်မှုလုပ်ငန်းဆီသို့ ဦးတည်ဆောင်ရွက်နေသည့် စလင်းမြို့ ဝက်သည်းကန်မှ ထွက်ရှိသော ကြာချည်ထုတ်လုပ်ငန်း**
ဆောင်းပါး စာမျက်နှာ » ၁၇

**ရှစ်ပွဲဆက်တိုက်နိုင်ပွဲရရှိမှုနဲ့အတူ ဂျူဗင်တပ်အသင်း စီးရီးအေ အမှတ်ပေးဇယား ဒုတိယနေရာ တက်လှမ်း**
စာမျက်နှာ » ၂၅

**ခါတစ်ခေါက် လာရောက်လည်ပတ်စေချင် စစ်ကိုင်းတစ်ခွင်**
ဆောင်းပါး စာမျက်နှာ » ၂၆